# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

**ဆင်းရဲဒုက္ခတို့ မကျရောက်**

အမျက် 'ဒေါသ' ကိုစွန့်ရာ၏။ မာနကို ပယ်ရာ၏။ သံယောဇဉ်မှန်သမျှကို ကျော်လွန်ရာ၏။ နာမ်ရုပ်၌ မငြိတွယ် မကြောင့်ကြသူထံသို့ ဆင်းရဲဒုက္ခတို့သည် မကျရောက်ကုန်။

ကောဓဝဂ်(ဓမ္မပဒ-၂၂၁)

၁၃၈၄ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၀ ရက် ၂၀၂၂ ခုနှစ်၊ ဧပြီ ၂၅ ရက်၊ တနင်္လာနေ့ အတွဲ (၆၁)၊ အမှတ် (၂၀၂)

## (၅၇) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ တတိယနေ့ဆက်လက်ကျင်းပ

နေပြည်တော် ဧပြီ ၂၄

(၅၇) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ တတိယနေ့ကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပသည်။

နံနက်ပိုင်းမှစတင်၍ ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များသည် မဏိရတနာကျောက်စိမ်းခန်းမအတွင်း ခင်းကျင်းပြသထားသည့် ပုလဲအတွဲများ၊ ကျောက်စိမ်း၊ ကျောက်မျက်အတွဲများနှင့် ခန်းမအပြင်ဘက် သတ်မှတ်နေရာများအလိုက် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို စိတ်ကြိုက်လေ့လာကြည့်ရှုကြသည်။

ယနေ့ပြပွဲတွင် ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များသည် ပြပွဲတွင် ရောင်းချမည့် ပုလဲအတွဲအမှတ် ၂၂၁ မှအတွဲအမှတ် ၃၃၀ အထိ ပုလဲအတွဲ ၁၁၀ ကို ကြည့်ရှုစစ်ဆေးကြပြီး ဈေးနှုန်းတင်သွင်းလွှာများကို တင်ဒါပုံးများအတွင်း ထည့်သွင်းကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁ ✻*



(၅၇) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ကျောက်စိမ်း၊ ကျောက်မျက်ရတနာများကို ရတနာကုန်သည်များ စိတ်ကြိုက်လေ့လာကြည့်ရှုစဉ်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ထူးခြားသည့် နေ့အပူချိန်များ

၂၄ - ၄ - ၂၀၂၂

| | | |
|---|---|---|
| မြင်းမူမြို့ | - | ၄၂ ဒီဂရီစင်တီဂရိတ် |
| မြင်းခြံမြို့ | - | ၄၂ ဒီဂရီစင်တီဂရိတ် |
| ချောက်မြို့ | - | ၄၂ ဒီဂရီစင်တီဂရိတ် |
| ဂန့်ဂေါမြို့ | - | ၄၂ ဒီဂရီစင်တီဂရိတ် |
| ကလေးဝမြို့ | - | ၄၁ ဒီဂရီစင်တီဂရိတ် |
| ညောင်ဦးမြို့ | - | ၄၁ ဒီဂရီစင်တီဂရိတ် |
| တံတားဦး (လေကြောင်းမိုးလေဝသ) | - | ၄၁ ဒီဂရီစင်တီဂရိတ် |
| မင်းဘူးမြို့ | - | ၄၁ ဒီဂရီစင်တီဂရိတ် |
| မကွေးမြို့ | - | ၄၁ ဒီဂရီစင်တီဂရိတ် |
| အောင်လံမြို့ | - | ၄၁ ဒီဂရီစင်တီဂရိတ် |
| ဘော်လခဲမြို့ | - | ၄၁ ဒီဂရီစင်တီဂရိတ် |

ယနေ့ ဖတ်စရာ

**ဝါးလက်မှုထုတ်ကုန်ဖြင့် ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်ခုစီမံချက်ကို အကောင်အထည်ဖော်နေသည့် ကော့မှူးမြို့နယ်** ဆောင်းပါး စာ - ၆





**ခရီးသွားကန့်သတ်ချက်တွေ ဖြေလျှော့ပေးမှုနဲ့အတူ နိုင်ငံရဲ့ ခရီးသွားကဏ္ဍ ပြန်လည်နိုးထသက်ဝင်လာတဲ့ ဖိလစ်ပိုင်** နိုင်ငံတကာသတင်း စာ - ၁၄

# ငါး ပုစွန် သယံဇာတ ထာဝရတည်တံ့စေရန်

ရေချို ရေငန် ငါး ပုစွန်များ မျိုးမတုံးစေရေးအတွက် ၎င်းတို့၏ မိတ်လိုက်ချိန်နှင့် မျိုးပွားရာသီချိန်ကာလများတွင် ဖမ်းဆီးခြင်း၊ ဝယ်ယူစုဆောင်းခြင်း မပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနက တားမြစ်ထားသည်။ မြန်မာနိုင်ငံတွင် ကုန်းတွင်းပိုင်း မြစ်ချောင်း အင်းအိုင်များ၌ ရေချိုငါးလုပ်ငန်းများနှင့် ပင်လယ်ပြင်ကမ်းနီး ကမ်းဝေး ရေငန်ငါးလုပ်ငန်းများရှိရာ ငါး ပုစွန်များ ရေရှည် ထုတ်လုပ်စားသုံးနိုင်ရေးအတွက် အလွန်အကျွံဖမ်းဆီးမှုများ မဖြစ်အောင် ထိန်းသိမ်းဆောင်ရွက်ရန် လိုအပ်သည်။

ငါးပုစွန်များ အပါအဝင် သဘာဝသယံဇာတများမှာ လူသားတို့အတွက် သဘာဝတရားကြီးကပေးအပ်ထားသည့် လက်ဆောင်မွန်များသဖွယ်ဖြစ်သော်လည်း အလွန်အကျွံထုတ်ယူသုံးစွဲခြင်းဖြင့် ကုန်ခန်းသွားသည့်အဖြစ်သို့ ရောက်ရှိမသွားစေရန် ကောင်းစွာ စီမံခန့်ခွဲဖို့ လိုအပ်သည်။ မိမိတို့နိုင်ငံတွင် ကုန်းတွင်းပိုင်းရှိ ရေချို ငါးလုပ်ငန်းများတွင်ရော ပင်လယ်ကမ်းနီးကမ်းဝေး ရေငန်ငါး လုပ်ငန်းများတွင်ပါ တရားမဝင်နည်းလမ်းများဖြင့် စည်းကမ်းမဲ့စွာ ငါးဖမ်းဆီးမှုများကြောင့် သဘာဝသယံဇာတ သားငါးများ လျော့နည်းကျဆင်းလျက်ရှိသည်။ မြန်မာနိုင်ငံတွင် တစ်ချိန်က ပေါများစွာ တည်ရှိခဲ့သည့် ငါးသလောက်ငါးမျိုးမှာ မျိုးတုံးလု အခြေအနေသို့ ရောက်ရှိနေသည့်အတွက် ထိန်းသိမ်းရန် ဆောင်ရွက်နေရသည်။ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသရှိ တိုးမြစ်၊ ဘိုကလေးမြစ်၊ ပြာမလော့မြစ်၊ ရွှေးမြစ် စသည့်မြစ်များတွင် ငါးသလောက်ထိန်းသိမ်းရေးဘေးမဲ့နေရာများ သတ်မှတ်၍ ငါးသလောက် ပေါက်ပွားမှုနှုန်း တက်လာစေရန် ဆောင်ရွက် နေရခြင်းဖြစ်သည်။

ရေချို ရေငန် ငါးပုစွန်များ မိတ်လိုက်ရာသီနှင့် မျိုးပွားသည့် အချိန်များတွင် ဖမ်းဆီးစုဆောင်း၊ ရောင်းဝယ်တင်ပို့ခြင်း မပြုလုပ်ရန် ငါးလုပ်ငန်းဦးစီးဌာနက အသိပေးနှိုးဆော်ထားရာ ကျောက်ပုစွန်၊ ကင်းပုစွန်နှင့် ငါးလင်ပန်းတို့ကို ဇွန်လ ၁ ရက်နေ့မှ ဩဂုတ် ၃၁ ရက်နေ့အထိ၊ ကျောက်ငါးများကို ဇူလိုင်လ ၁ ရက်နေ့နှင့် စက်တင်ဘာလ ၃၀ ရက်နေ့အထိ၊ ရေချိုငါးအားလုံး မေလ ၁ ရက်နေ့မှ ဇူလိုင် ၃၁ ရက်နေ့အထိ၊ ရေငန်ပုစွန်များကို ဇွန်လ ၁ ရက်နေ့မှ ဩဂုတ်လ ၃၁ ရက်နေ့အထိ ဝယ်ယူစုဆောင်းခွင့်များ ပိတ်ထားရာ ညွှန်ကြားချက်များကို တာဝန်သိသိ လိုက်နာကြခြင်းအားဖြင့်သာ ငါးပုစွန်များ ပေါက်ပွားခွင့်ရနိုင်မည်ဖြစ်သကဲ့သို့ ငါးဖမ်းလုပ်ငန်းများဖြင့် အသက်မွေးဝမ်းကျောင်းမှုများလည်း ရေရှည်တည်တံ့နိုင်မည်ဖြစ်သည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနသည် ငါးသယံဇာတများ တိုးပွားလာရေး၊ ငါးမျိုးပြုန်းတီးမှု မဖြစ်ပေါ်စေရေး၊ သဘာဝရေပြင်များတွင် ငါးမျိုးများ စဉ်ဆက်မပြတ်တည်တံ့နေစေရေး၊ ပြည်သူများ ငါးစားသုံးမှု တိုးတက်မြင့်မားလာစေရေး ရည်ရွယ်ချက်များဖြင့် ဒေသခံပြည်သူများအား အသိပညာပေးခြင်း၊ ငါးမျိုးစိုက်ထည့်ခြင်းများကို ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရသည်။ ပင်လယ်ပြင်ကမ်းနီး ကမ်းဝေး ငါးဖမ်းလုပ်ငန်းများတွင်လည်း သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဖမ်းဆီးရေး၊ ငါးမဖမ်းရရာသီတွင် ငါးဖမ်းရေယာဉ်များ ပင်လယ်ပြင်ထွက် ဖမ်းဆီးခြင်းမပြုရေး တို့ကို ဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိသည်။

သဘာဝကပေးအပ်သည့် သယံဇာတများအားလုံးမှာ လူသားတို့အတွက် အဖိုးမဖြတ်နိုင်သကဲ့သို့ တစ်ဖက်တွင်လည်း အကန့်အသတ်နှင့်သာရှိသော ကုန်ခန်းသွားနိုင်သည့်အရာများ ဖြစ်သည်။ ငါး ပုစွန်များ မိတ်လိုက်သားပေါက်သည့်ရာသီတွင် မဖမ်းဆီးရေး တားမြစ်သည့်ကာလမှာ သုံးလသာဖြစ်ပြီး ယင်းကာလအတွင်း ငါး ပုစွန်များ မိတ်လိုက်ဥချ၊ သားပေါက်၊ ရှင်သန်ကြီးထွားကြခြင်းဖြင့် ငါး ပုစွန် ရှားပါးမျိုးတုံးတော့မည်မဟုတ်ဘဲ ရေရှည်တည်မြဲနိုင်မည်ဖြစ်သည်။ ငါး ပုစွန် သယံဇာတတို့ ထာဝရတည်ရှိခြင်းဖြင့်သာ လူသားတို့ အသက်မွေးဝမ်းကျောင်းရန်နှင့် စားသုံးရန် အခွင့်အလမ်းတို့ ထာဝရရှင်သန်နိုင်မည်ဖြစ်ပါကြောင်း။ ။

# ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော် လှူဒါန်း

**နေပြည်တော် မေ ၂၄**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။



ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ်ရှိ ကျီးသဲလေးထပ် ပညာရေးစင်တာသို့လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်ရှိ ပင်လုံတပ်ဦးပရိယတ္တိစာသင်တိုက်သို့ လည်းကောင်း၊ (ယာပုံ) တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ်ရှိ လယ်ဝိုင်းကျောင်းတိုက်သို့ လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်ရှိ ကုသိုလ်တော်ရိပ်သာ စာသင်တိုက်သို့လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်ရှိအောင်ချမ်းသာကျောင်းတိုက်သို့ လည်းကောင်း၊ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ အောင်မြေဘုံစံကျောင်းတိုက်သို့ လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်များကို တာဝန်ရှိသူများက သွားရောက်ဆက်ကပ် လှူဒါန်းကြကြောင်း သိရသည်။

**သတင်းစဉ်**

# နယ်စပ်ရေးရာဝန်ကြီးဌာနက နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်း

**နေပြည်တော် မေ ၂၄**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးအေးကိုနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဒက္ခိဏသီရိမြို့နယ် ရွှေပြည်တော်ဝင်သာမဏေကျော် ကျောင်းတိုက်ရှိ သံဃာတော်များ၊ စာသင်သားသာမဏေများအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ပဲနှင့် ကြက်ဥများ လှူဒါန်းသည်။



နယ်စပ်ရေးရာ ဝန်ကြီးဌာနအနေဖြင့် လတ်တလောဖြစ်ပွားလျက်ရှိသည့် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် နေပြည်တော်ကောင်စီနယ်မြေ အပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးရှိ သံဃာတော်များ ဆွမ်းကွမ်းအခက်အခဲမရှိစေရေး စာသင်တိုက်များသို့ လည်းကောင်း၊ ပရဟိတကျောင်းများသို့ လည်းကောင်း၊ စားနပ်ရိက္ခာများ ထောက်ပံ့ လှူဒါန်းလျက်ရှိသည့်အပြင် ဒေသအသီးသီးရှိ ကိုဗစ်-၁၉ စင်တာများသို့လည်း စားနပ်ရိက္ခာများ ထောက်ပံ့ကူညီပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ နေ့ဆွမ်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် မေ ၂၄**

တပ်မတော်(ကြည်း၊ရေ၊ လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများနှင့် စေတနာရှင် အလှူရှင်များက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ် လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်းနှင့် နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။



ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ် (တောင်ပိုင်း) ကျေးသီးမြို့ရှိ ဟော်ခမ်းကျောင်း၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် ပြည်အရှေ့ရပ်ကွက်ရှိ သာသနာ့တံခွန်ကျောင်းတိုက်၊ ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့ရှိ စွန်းလွန်းကျောင်း စာသင်တိုက်နှင့် စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့နယ် ပန်ဆောင်ကျေးရွာ ဘုန်းတော်ကြီးကျောင်းတို့မှ ဆရာတော်၊ သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ် လေးမျိုး၊ နဝကမ္မ အလှူငွေများ၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ၊ နေ့ဆွမ်းများနှင့် လှူဖွယ်ပစ္စည်းများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ဆက်ကပ် လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

* ရှေ့ဖုံးမှ

ထို့နောက် ပုလဲအတွဲပေါင်း ၃၃၀ အနက် အတွဲ အမှတ် ၂၂၁ မှ အတွဲအမှတ် ၃၃၀ အထိ ပုလဲ အတွဲ ၁၁၀ အတွက် တင်သွင်းထားသော ဈေးနှုန်းတင်သွင်းလွှာများကို တာဝန်ရှိသူများက တင်ဒါအမှတ် (၃) ကို မွန်းတည့် ၁၂ နာရီတွင် ဖွင့်ဖောက်စစ်ဆေးကာ ပုလဲအတွဲပေါင်း ၁၁၀ ကို ရောင်းချရကြောင်း ကြေညာသည်။

ယမန်နေ့ပြပွဲတွင် ပုလဲအတွဲ အမှတ် ၁ မှ အတွဲ အမှတ် ၂၂၀ ကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးခဲ့ရာ ပုလဲအတွဲပေါင်း ၂၂၀ ကို ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များကို ရောင်းချနိုင်ခဲ့သည်။



(၅၇) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ခင်းကျင်းပြသထားသည့် ကျောက်မျက်ရတနာများကို ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များ ကြည့်ရှုစဉ်။





မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ကျောက်မျက်၊ ကျောက်စိမ်းအတွဲများကို ရတနာကုန်သည်များ ကြည့်ရှုလေ့လာနေစဉ်။

ပြပွဲစတုတ္ထနေ့တွင် ဧပြီ ၂၂ ရက်မှ ၂၄ ရက် အထိ ခင်းကျင်းပြသထားသည့် ကျောက်မျက်အတွဲ အမှတ် (၁) မှ အတွဲအမှတ် ၁၂၀ ကို အိတ်ဖွင့်တင်ဒါ စနစ်ဖြင့် ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များကို ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ယခုပြပွဲတွင် ပုလဲအတွဲများကို အမေရိကန် ဒေါ်လာဖြင့် ကြမ်းခင်းဈေး သတ်မှတ်ထားရှိပြီး ငွေပေးချေရာတွင် ပြည်ပရတနာကုန်သည်များက အမေရိကန်ဒေါ်လာ၊ ယွမ်ငွေတို့ဖြင့် လည်းကောင်း၊ ပြည်တွင်း ရတနာကုန်သည်များက အမေရိကန်ဒေါ်လာ၊ ယွမ်၊ ကျပ်ငွေတို့ဖြင့်လည်းကောင်း ပေးချေရမည်ဖြစ်ပြီး ကျောက်မျက်၊ ကျောက်စိမ်းအတွဲများကို ယူရိုငွေဖြင့် ကြမ်းခင်းဈေး သတ်မှတ်ထားရှိကာ ရတနာကုန်သည်များသည် အမေရိကန်ဒေါ်လာ၊ ယူရို၊ ယွမ်ငွေတို့ဖြင့် ပေးချေသွားရမည်ဖြစ်သည်။

ယခု ကျင်းပပြုလုပ်သည့် (၅၇) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ဧပြီ ၂၂ ရက်မှ ၂၈ ရက်အထိ မဏိရတနာ ကျောက်စိမ်းခန်းမ၌ ကျင်းပရာ ဧပြီ ၂၂ ရက်မှ ၂၄ ရက်အထိ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ပုလဲအတွဲပေါင်း ၃၃၀ ကို ရောင်းချနိုင်ခဲ့ပြီး ကျောက်မျက်အတွဲ ၁၂၀ ကို ဧပြီ ၂၅ ရက်တွင် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လည်းကောင်း၊ ကျောက်စိမ်းအတွဲပေါင်း ၂၀၀၀ ကို ဧပြီ ၂၆ ရက်မှ ၂၈ ရက်အထိ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**





မြန်မာ့ကျောက်မျက်ရတနာပြပွဲ၌ ကျောက်မျက်၊ ကျောက်စိမ်းအတွဲများကို ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များ စိတ်ကြိုက်ကြည့်ရှုလေ့လာကြစဉ်။

# ဆေးနှင့် ဆေးနှီးနွှယ်တက္ကသိုလ်များ ပြန်လည်ဖွင့်လှစ်လျက်ရှိရာတွင် ကျောင်းသား ကျောင်းသူများအနေဖြင့် စိတ်ချလုံခြုံစွာဖြင့် ကျောင်းတက်ရောက်နိုင်ရေးအတွက် တိုင်းဒေသကြီးအစိုးရမှ ပံ့ပိုးဆောင်ရွက်



နေပြည်တော် မေ ၂၄

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် တာဝန်ရှိသူများနှင့်အတူ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကို ဦးဆောင်သည့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များနှင့် ယမန်နေ့မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီး အစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။ (ယာပုံ)

### ပြင်ဆင်ဆောင်ရွက်ထားရန်လို

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကိုက နှုတ်ခွန်းဆက်စကား ပြောကြားသည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်းက ယခုအခါ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုမှာ အတိုင်းအတာတစ်ခုအထိ ကောင်းစွာထိန်းချုပ်နိုင်ပြီဖြစ်၍ ပုံမှန်ကျန်းမာရေးဆိုင်ရာ လုပ်ငန်းများကို အရှိန်အဟုန် မြှင့်တင်ဆောင်ရွက်ရန် လိုပါကြောင်း၊ ယခုအခါ ဆေးရုံလုပ်ငန်း ဆောင်ရွက်မှုများ အရှိန်အဟုန်ဖြင့် ပြန်လည်ဆောင်ရွက်နိုင်ပြီဖြစ်သော်လည်း အထူးကုဘာသာရပ်အချို့မှာ လုပ်ငန်းဆောင်ရွက်နိုင်မှု အားနည်းလျက်ရှိပါကြောင်း၊ ဆေးနှင့်ဆေးနှီးနွှယ်တက္ကသိုလ်များ ပြန်လည်ဖွင့်လှစ်လျက်ရှိရာတွင် ကျောင်းသား ကျောင်းသူများအနေဖြင့် စိတ်ချလုံခြုံစွာဖြင့် ကျောင်းတက်ရောက်နိုင်ရေးအတွက် တိုင်းဒေသကြီးအစိုးရမှ ပံ့ပိုးဆောင်ရွက်မှုများ ပေးအပ်စေလိုပါကြောင်း၊ ယခုအခါအပြည်ပြည်ဆိုင်ရာ ခရီးသည်တင် လေကြောင်းလိုင်းများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး စည်းမျဉ်းစည်းကမ်းများနှင့်အညီ မြန်မာနှစ်ဆန်းတစ်ရက်နေ့မှစတင်၍ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ဝင်ရောက်ခွင့်ပြုထားပြီး ဖြစ်ပါကြောင်း၊ ဝင်ရောက်လာသူများတွင် ရောဂါပိုးတွေ့ရှိရမှုအပေါ်မူတည်၍ နေပြည်တော်နှင့် မန္တလေး အပြည်ပြည်ဆိုင်ရာလေဆိပ်များတွင် အဆိုပါလေယာဉ် ခရီးစဉ်များဆိုက်ရောက်နိုင်ရေးအတွက် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဗဟိုကော်မတီသို့ တင်ပြဆောင်ရွက်သွားမည်ဖြစ်ပါ၍ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် လိုအပ်သည်များ ပြင်ဆင်ဆောင်ရွက်ထားရန်လိုအပ်ပါကြောင်း။

### ကူညီပံ့ပိုးမှုများ ပေးအပ်

ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍတွင် ပုဂ္ဂလိကကျန်းမာရေး စောင့်ရှောက်မှုအခန်းကဏ္ဍသည် အရေးကြီးသည့်အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည့်အတွက် ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ တိကျစွာလိုက်နာ ဆောင်ရွက်ရန်အရေးကြီးပါကြောင်း၊ မန္တလေးတိုင်းဒေသကြီးသည် ဦးတည်အုပ်စုများအတွင်း ကာကွယ်ဆေးထိုးလွှမ်းခြုံမှု ကောင်းမွန်သည့်ဒေသ ဖြစ်ပါကြောင်း၊ ဆက်လက်၍ ဦးတည်အုပ်စုများအတွင်း ရာနှုန်းပြည့် ကာကွယ်ဆေး လွှမ်းခြုံမှု ရရှိစေရေးအတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အသက် ၁၅ နှစ်နှင့်အထက် ပြည်သူများကိုလည်းကောင်း၊ ထပ်ဆောင်းကာကွယ်ဆေးကို အသက် ၄၀ နှစ်နှင့်အထက် မိဘပြည်သူများကို ထိုးနှံပေးလျက်ရှိပါကြောင်း၊ ကျောင်းများပြန်ဖွင့်ချိန်တွင်လည်း ကျောင်းအခြေပြု ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းကိုလည်း ဆောင်ရွက်မည်ဖြစ်ပါ၍ ကူညီပံ့ပိုးမှုများ ပေးအပ်စေလိုပါကြောင်း၊ ထို့အပြင် အသက် ငါးနှစ်အောက် ကလေးများအတွက် ပုံမှန်ကာကွယ်ဆေးထိုး လုပ်ငန်းများဖြစ်သည့် ဘီစီဂျီ၊ ပိုလီယို၊ ဝက်သက်ဂျိုက်သိုးရောဂါ ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများကိုလည်း အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ မိုးရာသီကာလတွင် ဖြစ်ပွားတတ်သည့် သွေးလွန်တုပ်ကွေး ကဲ့သို့သော ကူးစက်ရောဂါများ ဖြစ်ပွားမှုကိုကာကွယ်ရန် ပြည်သူ့ကျန်းမာရေးဆိုင်ရာ ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ရန်လိုပါကြောင်း ပြောကြားသည်။

### အပိုင်းလိုက် ဆောင်ရွက်ပေးနေ

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဆေးရုံများ သန့်ရှင်းသာယာလှပရေးအတွက် အပိုင်းလိုက်ဆောင်ရွက်ပေးနေပါကြောင်း၊ သူနာပြုတက္ကသိုလ်အပါအဝင် ဆေးနှင့် ဆေးနှီးနွှယ် တက္ကသိုလ်များသို့ တက်ရောက်လာသူ ကျောင်းသား ကျောင်းသူများကို နွေးထွေးစွာကြိုဆို၍ လိုအပ်သည်များ ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းများ ဥပဒေ စည်းမျဉ်းစည်းကမ်းများကို လိုက်နာစေရေး ကြီးကြပ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

### ဝိုင်းဝန်းဆွေးနွေး

ထို့နောက် တက်ရောက်လာသူများက မန္တလေးတိုင်းဒေသကြီးအတွင်း ကျန်းမာရေးဆိုင်ရာ လုပ်ငန်းများ ပိုမိုထိရောက်အောင်မြင်စေရေးအတွက် ဝိုင်းဝန်းဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တိုင်းရင်းဆေးတက္ကသိုလ် (မန္တလေး) ပါမောက္ခချုပ်အပါအဝင် ဆရာ ဆရာမများ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးပြီး တိုင်းရင်းဆေးတက္ကသိုလ်ပြတိုက်၊ စာကြည့်တိုက်နှင့် ဘွဲ့နှင်းသဘင်ခန်းမတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြောင်း သိရသည်။

သတင်းစဉ်

## မစ္စတာ အဗ္ဗဒဲလ်ဟာမစ် ဘူဘာဇင်း အား ဟန္နိုင်းမြို့အခြေစိုက်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အယ်လ်ဂျီးရီးယား ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူ

နေပြည်တော် မေ ၂၄

မစ္စတာ အဗ္ဗဒဲလ်ဟာမစ် ဘူဘာဇင်း အား ဟန္နိုင်းမြို့အခြေစိုက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အယ်လ်ဂျီးရီးယား ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၏ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် အယ်လ်ဂျီးရီးယား ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံအစိုးရ၏ အဆိုပြုချက်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရက သဘောတူပြီးဖြစ်သည်။

မစ္စတာ အဗ္ဗဒဲလ်ဟာမစ် ဘူဘာဇင်း ကို ၁၉၅၅ ခုနှစ် ဇွန် ၃၀ ရက်တွင် မွေးဖွားခဲ့ပြီး၊ ၁၉၇၉ ခုနှစ်တွင် အမျိုးသားစီမံခန့်ခွဲမှုကျောင်းမှ ဘွဲ့ရရှိခဲ့သည်။ ၎င်းသည် ၁၉၇၉ ခုနှစ်တွင် အယ်ဂျီးရီးယားနိုင်ငံခြားရေးဝန်ကြီးဌာနသို့ စတင်ဝင်ရောက်ခဲ့ပြီး ၁၉၈၀ ပြည့်နှစ်တွင် နိုင်ငံတော် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၈၂ ခုနှစ်တွင် နိုင်ငံတကာနိုင်ငံရေးရာဦးစီးဌာန၊ မဟာဗျူဟာရေးရာနှင့် လက်နက်ဖျက်သိမ်းရေးဌာန၏ အကြီးအကဲအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၈၄ ခုနှစ်တွင် ဩစတြီးယားနိုင်ငံ၊ ဗီယင်နာမြို့ရှိ အယ်လ်ဂျီးရီးယားသံရုံးတွင် ပထမအတွင်းဝန်အဖြစ်လည်းကောင်း၊ ၁၉၈၈ ခုနှစ်တွင် မိုဇမ်ဘစ်နိုင်ငံ မပူတိုမြို့ရှိ အယ်လ်ဂျီးရီးယား သံရုံးတွင် သံမှူးအဖြစ်လည်းကောင်း ထမ်းဆောင်ခဲ့သည်။ ၁၉၉၀ ပြည့်နှစ်တွင် ဖွံ့ဖြိုးဆဲနိုင်ငံများ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာဌာန၊ ဌာနအကြီးအကဲအဖြစ်လည်းကောင်း၊ ၁၉၉၁ ခုနှစ်တွင် ရှေ့အလားအလာသုံးသပ်ရေးဦးစီးဌာန၊ ကာကွယ်ရေးနှင့် လုံခြုံရေးရာဌာန၊ ဌာနအကြီးအကဲအဖြစ်လည်းကောင်း၊ ၁၉၉၂ ခုနှစ်တွင် ရှေ့အလားအလာသုံးသပ်ရေးဦးစီးဌာန၊ စီးပွားရေးလေ့လာရေးဌာန၌ ဒုတိယညွှန်ကြားရေးမှူးအဖြစ်လည်းကောင်း တာဝန်များ ထမ်းဆောင်ခဲ့သည်။ ၁၉၉၃ ခုနှစ်တွင် နိုင်ငံခြားရေးဝန်ကြီး၏ အကြံပေးအဖြစ်လည်းကောင်း၊ ၁၉၉၄ ခုနှစ်တွင် နိုင်ငံခြားရေးဝန်ကြီးဌာန၊ အတွင်းရေးမှူးချုပ်၏ လက်ထောက်အဖြစ် လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၉၆ ခုနှစ်တွင် မိုဇမ်ဘစ်နိုင်ငံဆိုင်ရာ အယ်လ်ဂျီးရီးယားသံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့စဉ် ဆွာဇီလန်နိုင်ငံနှင့် မာလာဝီနိုင်ငံဆိုင်ရာ သံအမတ်ကြီးအဖြစ်လည်း ပူးတွဲတာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၀၂ ခုနှစ်တွင် အကြမ်းဖက်မှုများလေ့လာရေးဆိုင်ရာ အာဖရိကန်စင်တာ၌ ညွှန်ကြားရေးမှူးအဖြစ် ထမ်းဆောင်ခဲ့သည်။ ၂၀၀၆ ခုနှစ်တွင် အယ်ဂျီးရီးယား နိုင်ငံခြားရေးဝန်ကြီးဌာန၌ သံအမတ်ကြီးအဖြစ် ထမ်းဆောင်ခဲ့ပြီးနောက် ၂၀၀၈ ခုနှစ်တွင် ဒိန်းမတ်နိုင်ငံဆိုင်ရာ အယ်လ်ဂျီးရီးယား သံအမတ်ကြီးအဖြစ် ခန့်အပ်ခြင်းခံခဲ့ရသည်။ ၎င်းသည် ၂၀၁၅ ခုနှစ်တွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ စစ်ဆေးရေးအရာရှိအဖြစ်လည်းကောင်း၊ ၂၀၁၉ ခုနှစ်တွင် အတိုင်ပင်ခံသံအမတ်ကြီးအဖြစ် လည်းကောင်း အသီးသီး တာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၂၁ ခုနှစ် ဒီဇင်ဘာလမှ စတင်၍ ဗီယက်နမ်နိုင်ငံဆိုင်ရာ အယ်လ်ဂျီးရီးယား သံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

၎င်းသည် အိမ်ထောင်ရှင်တစ်ဦးဖြစ်ပြီး သားသမီး (၃) ဦး ရှိသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
**ရက်စွဲ၊ ၂၀၂၂ ခုနှစ်၊ မေလ ၂၅ ရက်။**

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှ အဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် မေ ၂၄

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့် တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းများမှ နှာခေါင်းစည်း (Mask) ၇ ဒသမ ၈၄ တန်တို့ကို တင်သွင်းခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာဌာနများ နှင့်ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေး တင်သွင်းခွင့်ပြုပေး လျက်ရှိကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့်ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mmတွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

သတင်းစဉ်

# ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးရှိ အဆောက်အအုံ၊ လမ်း၊ တံတားနှင့် မြို့ပြအိမ်ရာလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၂၄

**ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းထိန်သည် တာဝန်ရှိသူ များနှင့်အတူ ဧပြီ ၂၂ ရက် နံနက်ပိုင်းက မအူပင် - တွံတေးလမ်း မိုင်တိုင် (၂၃/၅-၂၃/၆) ရှိ မဒိုင်းချောင်းတံတား တည်ဆောက်ရေး လုပ်ငန်းခွင်သို့ရောက်ရှိရာ တံတားဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးက တံတားတည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုနှင့် အချောသပ်လုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြသည်။**

### လိုအပ်သည်များ မှာကြား

ဆက်လက်၍ ဒုတိယဝန်ကြီးသည် မအူပင် - တွံတေးလမ်း မိုင်တိုင်အမှတ် (၁၈ / ၆ - ၂၀ / ၆) အတွင်း ပေ ၄၀ အကျယ် မြေသားတာပေါင်ချဲ့ခြင်းနှင့် လမ်းတာပေါင် ရေမတိုက်စားစေရန် Geogrid / Terramesh / Reno-matress များဖြင့် မြေကာနံရံ တည်ဆောက်ခြင်း လုပ်ငန်း ဆောင်ရွက်ပြီးစီးမှု၊ B.O.T စနစ်ဖြင့် ဆောင်ရွက်လျက်ရှိသည့် ဆားမလောက် - မအူပင်လမ်း ပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်း ဆောင်ရွက်နေမှု၊ ပန်းတနော်မြို့နယ်ရှိ ဆုတောင်းပြည့် - အိမ်မဲလမ်း လမ်းလုပ်ငန်း ဆောင်ရွက်နေမှုနှင့် ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ်ရှိ လှည်းဆိပ် (စံပြ) ကျေးရွာအဝင် ကွန်ကရစ်လမ်း ဆောင်ရွက်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

### ရှင်းလင်းတင်ပြ

ဧပြီ ၂၃ ရက် နံနက်ပိုင်းတွင် ဒုတိယဝန်ကြီးသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ပုသိမ်မြို့ ဧည့်ရိပ်သာ အစည်းအဝေးခန်းမသို့ ရောက်ရှိရာ လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး၊ လမ်းဦးစီးဌာနနှင့် တံတားဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် တို့က ဧရာဝတီ မြစ်ဝကျွန်းပေါ်ဒေသ လမ်းကွန်ရက် ဖွံ့ဖြိုးတိုးတက်မှု၊ နာဂစ်လမ်း ၁၁ လမ်း လမ်းကွန်ရက်ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းတွင် ပါဝင်သော Paved Road မဖြစ်သေးသော လမ်းများကို Paved Road ဖြစ်စေရန် ငါးနှစ် စီမံချက်ရေးဆွဲဆောင်ရွက်ထားရှိမှု၊ လမ်းများပေါ်ရှိ တံတားများအဆင့်မြှင့်တင်ဆောင်ရွက်ထားရှိမှု၊ လက်ရှိလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစီမံချက်များကို ရှင်းလင်းတင်ပြသည်။

### စီမံချက်များ ရေးဆွဲထား

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီးက သဘာဝဘေးဒဏ် ကာကွယ်ရေး ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိရန်၊ သဘာဝဘေးဒဏ် ဖြစ်ပေါ်လာပါက ချက်ချင်းတုံ့ပြန်ဆောင်ရွက်သွားနိုင်ရေး လူ၊ ပစ္စည်း၊ စက်ယန္တရားများ စုစည်းဆောင်ရွက်ထားပြီး ကာကွယ်ရေး စီမံချက်များ ရေးဆွဲထားရန် မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ပုသိမ်ပြည်သူ့ဆေးရုံကြီး ကိုးထပ် တိုးချဲ့ဆောင် တည်ဆောက်ရေးလုပ်ငန်းကို လည်းကောင်း၊ Green Land Project အတွင်း နိုင်ငံ့ဝန်ထမ်း အိမ်ရာစီမံကိန်းကို လည်းကောင်း၊ ချောင်းသာမြို့ရှောင်လမ်း ဖောက်လုပ်နေမှုကို လည်းကောင်း၊ ချောင်းသာ - ရွှေသောင်ယံ (ကမ်းခြေပတ်လမ်း) ၏ ချောင်းသာအပိုင်း မိုင် (၁/၀-၁/၁) ကြားရှိ စပါးထားတံတား သံပေါင်များ နိမ့်ကျပျက်စီးနေသည့် နေရာ၌ ယာဉ်သွား လမ်းအကျယ် ၂၄ ပေ၊ တံတားခံနိုင်ဝန် တန် ၆၀၊ နှစ်လမ်းသွား သံကူကွန်ကရစ်တံတား တည်ဆောက်မည့် လုပ်ငန်းခွင်ကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားကြောင်း သိရသည်။

**သတင်းစဉ်**





# ဂြိုဟ်တုနည်းပညာ အသုံးပြုငါးဖမ်းရေယာဉ် စောင့်ကြည့်ထိန်းချုပ်ရေးဌာနခွဲ (ရန်ကုန်) ကမ်းနီးကမ်းဝေး ငါးဖမ်းရေယာဉ် စောင့်ကြည့်ထိန်းချုပ်ရေးလုပ်ငန်းဆောင်ရွက်

နေပြည်တော် ဧပြီ ၂၄

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးသည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကရေထွက်ကုန်လုပ်ငန်းများ ဖြစ်သည့် ရတနာသိဂီၤအအေးခန်းစက်ရုံ၊ Golden Boy Limited ၊ ကြို့ကုန်း ငါး ပုစွန် အအေးခန်း၊ မြင့်မြတ်ဟိန်း ကုမ္ပဏီလီမိတက်တို့၏ ပြည်ပပို့ကုန် ငါး ပုစွန် အေးခဲလုပ်ငန်းများနှင့် ရေထွက်ပစ္စည်း ကုန်ချောထုတ်လုပ်မှု လုပ်ငန်းခွင်များကို ကြည့်ရှုစစ်ဆေးသည်။**

### ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဝန်ကြီးသည် ငါးလုပ်ငန်းဦးစီးဌာန၏ ဂြိုဟ်တုနည်းပညာ အသုံးပြု ငါးဖမ်းရေယာဉ် စောင့်ကြည့်ထိန်းချုပ်ရေးဌာနခွဲ (ရန်ကုန်) သို့ ရောက်ရှိပြီး ကမ်းနီးကမ်းဝေး ငါးဖမ်းရေယာဉ် စောင့်ကြည့်ထိန်းချုပ်ရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

### ကြပ်မတ်ဆောင်ရွက်လျက်ရှိ

ငါးဖမ်းရေယာဉ် စောင့်ကြည့်ထိန်းချုပ်ရေးဌာနခွဲ အနေဖြင့် ငါးဖမ်းရေယာဉ်များ သတ်မှတ်ငါးဖမ်းကွက် ကျော်လွန်ခြင်း၊ ကမ်းနီးရေပြင် ၁၀ မိုင်အတွင်း ဝင်ရောက်ခြင်း၊ တားမြစ်ဇရိယာအတွင်း ဝင်ရောက်ခြင်း၊ Silent Vessel များအတွက် စစ်ဆေးခြင်း၊ ဆိပ်ကမ်းတွင် ရပ်နားထားစဉ် Silent ဖြစ်ပေါ်လာပါက ၄ နာရီအတွင်း တည်နေရာအချက်အလက် ပေးပို့စေရေး ဆောင်ရွက်ခြင်း၊ ၄ နာရီထက် ကျော်လွန်၍ တည်နေရာ သတင်းပေးပို့ခြင်းမရှိပါက ၁၂ နာရီအတွင်း တည်နေရာ အချိုက်အဆက်သတင်း ပေးပို့ ဆောင်ရွက်ခြင်း၊ ပင်လယ်ပြင်တွင် လုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း Silent ဖြစ်ပေါ်လာပါက ၄ နာရီအတွင်း တည်နေရာ သတင်းအချက်အလက် ပေးပို့ရေး ဆောင်ရွက်ခြင်း၊ ၄ နာရီထက်ကျော်လွန်၍ Silent ဖြစ်ပေါ်နေပါက VMS Control Center နှင့် သက်ဆိုင်ရာတိုင်းဒေသကြီး ပြည်နယ်ငါးလုပ်ငန်း ဦးစီးဌာနထံ အကြောင်းကြားချိန်မှစ၍ ၄၈ နာရီ အတွင်း နီးစပ်ရာ စစ်ဆေးရေးစခန်း (သို့မဟုတ်) သတ်မှတ်ပေးထားသည့် နေရာသို့ ဝင်ရောက်စစ်ဆေးမှု ခံယူစေခြင်း၊ ပြုပြင်စေခြင်းတို့ကို ကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

### ဆွေးနွေးမှာကြား

ညနေပိုင်းတွင် ဒုတိယဝန်ကြီးသည် အင်းစိန်မြို့နယ်ရှိ စိုက်ပျိုးရေးဦးစီးဌာန၊ မြေအသုံးချရေး ဓာတ်ခွဲခန်းသို့ရောက်ရှိကြပြီး မြေဆီလွှာဓာတ်ခွဲခြင်း၊ စိုက်ပျိုးရေ ဓာတ်ခွဲခြင်း၊ အပင်အစိတ်အပိုင်း ဓာတ်ခွဲခြင်း၊ ဓာတ်မြေဩဇာ၊ သဘာဝမြေဩဇာနှင့် ဇီဝမြေဩဇာ ဓာတ်ခွဲဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး ဒေသအလိုက် မြေသယံဇာတ အရင်းအမြစ်၊ ရာသီဥတုတို့နှင့် လိုက်လျောညီထွေသည့် သီးနှံပုံစံများ ထုတ်ပြန်ပေးရန်လိုအပ်ချက်များ၊ သီးနှံအလိုက် မြေဆီအာဟာရ လိုအပ်ချက်များ တောင်သူ့လက်ဝယ်အရောက် အသိပညာပေးရေးနှင့် ရေတိုရေရှည် အကျိုးရှိစေမည့် မြေဆီလွှာဖွံ့ဖြိုးရေး နည်းပညာများ ဖြန့်ဝေပေးရန် လိုအပ်ချက်များကို တာဝန်ရှိသူများအား ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကျောက်ပန်းတောင်းမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးရန် အကျုံးဝင်သူဦးရေအားလုံး ထိုးနှံပြီးစီး

**ကျောက်ပန်းတောင်း ဧပြီ ၂၄**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးလုပ်ငန်းများကို၊ မြို့ပေါ် အထိုင်ဆေးထိုးစုရပ်များ၊ Mobile နယ်လှည့်ဆေးထိုးအဖွဲ့များဖြင့် ဆေးထိုးနှံမှုရာခိုင်နှုန်းပြည့် လွှမ်းခြုံနိုင်စေရေး အားသွန်ခွန်စိုက် ဆောင်ရွက်ခဲ့ရာ၊ ယခုအခါ အကျုံးဝင်ဦးရေအားလုံး ထိုးနှံပြီးစီးခဲ့ပြီ ဖြစ်ကြောင်း မြို့နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

ကျောက်ပန်းတောင်းမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးလုပ်ငန်းများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ စီစဉ်လမ်းညွှန်မှု၊ မြို့နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျန်းမာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၏ ပူးပေါင်းဆောင်ရွက်မှုတို့ဖြင့် ကျေးရွာများအရောက် ကွင်းဆင်းထိုးနှံပေးခဲ့ရာ ဧပြီ ၂၂ ရက်နေ့တွင် ရာနှုန်းပြည့်ထိုးနှံနိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ဆေးထိုးလုပ်ငန်းများကို မြို့ပေါ်တွင် အထိုင်ဆေးထိုးစုရပ် နှစ်ခုနှင့် ကျေးရွာစုရပ်များအရောက် နယ်လှည့်ဆေးထိုးအဖွဲ့ ခုနစ်ဖွဲ့တို့ဖြင့် ဆေးထိုးနှံခြင်း၊ မြို့အဝင်နေရာများတွင် စစ်ဆေးရေးဂိတ်များဖွင့်လှစ် စစ်ဆေး၍ ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ခဲ့ရာ၊ မြို့နယ်အတွင်း ဆေးထိုးရန်အကျုံးဝင်သူဦးရေ ၁၆၇၈၁၉ ဦးရှိသည့်အနက် ဧပြီ ၂၂ ရက်တွင် ဆေးထိုးနှံပြီးစီးသူ ၁၆၇၈၂၇ ဦးရှိခဲ့ပြီး၊ အကျုံးဝင်စာရင်းရှိသော်လည်း လူနေထိုင်ခြင်းမရှိသူများ၊ နာတာရှည်ရောဂါရှိသူများ အစရှိသည့်လူဦးရေ ၁၉၄၈ ဦးသာ ကျန်ရှိသဖြင့် ဆေးထိုးနှံနိုင်မှု ရာခိုင်နှုန်းမှာ ၁၀၀ ရာခိုင်နှုန်းပြည့်မီခဲ့ပြီဖြစ်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း အချိန်မီဆေးထိုးနှံမှုရာခိုင်နှုန်းပြည့် လွှမ်းခြုံနိုင်ခဲ့ပြီ ဖြစ်ကြောင်း သိရသည်။

**နေအောင်(ပြန်/ဆက်)**



# ဝါးလက်မှုထုတ်ကုန်ဖြင့် ကျေးရွာတစ်ရွာထုတ်ကုန်တစ်ခုစီမံချက်ကို အကောင်အထည်ဖော်နေသည့် ကော့မှူးမြို့နယ်

သတင်းဆောင်းပါး- နဒီမင်း၊ ဓာတ်ပုံ- နေဇော်

"ဝါးပင်" မှသည် လှပသေသပ်၍ စွဲမက်ဖွယ်ကောင်းသည့် လက်ကိုင်အိတ်ကလေးများဖြစ်လာစေရန် မိမိကျွမ်းကျင်သော လက်မှုအတတ်ပညာဖြင့် အနုစိတ် ဖန်တီးရက်လုပ်နေသည့် အမျိုးသမီးတစ်ဦး။ သူက ကော့မှူးမြို့နယ် လက်ခိုက်ကျေးရွာမှ မစန်းသီတာပင် ဖြစ်သည်။

"ရန်ကုန်မှာတော့ ဒါကို ပခြုပ်လို့ခေါ်တာပေါ့။ ဒီဖာပုံစံလေးတွေကို အဖုံးနဲ့ပိုက်ဆံအိတ်လေးတွေ၊ လွယ်အိတ်ပုံစံမျိုးတွေလုပ်တာ။ အရင်က လက်လီလက်ကားရောင်းတာပေါ့။ အခုတော့ သမဝါယမနဲ့ ပူးပေါင်းလုပ်တယ်၊ ပစ္စည်းအမှာရှိရင် မှာတဲ့ပုံစံအကုန်လုပ်ပေးပါတယ်" ဟု သူကဆိုသည်။

ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါကြောင့် အလုပ်အကိုင်အခွင့်အလမ်းများ ရှားပါးနေသည့် အချိန်မျိုးမှာပင် စားဝတ်နေရေးအခက်အခဲကို သူ၏ တစ်နိုင်တစ်ပိုင် ဝါးလက်မှုလုပ်ငန်းက တစ်ဖက်တစ်လမ်းမှ အတော်အသင့် အထောက်အကူပေးနိုင်သည်ဟု မစန်းသီတာက ဆိုသည်။

"အခုလို အလုပ်အကိုင်ရှားပါးတဲ့ အချိန်မှာ အလွန်ကြီးတော့ အခြေအနေမဆိုးသေးဘူး။သူ့ဟာနဲ့သူ အသင့်အတင့်တော့ စားဖို့သောက်ဖို့တော့ရပါတယ်။ အရင်ထက်စာရင်တော့ မကောင်းသေးဘူးပေါ့။ အခုလက်ရှိ နိုင်ငံခြားကို ပို့ဖို့ဆိုပြီး ပခြုပ်မျိုးစုံ အချောရက်လုပ်ပေးနေရတာရှိတယ်"ဟု မစန်းသီတာက ပြောသည်။

မစန်းသီတာနေထိုင်ရာ ကော့မှူးမြို့နယ်သည် ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ ဝါးအများ အပြားပေါက်ရောက်ရာ၊ ဝါးစိုက်ဧက အများဆုံးမြို့နယ်များ စာရင်း၌တစ်ခုအပါအဝင်ဖြစ်ရာ ကျေးရွာများအတွင်းရှိ ဒေသခံအများစုသည် ဝါးကိုအခြေခံသော လက်မှုလုပ်ငန်းများကို တစ်ဦးချင်းသော်လည်းကောင်း၊ မိသားစုလိုက်သော်လည်းကောင်း တစ်နိုင်တစ်ပိုင် လုပ်ကိုင်ကြသည်။

"ဒီမှာက လက်ခစားတော့မရှိဘူး။ အိမ်မှာတစ်ပိုင်တစ်နိုင် မိသားစုလုပ်ကြတာပဲ။ တစ်ယောက်ရှိလဲ တစ်ယောက်နိုင်သလောက်ပေါ့။ အခြားရွာတွေကတော့ ဇန်းရက်တယ်။ ဆန်ကော၊ ဆန်ခါရက်တယ်။ ကျောက်ပျဉ်အုပ်ကလေးတွေလုပ်တယ်။ ကျွန်မတို့ လက်ခိုက်တစ်ပိုင်ကတော့ ဒီပခြုပ်တစ်မျိုးပဲလုပ်တာပေါ့"ဟု မစန်းသီတာက ပြောသည်။

ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာနအနေဖြင့် တိုင်းဒေသကြီးအတွင်းရှိ ဒေသခံပြည်သူများ၏ လူနေမှုဘဝများ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ပွင့်လန်းလာစေရန်၊ "ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်ခုစီမံချက်"ကို ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အရှေ့ပိုင်း၊ မြောက်ပိုင်း၊ တောင်ပိုင်း စသည့် ခရိုင် သုံးခုတွင် စတင်အကောင်အထည်ဖော်လျက်ရှိရာတွင် ကော့မှူးမြို့နယ်အတွက် ဝါးအခြေခံလက်မှုထုတ်ကုန်၊ တိုက်ကြီးမြို့နယ်အတွက် ဘောလယ်ငါးပိနှင့် မှော်ဘီမြို့နယ်အတွက် တံမြက်စည်း စသဖြင့် သတ်မှတ်ကာ စီမံချက်အောင်မြင်ရေးအတွက် ပံ့ပိုးဆောင်ရွက်လျက်ရှိသည်။

"ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်ခုစီမံချက်က ခရီးသွားလုပ်ငန်းတွေ ပြန်ပြီးဦးမော့လာတာနဲ့ ကိုယ့်ဒေသကထွက်တဲ့ကုန်နဲ့ ဈေးကွက်တွေရလာမယ်။ အလုပ်အကိုင်အခွင့်အလမ်းတွေလဲ ရလာမယ်။ ဈေးကွက်လဲ ကျယ်ပြန့်သွားမှာပါ" ဟု ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်ဥမ္မာမြင့်က ပြောသည်။



ဝါးဖြင့်ပြုလုပ်ထားသည့် လူသုံးကုန်ပစ္စည်းများ။



ဝါးဖြင့် လက်မှုလုပ်ငန်းကို မိသားစုအလိုက် တစ်နိုင်တစ်ပိုင်လုပ်ကိုင်နေမှုကို တွေ့ရစဉ်။

**"ကော့မှူးမြို့နယ်၏ ဝါးလက်မှုလုပ်ငန်းဖွံ့ဖြိုးရေးနှင့် ဝါးလက်မှုပစ္စည်းများ တွင်တွင်ကျယ်ကျယ် ရောင်းချနိုင်ရေးအတွက် လိုအပ်သည့် မတည်ရင်းနှီးငွေများကို ဦးစီးဌာနအဆင့်ဆင့်မှ သတ်မှတ်ထားသော အတိုးနှုန်းဖြင့် ပံ့ပိုးပေးနိုင်ရန်၊ သမဝါယမအသင်းအချင်းချင်း ပူးပေါင်းဆောင်ရွက်နိုင်စေရန်အတွက် ကော့မှူးမြို့နယ်အတွင်းရှိ ဘုရားလမ်းရပ်ကွက် လက်ခိုက်ကျေးရွာ၊ တောင်ချောင်ကျေးရွာ၊ မြောက်ချောင်ကျေးရွာ၊ ကညင်ငူကျေးရွာစသည့် ရပ်ကွက်၊ ကျေးရွာတို့မှ ဝါးလက်မှုလုပ်ငန်းလုပ်ကိုင်သူ၊ လုပ်ငန်းတူ ဆန္ဒတူ စိတ်တူကိုယ်တူ အသင်းသားဦးရေ ၁၅ ဦးဖြင့် ဝါးအခြေခံလက်မှုလုပ်ငန်း သမဝါယမအသင်းကို ဖွဲ့စည်းထားရှိ"**

ထို့ပြင် ကော့မှူးမြို့နယ်၏ ဝါးလက်မှုလုပ်ငန်းဖွံ့ဖြိုးရေးနှင့် ဝါးလက်မှုပစ္စည်းများ တွင်တွင်ကျယ်ကျယ် ရောင်းချနိုင်ရေးအတွက် လိုအပ်သည့် မတည်ရင်းနှီးငွေများကို ဦးစီးဌာနအဆင့်ဆင့်မှ သတ်မှတ်ထားသောအတိုးနှုန်းဖြင့် ပံ့ပိုးပေးနိုင်ရန်၊ သမဝါယမအသင်းအချင်းချင်း ပူးပေါင်းဆောင်ရွက်နိုင်စေရန်အတွက် ကော့မှူးမြို့နယ်အတွင်းရှိဘုရားလမ်းရပ်ကွက် လက်ခိုက်ကျေးရွာ၊ တောင်ချောင်ကျေးရွာ၊ မြောက်ချောင်ကျေးရွာ၊ ကညင်ငူကျေးရွာစသည့် ရပ်ကွက်၊ ကျေးရွာတို့မှ ဝါးလက်မှုလုပ်ငန်းလုပ်ကိုင်သူ၊ လုပ်ငန်းတူ ဆန္ဒတူ စိတ်တူကိုယ်တူ အသင်းသားဦးရေ ၁၅ ဦးဖြင့် ဝါးအခြေခံလက်မှုလုပ်ငန်း သမဝါယမအသင်းကိုဖွဲ့စည်းထားရှိသည်။

အဆိုပါအသင်းမှ ဝါးလက်မှုလုပ်ငန်းလုပ်ကိုင်ရာတွင် ဈေးကွက်တွင် အမြင်လှပြီး အရည်အသွေးမီသည့် ဆန်းသစ်သည့် ထုတ်ကုန်များ ထုတ်လုပ်နိုင်ရန်အတွက် ကော့မှူးမြို့နယ်အတွင်းရှိ အသင်းသားများ၏ နည်းပညာအားနည်းချက်များကို အသေးစားစက်မှုလုပ်ငန်းဦးစီးဌာန၏ အကူအညီဖြင့် သင်တန်းများပို့ချပေးသည့်အပြင် အသင်းသားများပြုလုပ်ပြီးစီးသည့် ဝါးလက်မှုပစ္စည်းများကို ပေါက်ဈေးပေး၍ ပြန်လည်ဝယ်ယူခြင်း၊ ဈေးကွက်ရှာဖွေပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။

ကော့မှူးမြို့နယ် သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စုစုထွေးက "ဝါးလက်မှုအထည်တွေရဲ့ အရည်အသွေးနဲ့ ထုတ်ကုန်လှပကောင်းမွန်အောင် ဆန်းသစ်တဲ့ ဒီဇိုင်းတွေထုတ်လုပ်နိုင်အောင် နည်းပညာသင်တန်းတွေ ဖွင့်လှစ်ပေးဖို့ရှိပါတယ်။ သမဝါယမစနစ်အနေနဲ့ ငွေကြေးပံ့ပိုးမှုကိုတော့ အခု လက်ရှိထုတ်ကုန်တွေ ထုတ်လုပ်ရာမှာ လိုအပ်တဲ့ လက်မှု၊ စက်မှုပစ္စည်းလေးတွေကို ဝယ်ယူပံ့ပိုးပေးထားပါတယ်"ဟု ပြောသည်။

၎င်းက ဆက်လက်၍ "ဈေးကွက်အနေအထားကတော့ အခုလက်ရှိ ရန်ကုန်တိုင်းဒေသကြီးမှာရှိတဲ့ မိုးဦးပန်းဒေသထွက်ကုန်အရောင်းဆိုင်နှင့် အခြားမြို့နယ်များရှိ ဒေသထွက်ကုန်အရောင်းဆိုင်တွေကို ပေးပို့ဖြန့်ဖြူးထားပါတယ်။ ပြည်နယ်/ တိုင်းဒေသကြီးတွေကိုလည်း ချိတ်ဆက်ဖြန့်ဖြူး ရောင်းချဖို့ရှိပါတယ်"ဟု ပြောသည်။

လက်ရှိအချိန်တွင် ကော့မှူးမြို့နယ်ကျေးရွာများမှ မိရိုးဖလာရက်လုပ်သည့် ဆန်ကော၊ ဆန်ခါနှင့် လူ့အသုံးအဆောင် ဝါးလက်မှုပစ္စည်းများအပြင် ခေတ်မီဆန်းသစ်စွာဖြင့် အနုစိတ်ဖန်တီးထားသည့် ဆပ်ပြာခွက်များ၊ ဖုန်းတင်စင်များ၊ တစ်သျှူးဘောက်များ၊ တိုင်ကပ်နာရီများ၊ ကော်ဖီခွက်များ၊ အလှပန်းအိုးများ၊ လင်ဗန်းများ၊ ပခြုပ်မျိုးစုံဖြစ်သည့် လက်ကိုင်အိတ်၊ ဖုန်းထည့်အိတ်၊ သက်န်းဘူးပုံစံဘူးကလေးများ၊ ပန်းအလှခြင်းများ၊ လက်ဆွဲခြင်းများကိုပါ ထုတ်လုပ်လာပြီဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်ဥမ္မာမြင့်က "ကော့မှူးက ဝါးနဲ့လုပ်တဲ့ လက်မှုပစ္စည်းလေးတွေက ဈေးကွက်တင်ရောင်းတဲ့အခါမှာ ဝယ်သူတွေ ကြိုက်တာတွေ့ရတယ်။ စမ်းသပ်ကာလဖြစ်တဲ့အတွက် မဆိုးဘူးရောင်းရတယ် ပြောရမယ်။ ၂၀၂၂-၂၀၂၃ မှာလဲ အခြေအနေပေးတဲ့ ကုန်ပစ္စည်းတွေကို မြို့နယ်တိုင်းက ထွက်တဲ့ကုန်တွေကို ရှာဖွေပြီး ဈေးကွက်မြှင့်တင်ပေးမှာ ဖြစ်ပါတယ်။ ဒီလို ဒေသထွက်ကုန်လေးတွေလုပ်ချင်တယ်ဆိုရင် သမဝါယမအနေနဲ့ ပံ့ပိုးပေးဖို့ အသင့်ပါ"ဟု ပြောသည်။ *စာမျက်နှာ ၇ သို့*

# ရောဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း 'အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ' သာသနာပြုဘွဲ့တံဆိပ်တော်ရဆရာတော်အား ထပ်ဆင့်ချီးကျူးဂုဏ်ပြုပူဇော်ပွဲအခမ်းအနားတက်ရောက်



**အမာ မေ ၂၄**

ရောဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် အမာမြို့ ဒေါ်ညိမ်းကျေးရွာအုပ်စု ကမန္တာကျေးရွာ စိတ္တသုခကျောင်း ဓမ္မာရုံ၌ ယနေ့နံနက် ၁၀ နာရီက 'အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ' သာသနာပြုဘွဲ့တံဆိပ်တော်ရ ဆရာတော်ဘဒ္ဒန္တနန္ဒိယမထေရ်မြတ်အား ထပ်ဆင့်ချီးကျူးဂုဏ်ပြုပူဇော်ပွဲအခမ်းအနား ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားကို 'နမောတဿ' သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ခဲ့ပြီး နိုင်ငံတော်ဩဝါဒါစရိယ၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ထန်းပင်ကျောင်းဆရာတော် ဘဒ္ဒန္တဝေပုလ္လမထေရ်မြတ်ထံမှ သရဏဂုံသုံးပါးနှင့်တကွ ငါးပါးသီလခံယူဆောက်တည်ခြင်း၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဇနီးတို့က စိတ္တသုခကျောင်း၏ ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တနန္ဒိယမထေရ်မြတ်အား ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်း၊ ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများဖြင့် ဆက်ကပ်လှူဒါန်းပူဇော်ခဲ့ကြကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ အဖွဲ့ဝင်များ၊ အလှူရှင်များ၊ ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ဆက်လက်၍ကမန္တာကျေးရွာဘုရားလေးကျောင်းတိုက် ဓမ္မာရုံတွင် အမာမြို့အဆင့်ဌာနဆိုင်ရာများနှင့် တွေ့ဆုံပွဲသို့တက်ရောက်၍ ပညာရေး၊ ကျန်းမာရေး၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်ပတ်သက်၍ ဆွေးနွေးမှာကြားခဲ့ကြောင်း သိရှိရသည်။ **အမာ(ပြန်/ဆက်)**

# အိန္ဒိယနိုင်ငံအစိုးရက လှူဒါန်းသော ဆန်နှင့်ဂျုံများကို ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရှိ ပြည်သူများလက်ဝယ်အရောက်ဖြန့်ဝေ

**ရန်ကုန် မေ ၂၄**

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရှိ ပြည်သူများအား အိန္ဒိယနိုင်ငံအစိုးရက မြန်မာနိုင်ငံသို့ လူသားချင်းစာနာထောက်ထားမှု အထောက်အပံ့အဖြစ်လှူဒါန်းသော ဆန်နှင့်ဂျုံများကို ယနေ့နံနက် ၈ နာရီက အမှတ်(၇)ရပ်ကွက်ရှိ ခြင်းရုံ၌ ထောက်ပံ့ ပေးလျက်ရှိကြောင်း သိရသည်။



အဆိုပါ ဆန်နှင့်ဂျုံများ ထောက်ပံ့ပေးအပ်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမျိုးသူနှင့် အဖွဲ့ဝင်များက ရပ်ကွက်၊ ကျေးရွာများ အလိုက် ပြည်သူများ လက်ဝယ်အရောက် ရောက်ရှိနိုင်ရေး ဖြန့်ဝေပေးနေသော ရပ်ကွက်၊ ကျေးရွာများ အလိုက် စနစ်တကျဖြန့်ဝေမှုရှိစေရန် ကွင်းဆင်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်၌ ရပ်ကွက်၊ ကျေးရွာအုပ်စု ၃၆ အုပ်စုရှိ ပြည်သူများအတွက် အိန္ဒိယနိုင်ငံအစိုးရက မြန်မာနိုင်ငံသို့လူသားချင်း စာနာထောက်ထားမှု အထောက်အပံ့အဖြစ် လှူဒါန်းသော ဆန်၂၄ ပြည်အိတ် ၇၈၈၆ အိတ်နှင့် ဂျုံအိတ် ၅၀ kg ပါ ၁၉၅ အိတ်တို့ရရှိခဲ့ရာ မြို့နယ်တွင် အိမ်ထောင်စု ၄၃၆၂၆ စုအနက် ဖြန့်ဝေပေးမည့် အိမ်ထောင်စု ၇၈၈၆ စုအား တစ်အိမ်ထောင်စုလျှင် ဆန်၂၄ ပြည် အိတ်တစ်အိတ်နှုန်း ဂျုံတစ်ကီလိုဂရမ်တို့ ဖြန့်ဝေပေးခြင်းကို သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊စာရေးများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများမှ ကြီးကြပ်၍ ရပ်ကွက်၊ ကျေးရွာများအလိုက် ပြည်သူများ၏ လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်လျက်ကြောင်း သိရသည်။ **ဝင်းအိမွန်(ပြန်/ဆက်)**

## နေ့အပူချိန်များ အနည်းငယ် တိုးနေမည်

နေပြည်တော် မေ ၂၄

နေပြည်တော်၊ မန္တလေးမြို့နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေ့အပူချိန်များ အနည်းငယ် တိုးနေမည်။

**မိုး/ဇလ**

# နတ်တလင်းမြို့နယ်တွင် ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် စိုက်ပျိုးမွေးမြူရေးကဏ္ဍများ တိုးတက်မြင့်မားစေရေး ကွင်းဆင်းဆောင်ရွက်

**နတ်တလင်း မေ ၂၄**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ်တွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဒေသကုန်ထုတ်လုပ်မှု တိုးတက်မြင့်မားစေရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အရှိန်အဟုန်မြင့် ဆောင်ရွက်နိုင်ရေးအတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်ကြီးကြပ်မှုဖြင့် ဌာနဆိုင်ရာများမှ ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ မေ ၂၃ ရက်က ပဲမခန်း၊ ကျောက်ခွက်၊ စမ်းချောင်း ကျေးရွာအုပ်စုများသို့ ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထို့သို့ဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်ကြီးကြပ်မှုဖြင့် စိုက်ပျိုးရေးဦးစီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ဆည်မြောင်းဦးစီးဌာနတို့မှ တာဝန်ရှိသူများက ဒေသခံတောင်သူများနှင့်တွေ့ဆုံ၍ တောင်သူများအနေဖြင့် နွေစပါးလျှာထားချက်ကို ပြည့်မီကျော်လွန်အောင် စိုက်ပျိုးရေး၊ ဒေသတွင်း စားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံများ ပိုမိုတိုးချဲ့စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကိုလည်း တိုးချဲ့ကြိုးစားဆောင်ရွက်စေရေးတို့ကို သက်ဆိုင်ရာ ကဏ္ဍအလိုက် အသိပညာပေး ဆွေးနွေးပြောကြားသည်။ ထို့နောက် ဒေသခံတောင်သူများက သိရှိလိုသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆွေးနွေးမေးမြန်းချက်များအပေါ် တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးခဲ့ကြကြောင်းသိရသည်။

ကျန်ရှိနေသည့် ကျေးရွာအုပ်စုများသို့လည်း ကွင်းဆင်း၍ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်မှုတိုးတက်ရေး၊ အသေးစား စက်မှုလက်မှုလုပ်ငန်းများဆိုင်ရာ သင်တန်းနှင့် အလုပ်ရုံဆွေးနွေးပွဲများ ဖွင့်လှစ်ပို့ချနိုင်ရေးတို့ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **ဝေယံဖြိုး(ပြန်/ဆက်)**

*စာမျက်နှာ ၆ မှ*

မြန်မာနိုင်ငံအနှံ့ရှိ တောင်ပေါ်၊ မြေပြန့် ကျေးလက်ဒေသလူမှုဝန်းကျင်တွင် ဝါးကိုအသုံးပြု၍ လူနေတဲအိမ်ကလေးများ၊ ခြံစည်းရိုး၊ တံတားများ၊ လှည်းပေါင်းမိုးများ ဆောက်လုပ်ကြသည့်အပြင် ဆန်ကော၊ ဆန်ခါ၊ ခြင်းတောင်း၊ ပလုံး၊ ယောက်မ၊ ကွမ်းအစ်၊ ရေခွက်၊ ရေကျည်တောက်၊ ဦးထုပ်၊ စုဘူး၊ ခမောက်၊ တောင်ဝှေး၊ ကုလားထိုင်၊ စားပွဲနှင့် မြန်မာ့ရိုးရာအနုပညာလက်ရာများဖြစ်သည့် ပလွေ၊ ပတ္တလား၊ ဝါးလက်ခုပ်၊ ယွန်းထည်ပစ္စည်းအမျိုးမျိုးသာမက အခြားသော ဝါးနှင့်မကင်းသည့် အသုံးအဆောင်ပစ္စည်းများသည်လည်း အမျိုးအမည်များစွာ ကျန်ရှိနေသေးသည်။

ရှေးယခင်ကတည်းကပင် ဝါးကို ခွဲခြမ်းစိတ်ဖြာ၍လည်းကောင်း၊ အလုံးလိုက်သော်လည်းကောင်း နေရာစုံ ကဏ္ဍစုံ အသုံးပြုခဲ့ကြသည်ဖြစ်ရာ ဝါးနှင့်ပတ်သက်သော မိရိုးဖလာ လက်မှုပညာသည် ကျေးလက်နေပြည်သူတို့အတွက် စိမ်းလှသည့်ပညာရပ်ကား မဟုတ်ပေ။

ဝါးကို အိမ်နီးချင်းနိုင်ငံများတွင် အိမ်ဆောက်ပစ္စည်းအဖြစ်သာမက ဝါးက တစ်ဆင့် ရိုးရာလက်မှုပစ္စည်းများ၊ ခေတ်မီလူ့အသုံးအဆောင်ပစ္စည်းများအဖြစ် အဆင့်မြင့်တင် ထုတ်လုပ်လာကြသလို မြန်မာနိုင်ငံတွင်လည်း ဝါးနှင့်ပတ်သက်သော ကုန်ချော၊ ကုန်ကြမ်းနှင့် ထုတ်ကုန်များကို ပြည်ပသို့တင်ပို့ပြီး ဈေးကွက်ရရှိရေး၊ လက်မှုပညာနှင့်ပတ်သက်၍ပြည်ပသို့ ထိုးဖောက်နိုင်ရေး၊ ခရီးသွားဧည့်သည်များ ဆွဲဆောင်နိုင်ရေးတို့အတွက် အသင်းအဖွဲ့များ၊ လူပုဂ္ဂိုလ်များက ကြိုးပမ်းဆောင်ရွက်နေကြသည်ကို မြင်တွေ့ကြားသိနေရသည်။

ကျေးလက်ဒေသများတွင် သဘာဝအတိုင်းပေါက်လေ့ရှိပြီး စိုက်ပျိုးသည့်အခါတွင်လည်း လွယ်လင့်တကူ စိုက်ပျိုးနိုင်သည့် ဝါးပင်မှတစ်ဆင့် ခေတ်မီဆန်းသစ်သော၊ နိုင်ငံတကာဈေးကွက်တွင် ယှဉ်ပြိုင်နိုင်စွမ်းရှိသော ဝါးလက်မှုထုတ်ကုန်များ ထုတ်လုပ်နိုင်အောင် စွမ်းဆောင်လာခြင်းဖြင့် ဒေသတွင်းပြည်သူများ၏ လူမှုစီးပွားဘဝများလည်း တိုးတက်မြင့်မားလာမည်ဖြစ်သည်။

မိမိနေထိုင်ရာဒေသကို မိမိတို့၏ ဒေသထွက်ကုန်၊ ထုတ်ကုန်များနှင့်အတူ ယှဉ်တွဲကာ လူသိများထင်ရှားစေပြီး အိမ်တွင်းစီးပွားမှသည် ဒေသတစ်ခုစီးပွားရေး ထိုမှသည် နိုင်ငံ့စီးပွားမြင့်မားရေးကိုပါ အထောက်အကူပြုလာစေမည့် "ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်ခု စီမံချက်"နှင့်ပတ်သက်၍ ဝါးပခြုပ်ကလေးများရက်လုပ်သူ ကော့မှူးမြို့နယ် လက်ခိုက်ကျေးရွာမှ မစန်းသီတာက "ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်ခုလုပ်တဲ့အခါကျတော့ ကိုယ့်ရွာအတွက်ရော ကိုယ့်အတွက်ရော ထွန်းထွန်းပေါက်ပေါက်လုပ်ချင်တဲ့စိတ်ရှိတော့ ခုနောက်ပိုင်း ဒီဇိုင်းဆန်းလေးတွေပါ စမ်းပြီးလုပ်ကြည့်တယ်။ ဆေးခြယ်တာကစလို့ပေါ့၊ လုပ်ငန်းတွင်ကျယ်ရင် တွင်ကျယ်လာသလို ကိုယ့်စီးပွားဝင်ငွေလေးလဲ ဖြောင့်လာမှာပဲလေ"ဟု စကားဆိုခဲ့သည်။

## အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများမှ ကျောင်းအခြေပြုသင်တန်း (၁/၂၀၂၂)ဖွင့်လှစ်ရန် သင်တန်းသားခေါ်ယူခြင်း

**နေပြည်တော် မေ ၂၄**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနသည် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ တောင်ငူ၊ မြစ်ကြီးနား၊ ဖျာပုံ၊ စစ်တွေ၊ ရှောင်နှင့် ထားဝယ်မြို့တို့တွင် အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းများအား ဖွင့်လှစ်ထားရှိကာ စက်ချုပ်သင်တန်းများ (မိန်းမဝတ်၊ ကလေးဝတ်၊ ကျားရှပ်၊ တိုက်ပုံ၊ ကုတ်အင်္ကျီ)၊ လက်မှုသင်တန်း၊ မုန့်မျိုးစုံပြုလုပ်နည်းသင်တန်း၊ အစားအစာချက်ပြုတ်နည်းသင်တန်းနှင့် ပန်းအလှပြင်သင်တန်း စသည့်သင်တန်းများကို ဘဏ္ဍာရေးနှစ်တစ်နှစ်လျှင် သင်တန်းအပတ်စဉ် ရှစ်ခု၊ အပတ်စဉ်တစ်ခုလျှင် ခြောက်ပတ်ကြာ သင်ကြားပေးလျက်ရှိသည့်အပြင် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်ကျောင်းများ၌ စနေ၊ တနင်္ဂနွေနေ့များတွင်လည်း အထူးသင်တန်းများအား ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါသည်။

အဆိုပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများ၌ ၂၀၂၂- ၂၀၂၃ ခု၊ ဘဏ္ဍာနှစ်အတွင်း သင်တန်းအပတ်စဉ်(၁/၂၀၂၂) အား (၂-၅-၂၀၂၂)ရက်နေ့မှ (၁၀-၆-၂၀၂၂)ရက်နေ့ထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ရာ တက်ရောက်လိုသော သင်တန်းသား (အမျိုးသမီး/ အမျိုးသား)များအနေဖြင့် သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်များရှိ အောက်ပါအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း၍ တက်ရောက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်-

- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရန်ကုန်)**
  အမှတ်-၁၃၅၊ဓမ္မစေတီလမ်း၊ ဗဟန်းမြို့နယ်၊
  ဖုန်း-၀၁-၅၃၆၂၈၀
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မန္တလေး)**
  အမှတ်-၁၆၉၊ ၈၃လမ်း၊ ၂၅ x ၂၆လမ်းကြား၊ အောင်မြေသာဇံမြို့နယ်၊ စစ်ကိုင်းတန်းရပ်၊ မန္တလေးမြို့ ၊
  ဖုန်း-၀၂-၄၀၃၆၇၉၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မော်လမြိုင်)**
  ရွှေတောင်ရပ်၊ အထက်လမ်းမကြီးဘေး၊ မော်လမြိုင်မြို့၊
  ဖုန်း-၀၅၇-၂၀၂၇၁၆၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (တောင်ငူ)**
  အမှတ် (၁၈)ရပ်ကွက်၊ စည်သူလမ်း၊ ဘူတာအနီး၊ တောင်ငူမြို့၊ ဖုန်း-၀၅၄-၂၃၅၇၁
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မြစ်ကြီးနား)**
  အမှတ်(၉၂)၊ ရှမ်းစုမြောက်ရပ်ကွက်၊ မြစ်ကြီးနားမြို့၊
  ဖုန်း- ၀၇၄-၂၅၂၂၅၅၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ဖျာပုံ)**
  ကျုံကူကျေးရွာ၊ ဖျာပုံ-ဘိုကလေး ကားလမ်းဘေး၊ဖျာပုံမြို့၊
  ဖုန်း-၀၉-၄၅၅၇၈၈၀၂၁
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ပုသိမ်)**
  အမှတ်-၂ရပ်ကွက်၊ မင်းကြီးလမ်း၊ ပုသိမ်မြို့၊
  ဖုန်း - ၀၄၂- ၂၅၃၇၃၊ ၀၄၂-၂၁၀၇၃
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (စစ်တွေ)**
  မေယုလမ်း(လေယာဉ်ကွင်းအနီး)၊ မန်ကျည်းမြိုင်ရပ်ကွက် စစ်တွေမြို့၊ ဖုန်း- ၀၄၃- ၂၂၀၆၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရှောင်)**
  အမှတ်-၈၂ ၊ အင်းကုန်းငါးဆူကျေးရွာအုပ်စု၊ အင်းကုန်းကျေးရွာ၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှောင်မြို့၊
  ဖုန်း- ၀၉- ၇၈၁၁၁၆၂၇၂
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ထားဝယ်)**
  အကွက်အမှတ်(၂၄)၊ ဆန်ချီအနောက်ကွင်း၊ ထားဝယ်မြို့ တနင်္သာရီတိုင်းဒေသကြီး၊
  ဖုန်း- ၀၅၉-၂၀၂၄၀၀၉

**လူမှုဝန်ထမ်းဦးစီးဌာန**

## မသန်စွမ်းသူများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ Resource Center အဖြစ်မြှင့်တင်၍ TOT သင်တန်းများ ပို့ချနိုင်ရေးဆောင်ရွက်

**နေပြည်တော် မေ ၂၄**

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခိုင်နှင့် ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီးတို့သည် ယနေ့ နံနက်ပိုင်းတွင် မရမ်းကုန်းမြို့နယ်ရှိ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ဗဟိုသိုလှောင်ရုံ(ရန်ကုန်မြို့) သို့ ရောက်ရှိစစ်ဆေးသည်။**



ထိုသို့စစ်ဆေးစဉ် အိန္ဒိယနိုင်ငံအစိုးရမှ မြန်မာနိုင်ငံသို့ လှူဒါန်းသည့် ဆန်နှင့်ဂျုံများ MIP နှင့် Asia World ဆိပ်ကမ်းများမှ ကွန်တိန်နာများဖြင့် ရောက်ရှိမှု၊ ဆန်အိတ်များကို သိုလှောင်ရုံအတွင်း သိုလှောင်ထားရှိမှုနှင့် မြို့နယ်များသို့ ဖြန့်ဝေပို့ဆောင်ရန် စီစဉ်ဆောင်ရွက်ထားရှိမှုကို ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးက ရှင်းလင်းတင်ပြရာ လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီး သိုလှောင်ရုံအတွင်း လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မရမ်းကုန်းမြို့နယ်ရှိ လူမှုဝန်ထမ်းဦးစီးဌာန မသန်စွမ်း သက်ငယ်သင်တန်းကျောင်းသို့ရောက်ရှိရာ တာဝန်ခံကျောင်းအုပ်က သင်တန်းကျောင်း၏ ရည်ရွယ်ချက်နှင့် လုပ်ငန်းဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက သင်တန်းကျောင်းအနေဖြင့် ပိုမိုထိရောက်ကျယ်ပြန့်စွာ အကျိုးပြုနိုင်ရေးအတွက် မသန်စွမ်းသူများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ Resource Center အဖြစ် မြှင့်တင်၍ TOT သင်တန်းများပို့ချနိုင်ရေး ဆောင်ရွက်သွားရန် မှာကြားသည်။

ယင်းနောက် မရမ်းကုန်းမြို့နယ်ရှိ လူမှုဝန်ထမ်းဦးစီးဌာန မသန်စွမ်းကလေးများ ပြုစုစောင့်ရှောက်ရေးဂေဟာသို့ရောက်ရှိကြပြီး မသန်စွမ်းကလေးများအား ပြုစုစောင့်ရှောက်ပေးနေမှုနှင့် စားသောက်နေထိုင်မှုကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ မသန်စွမ်းကလေးများကို ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်အားပေးကြသည်။ **(အပေါ်ယာပုံ)**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မရမ်းကုန်းမြို့နယ်ရှိ လူမှုဝန်ထမ်းဦးစီးဌာန လူမှုဝန်ထမ်းအတတ်သင်သိပ္ပံကျောင်း၌ သင်တန်းကျောင်းခန်းမဆောင်၊ ဝန်ထမ်းအိမ်ရာနှင့် သင်တန်းကျောင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် မရမ်းကုန်းမြို့နယ်ရှိ လူမှုဝန်ထမ်းဦးစီးဌာန ကျိုက်ဝိုင်းလူငယ်သင်တန်းကျောင်းသို့ ရောက်ရှိရာ တာဝန်ခံကျောင်းအုပ်က ကျောင်း၏ တည်နေရာ၊ အဆောက်အဦ၊ ဝန်ထမ်းအင်အား၊ ဝင်ဆံ့အင်အားနှင့် လက်ခံစောင့်ရှောက်ထားရှိမှု၊ ကလေးများ အသိပညာအတတ်ပညာဖွံ့ဖြိုးစေရေး ဆောင်ရွက်နေမှု၊အားသာချက်၊အားနည်းချက်များနှင့် ဖြည့်ဆည်းဆောင်ရွက်ပေးစေလိုသည့် အချက်များကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက လိုအပ်သည်များမှာကြားပြီး သင်တန်းကျောင်းအိပ်ဆောင်များအတွင်း လိုက်လံကြည့်ရှုကာ ကလေးငယ်များအား လိမ္မာရေးခြားရှိပြီး အကျိုးပြုနိုင်သော လူ့စွမ်းအား အရင်းအမြစ်များ ဖြစ်လာစေရေးအတွက် ကြိုးစားဆောင်ရွက်ကြရန် တိုက်တွန်းအားပေးပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## မျှတသော တရားစီရင်ရေးရရှိစေရန် ဆောင်ရွက်ရမည့်အပြင် တရားမျှတမှုမဏ္ဍိုင်ပြောင်းလဲမှုတွင် တက်ကြွစွာပါဝင်

**ရန်ကုန် မေ ၂၄**

ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ် ဦးဌေးအောင် တိုင်းဒေသကြီးအတွင်းရှိ ဥပဒေအရာရှိများနှင့် တွေ့ဆုံပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီက ပန်းဆိုးတန်းလမ်းရှိ ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ်ရုံး အစည်းအဝေးခန်းမ (၂)၌ ကျင်းပသည်။ **(ယာပုံ)**



အဆိုပါ အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ် ဦးဌေးအောင်၊ ရန်ကုန်တိုင်းဒေသကြီး ဥပဒေအရာရှိ ဦးမောင်မောင်တာ၊ တိုင်းဒေသကြီးအတွင်းရှိ ခရိုင်လေးခရိုင်မှ ဥပဒေအရာရှိများ၊ မြို့နယ်ဥပဒေအရာရှိများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ် ဦးဌေးအောင်က အဖွင့်အမှာစကား ပြောကြားရာတွင် မျှော်မှန်းချက်ဖြစ်သော တရားဥပဒေ စိုးမိုးရေးအတွက် ဥပဒေနှင့်ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ အကြောင်းအရာများ၊ တာဝန်ဖြစ်သော နိုင်ငံတော်အစိုးရ၏ တရားဥပဒေစိုးမိုးရေးဆိုင်ရာ မူဝါဒများ ပိုမိုအားကောင်းလာစေရန် အလေးထားဆောင်ရွက်ရမည့် အကြောင်းအရာများ၊ လုပ်ပိုင်ခွင့်ဖြစ်သော မျှတသော တရားစီရင်ရေးရရှိစေရန် ဆောင်ရွက်ရမည့်အပြင် တရားမျှတမှုမဏ္ဍိုင် ပြောင်းလဲမှုတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ရမည့် အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဥပဒေအရာရှိ ဦးမောင်မောင်တာက လုပ်ငန်းခွင်အတွင်း အားနည်းချက် အားသာချက်များကို ရှင်းလင်းပြောကြားပြီး အစည်းအဝေး တက်ရောက်လာကြသော တိုင်းဒေသကြီးအတွင်းရှိ ဥပဒေအရာရှိများက မိမိတို့၏လုပ်ငန်းတာဝန်များနှင့် ပတ်သက်၍ ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။ ထို့နောက် တိုင်းဒေသကြီး ဥပဒေချုပ် ဦးဌေးအောင်က ဆွေးနွေး တင်ပြချက်များနှင့် စပ်လျဉ်း၍ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်းသိရှိရသည်။

**အောင်မြင့်**

**(ပြန်/ဆက်)**

# တောင်ကုတ်မြို့နယ်နှင့် သံတွဲမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၂၄**

ရခိုင်ပြည်နယ် သံတွဲခရိုင်အတွင်းရှိ တောင်ကုတ်မြို့နယ်နှင့် သံတွဲမြို့နယ်များအတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများကို မေ ၂၂ ရက်နှင့် ၂၃ ရက်တို့တွင် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ အောင်ကျော်မင်းနှင့် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် ထင်လတ်ဦးတို့က ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးသည်။



ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် မေ ၂၂ ရက် ညနေပိုင်းတွင် တောင်ကုတ်မြို့နယ် ပန်းတင်ကျွန်းရှိ ငမောက်ချောင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်းနှင့် မကျည်းတောကျေးရွာ အခြေခံပညာမူလတန်းကျောင်းတို့တွင် ကျောင်းခြံစည်းရိုး၊ အုတ်တံတိုင်းကာရံပြီးစီးမှုအခြေအနေများ၊ ကျေးရွာအုပ်စုရှိ မုန်တိုင်းဒဏ်ခံဘက်စုံသုံးအဆောက်အအုံ ထိန်းသိမ်းထားရှိမှုနှင့် အဆောက်အအုံသစ် ဆောက်လုပ်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသသည်။ ထို့နောက် ခမောက်ချောင်းကျေးရွာ တိုက်နယ်ဆေးရုံသို့ သွားရောက်ပြီး ကျန်းမာရေးဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ကာ ဆေးရုံအတွက် လိုအပ်ချက်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။

မေ ၂၃ ရက်က ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် တောင်ကုတ်မြို့နယ် တဲမောက်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ကျောင်းဆောင်သစ်ဆောက်လုပ်မည့် မြေနေရာကိုလည်းကောင်း၊ ကမ်းဒေးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း ကျောင်းအဝင်ကွန်ကရစ်လမ်းခင်းခြင်းနှင့် ကျောင်းခြံစည်းရိုး အုတ်တံတိုင်းကာရံ ပြီးစီးမှုတို့ကို လည်းကောင်း ကြည့်ရှုစစ်ဆေးရာ မြို့နယ်ပညာရေးမှူးနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသသည်။ ထို့နောက် တောင်ကုတ်ပင်မဓာတ်အားခွဲရုံ ၂၃၀ ကေဗွီဓာတ်အားခွဲရုံသို့ ရောက်ရှိရာ ဓာတ်အားခွဲရုံမှူး ဦးမျိုးသန့်ဦးက လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ဓာတ်အားခွဲရုံအတွင်း လှည့်လည်ကြည့်ရှုကြရာ ဓာတ်အားခွဲရုံမှူးနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် အဖွဲ့သည် သံတွဲမြို့နယ် ဇီးကျွန်းကျေးရွာသို့ ရောက်ရှိပြီး တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုဝင်များနှင့် စေတနာရှင်များ၏ စုပေါင်းလှူဒါန်းမှုဖြင့် ၂၀၁၄-၂၀၁၅ ခုနှစ်တွင် တည်ဆောက်ခဲ့သော ဇီးကျွန်းကျေးရွာအဝင်တံတားကို ကြည့်ရှုစစ်ဆေးကာ တံတားကြံ့ခိုင်ကောင်းမွန်ရေးအတွက် ဆောင်ရွက်မည့်အခြေအနေများ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ပေးနိုင်မည့် အခြေအနေများနှင့် ပတ်သက်၍ လှည့်လည်ကြည့်ရှုစစ်ဆေးကြရာ ဌာနဆိုင်ရာတာဝန်ရှိသူများက သက်ဆိုင်ရာ ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ အဖွဲ့ဝင်များသည် သံတွဲမြို့နယ် ရွှေလေ့ကျေးရွာ၊ နတ်တောင်မော်ကျေးရွာ၊ အမှတ်(၆) ရပ်ကွက်တို့သို့ရောက်ရှိပြီး လျှပ်စစ်မီးနှင့် သောက်သုံးရေဖူလုံရေး ဆောင်ရွက်ထားရှိမှု၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုများ၊ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကြောင်း သိရသည်။

**သတင်းစဉ်**

# ဟားခါးတပ်နယ် အခြေခံပညာမူလတန်းလွန်ကျောင်း၌ အနွေးထည်များ ထောက်ပံ့ပေးအပ်

**ဟားခါး မေ ၂၄**

ဟားခါးတပ်နယ် အခြေခံပညာမူလတန်းလွန်ကျောင်းရှိ ဆရာဆရာမများနှင့် ကျောင်းသားကျောင်းသူများအတွက် အနွေးထည် ထောက်ပံ့ပေးအပ်ခြင်း အခမ်းအနားကို မေ ၂၃ ရက်က အဆိုပါကျောင်းရှေ့၌ ကျင်းပရာ ချင်းပြည်နယ် ဝန်ကြီးချုပ် ဦးငွန်ဆန်းအောင်၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဟန်ဝင်းအောင်၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ရဲမှူးကြီး စိုးလွင်မိုး၊ ဗိုလ်မှူးကြီး စောထွန်းနှင့်ဆရာဆရာမများ၊ ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က ကျောင်းသား ကျောင်းသူများအား လာမည့် ဇွန်လတွင် ကျောင်းပြန်လည် ဖွင့်လှစ်တော့မည်ဖြစ်၍ ယခုအချိန်၌ပင် စာများကြိုတင်ဖတ်ရှုလေ့လာရန် ဆရာဆရာမများကလည်း ကျောင်းသားကျောင်းသူများအား ဝိုင်းဝန်းကူညီ သင်ကြားပေးရန်နှင့် ကျောင်းသား ကျောင်းသူများအနေဖြင့် အားလပ်သည့်အချိန်များတွင် ဖုန်းနှင့် ဂိမ်းဆော့ခြင်းများကို မပြုလုပ်ဘဲ မိမိတတ်နိုင်သလောက် မိဘအလုပ် ဝိုင်းဝန်းကူညီရန် တိုက်တွန်းအားပေးစကားပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ စစ်ဗျူဟာမှူး၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး၏ ဇနီး ဒေါ်သိန်းသိန်းမော်နှင့် နယ်စပ်ဒေသ တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနပြည်နယ်ဦးစီးမှူး ဦးစိုးမင်းအုန်းတို့က ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား အနွေးထည်များ ပေးအပ်ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်သည် သကြၤန်ကာလအတွင်း လုံခြုံရေး ဆောင်ရွက်နေခဲ့သော တပ်မတော်သားများအား ဂုဏ်ပြုသည့်အနေဖြင့် ကျင်းပသည့် မိတ်ဆုံစားပွဲသို့ တက်ရောက်ရာ ဗိုလ်မှူးကြီး စောထွန်းက နှုတ်ခွန်းဆက်စကား ပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်က အမှာ စကားပြောကြားကာ တပ်မိသားစုဝင်များ၏ ကပြဖြေဖျော်မှုကို ကြည့်ရှုအားပေး၍ ထောက်ပံ့ငွေများ ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။



**ခရိုင် (ပြန်/ဆက်)**

# တပ်မတော်ဆေးတက္ကသိုလ်၏ (၁၁) ကြိမ်မြောက် ဘွဲ့လွန်ဘွဲ့နှင်းသဘင်အခမ်းအနားကျင်းပ

**နေပြည်တော် မေ ၂၄**

တပ်မတော်ဆေးတက္ကသိုလ်၏ (၁၁)ကြိမ်မြောက် ဘွဲ့လွန်ဘွဲ့နှင်းသဘင် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်ဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ တပ်မတော်ဆေးတက္ကသိုလ် ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ် အောင်မင်းဦး၊ တပ်မတော်ဆေးတက္ကသိုလ်ပါမောက္ခချုပ် ဗိုလ်မှူးချုပ် ခင်အောင်ထွန်း၊ တပ်မတော်ဆေးတက္ကသိုလ်မှ ပညာရေးအဖွဲ့ဝင်များ၊ ဘွဲ့အပ်နှင်းခံရမည့် အရာရှိကြီးများ၊ အရာရှိများနှင့်၎င်းတို့၏ မိသားစုဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



အစီအစဉ်အရ တပ်မတော်ဆေးတက္ကသိုလ် ကျောင်းအုပ်ကြီး၊ ပါမောက္ခချုပ်နှင့် ပညာရေးအဖွဲ့ဝင်များသည် ဘွဲ့နှင်းသဘင်ခန်းမသို့ဝင်ရောက်၍ သတ်မှတ်နေရာများတွင် နေရာယူကြပြီးနောက် မြန်မာ့ဆိုင်းတူရိယာအဖွဲ့က နိုင်ငံတော်သီချင်း တီးမှုတ်ကာ ဘွဲ့နှင်းသဘင်အခမ်းအနားကို ဖွင့်လှစ်သည်။ ထို့နောက် ပါမောက္ခချုပ်က ဘွဲ့နှင်းသဘင် ကျင်းပကြောင်း ကြေညာပြီး ဘွဲ့ယူမည့်သူများအား ကတိသစ္စာခံယူစေခြင်း၊ မော်ကွန်းထိန်းက ဘွဲ့ယူမည့်သူများကို ပါမောက္ခချုပ်ထံသို့ ပို့ဆောင်ခြင်းတို့ကို အစီအစဉ်အတိုင်းဆောင်ရွက်ကြသည်။

ဆက်လက်၍ ပါမောက္ခချုပ်က ပါရဂူဘွဲ့ ၄၇ ဦး၊ ဆေးပညာမဟာသိပ္ပံဘွဲ့ ၃၇ ဦး၊ ဆေးပညာသင်ကြားရေးဘွဲ့လွန်ဒီပလိုမာဘွဲ့ ၂၄ ဦး စုစုပေါင်း ၁၀၈ ဦးတို့အား ဘွဲ့လက်မှတ်များ ချီးမြှင့်အပ်နှင်းသည်။ ထို့နောက် ပါမောက္ခချုပ်က အွန်လိုင်းစနစ်ဖြင့် ဘွဲ့ယူမည့်ပါရဂူဘွဲ့တစ်ဦး၊ ဆေးပညာမဟာသိပ္ပံဘွဲ့ ၅၆ ဦး၊ ဆေးပညာသင်ကြားရေး ဘွဲ့လွန်ဒီပလိုမာဘွဲ့ ၄ ဦး စုစုပေါင်း ၆၁ ဦးတို့အား ဘွဲ့ချီးမြှင့်အပ်နှင်းကာ ဘွဲ့ရသူများအား ဘွဲ့များနှင့်လျော်ညီသော အဆောင်အယောင်အမှတ်လက္ခဏာဖြစ်သည့် ဝတ်ရုံများကို ဝတ်ဆင်ခွင့်ပြုခဲ့ပြီး ဘွဲ့နှင်းသဘင်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

ယင်းနောက် ကျောင်းအုပ်ကြီးက ဘွဲ့နှင်းသဘင် မိန့်ခွန်းပြောကြားပြီးနောက် အခမ်းအနားကို ရုပ်သိမ်းကြောင်းကြေညာကာ တပ်မတော်ဆေးတက္ကသိုလ် ကျောင်းအုပ်ကြီး၊ ပါမောက္ခချုပ်နှင့် ပညာရေးအဖွဲ့ဝင်များသည် ဘွဲ့နှင်းသဘင်ခန်းမမှ ပြန်လည်ထွက်ခွာသွားကြသည်။

တပ်မတော်ဆေးတက္ကသိုလ်အနေဖြင့် ယနေ့အချိန်အထိ ဆေးပညာမဟာသိပ္ပံဘွဲ့ ၂၄၉၀၊ ဆေးလက်တွေ့နှင့် ဆေးလက်တွေ့အခြေခံပါရဂူဘွဲ့ ၂၀၇ ဦး၊ ဆေးပညာသင်ကြားရေး ဘွဲ့လွန်ဒီပလိုမာဘွဲ့ ၂၆၈ ဦး၊ ဆေးပညာဘွဲ့လွန်ဒီပလိုမာဘွဲ့ ၂၆၉ ဦးတို့အား ဘွဲ့များ ပေးအပ်ချီးမြှင့်ခဲ့ပြီးဖြစ်သည်။ လက်ရှိ ဆေးပညာမဟာသိပ္ပံဘွဲ့လွန် အမှတ်စဉ် (၂၇)တွင် သင်တန်းသားအရာရှိ ၅၈ ဦး၊ အမှတ်စဉ် (၂၈)တွင် သင်တန်းသားအရာရှိ ၂၀၁ ဦး၊ အမှတ်စဉ်(၂၉)တွင် သင်တန်းသားအရာရှိ ၃၀၄ ဦး စုစုပေါင်း ဘွဲ့လွန်သင်တန်းသားအရာရှိ ၅၆၃ ဦး သင်တန်းတက်ရောက်နေဆဲဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# စစ်ကိုင်းပညာရေးတက္ကသိုလ်နှင့် စစ်ကိုင်းပညာရေးဒီဂရီကောလိပ် ပညာရေးဘွဲ့ စာပေးစာယူသင်တန်း သင်တန်းသား သင်တန်းသူများ ကြိုဆိုပွဲများကျင်းပ

**မုံရွာ မေ ၂၄**

စစ်ကိုင်းပညာရေးတက္ကသိုလ် ပညာရေးဘွဲ့ စာပေးစာယူသင်တန်း အပတ်စဉ် (၂၀/၂၁) သင်တန်းသား သင်တန်းသူများ ကြိုဆိုပွဲအခမ်းအနားကို မေ ၂၃ ရက်က စစ်ကိုင်းပညာရေးတက္ကသိုလ်ရှိ ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော် တက်ရောက်သည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကား ပြောကြားပြီး စစ်ကိုင်းပညာရေးတက္ကသိုလ်မှ ခေတ္တပါမောက္ခချုပ်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားကာ တိုင်းဒေသကြီးဝန်ကြီးချုပ်က B.Ed ပထမနှစ် သင်တန်းသား သင်တန်းသူများအတွက် ငွေကျပ် ၅၈၈၃၀၀၀၀ **(အပေါ်ပုံ)**နှင့် B.Ed ဒုတိယနှစ် သင်တန်းသား သင်တန်းသူများအတွက် ငွေကျပ် ၅၂၅၆၀၀၀၀ တို့ကို ခေတ္တပါမောက္ခချုပ်နှင့် သင်တန်းသား သင်တန်းသူများထံ ပေးအပ်သည်။




အဆိုပါ စစ်ကိုင်းပညာရေးတက္ကသိုလ်တွင် အထက်မြန်မာပြည်ရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ B.Ed ပညာရေးဘွဲ့စာပေးစာယူသင်တန်း B.Ed ပထမနှစ်တွင် သင်တန်းသား သင်တန်းသူ ၁၉၆၁ဦး၊ B.Ed ဒုတိယနှစ်တွင် သင်တန်းသား သင်တန်းသူ ၁၇၅၂ ဦး တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် စစ်ကိုင်းပညာရေး ဒီဂရီကောလိပ်ရှိ မြရောခန်းမ၌ ကျင်းပသော ပညာရေးဘွဲ့ စာပေးစာယူ ပထမနှစ်သင်တန်း အမှတ်စဉ် (၁/၂၀၂၂) သင်တန်းသား သင်တန်းသူများ ကြိုဆိုပွဲသို့ တက်ရောက်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး သင်တန်းသား သင်တန်းသူများအတွက် ငွေကျပ် ၈၅၂၀၀၀၀ ကို ကျောင်းအုပ်ကြီးနှင့် သင်တန်းသား သင်တန်းသူများထံ ပေးအပ်ကာ စစ်ကိုင်းပညာရေး ဒီဂရီကောလိပ်မှ ကျောင်းအုပ်ကြီးက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးသည်။

အဆိုပါ စစ်ကိုင်းပညာရေး ဒီဂရီကောလိပ် ပညာရေးဘွဲ့ စာပေးစာယူ ပထမနှစ်သင်တန်း အမှတ်စဉ် (၁/၂၀၂၂)တွင် ပညာရေးဘွဲ့မရရှိသူ ဆရာ ဆရာမများ၊ အခြေခံပညာဦးစီးဌာနမှ အထက်တန်းပြ၊ အလယ်တန်းပြ၊ မူလတန်းကျောင်းအုပ်နှင့် ရုံးဝန်ထမ်းများ စုစုပေါင်း ၂၈၄ ဦး တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## ၂၀၂၁-၂၀၂၂ ပညာသင်နှစ် အခြေခံပညာအဆင့် ပထမတန်းမှ နဝမတန်းအထိ စာမေးပွဲအောင်စာရင်းများ ထုတ်ပြန်ကြေညာ

**မန္တလေး**

၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် မတ်လအတွင်းက ကျင်းပခဲ့သည့် အခြေခံပညာအဆင့် Grade 1 (ပထမတန်း)မှ Grade-10(နဝမတန်း)အထိ စာမေးပွဲအောင်စာရင်းများကို ယနေ့နံနက်ပိုင်းက မန္တလေးမြို့ရှိ အခြေခံပညာကျောင်းများတွင် ထုတ်ပြန်ကြေညာပေးထားကြောင်း သိရသည်။

အဆိုပါအခြေခံပညာအဆင့် အောင်စာရင်းများအတွက် အရည်အချင်းစစ်စာမေးပွဲကို မတ်လအတွင်းက ကျင်းပခဲ့ပြီး ယင်းတို့အနက် Grade-9 စာမေးပွဲအတွက် တိုင်းဒေသကြီးပညာရေးမှူးရုံးမှ ကြီးကြပ်ပြုစု၍ မတ် ၁၇ ရက်မှ ၂၃ ရက်အထိ စစ်ဆေးရာ ယင်း Grade-9 စာမေးပွဲတွင် မန္တလေးတိုင်းဒေသကြီးအတွင်းမှ ကျောင်းသား ကျောင်းသူဦးရေ ၃၀၀၀၀ ကျော် ဝင်ရောက်ဖြေဆိုခဲ့ကြောင်း တိုင်းဒေသကြီးပညာရေးမှူးရုံး စာရင်းများအရ သိရသည်။

လာမည့် ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် အခြေခံပညာအဆင့် ကျောင်းသား ကျောင်းသူများအား မူလတန်းအဆင့် Grade-5 ကို သင်ရိုးသစ်အဖြစ်လည်းကောင်း၊ အလယ်တန်းအဆင့် Grade-8 ကို သင်ရိုးသစ်အဖြစ် လည်းကောင်း၊ အထက်တန်းအဆင့်တွင် Grade-11 ကို သင်ရိုးသစ်အဖြစ် လည်းကောင်း ပြောင်းလဲသင်ကြားပေးမည်ဖြစ်ပြီး လက်ရှိတွင် မူလတန်းအဆင့် Grade-5 ကို သင်ရိုးသစ်အဖြစ် ပြောင်းလဲသင်ကြားပေးနိုင်ရန် ဆရာ ဆရာမများအား ဗဟိုအဆင့်နည်းပြသင်တန်းများ ဖွင့်လှစ်ပို့ချပေးလျက်ရှိကြောင်း သိရသည်။

**မောင်အေးချမ်း**



မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်ရှိ အမှတ်(၁၆) အခြေခံပညာအထက်တန်းကျောင်းတွင် စာမေးပွဲအောင်စာရင်းများကို လာရောက်ကြည့်ရှုနေကြသည့် ကျောင်းသား ကျောင်းသူများနှင့် မိဘများအား တွေ့ရစဉ်။

**သရက်ချောင်းမြို့နယ်အတွင်းရှိ ၂၀၂၁-၂၀၂၂ ပညာ သင်နှစ်အတွင်း ဖွင့်လှစ်သော အခြေခံပညာကျောင်းများတွင် ကျောင်းတွင်းစစ် စာမေးပွဲများမှ အတန်းလိုက် စာမေးပွဲ အောင်စာရင်းများကို မေ ၂၄ ရက်က သက်ဆိုင်ရာကျောင်းများအလိုက်အောင်စာရင်း ထုတ်ပြန်ရာ ကျောင်းသား ကျောင်းသူများ လာရောက်ကြည့်ရှုကြစဉ်။**

နန်းခလိုက်(သရက်ချောင်း)



**ကလိန်အောင်**

တနင်္သာရီတိုင်းဒေသကြီး ကလိန်အောင်မြို့ရှိ (၂၀၂၁-၂၀၂၂) ပညာသင်နှစ်အတွင်း ဖွင့်လှစ်သင်ကြားလျက်ရှိသော အခြေခံပညာကျောင်းများတွင် ကျောင်းတွင်းစစ် စာမေးပွဲများမှ အတန်းလိုက် စာမေးပွဲအောင်စာရင်းများကို ယနေ့နံနက်ပိုင်းက သက်ဆိုင်ရာ ကျောင်းများအလိုက် အောင်စာရင်းထုတ်ပြန်၍ ကျောင်း၏ ကြော်ငြာသင်ပုန်းတွင် ကပ်ထားကြေညာပေးထားရာ ကျောင်းသားမိဘများ၊ ကျောင်းသား ကျောင်းသူများ လာရောက်ကြည့်ရှုကြသည်။

ယင်းသို့ စာမေးပွဲအောင်စာရင်းများ ကြေညာရာတွင် ၂၀၂၁-၂၀၂၂ ပညာသင်နှစ် သင်ရိုးသစ် (KG) တန်းမှစ၍ (Grade-10)အတန်းအထိ (တက္ကသိုလ်ဝင်တန်း မပါ) အတန်းလိုက်အောင်စာရင်းများကို မေ ၂၄ ရက်မှ ၂၆ ရက်အထိ သုံးရက်အကြာ ကြေညာပေးထားမည်ဖြစ်ပြီး ၂၀၂၂ ခုနှစ် မေ ၂၅ ရက်မှစတင်၍ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်အတွက် ကျောင်းသား ကျောင်းသူများကို ကျောင်းအပ်နှံမှု လက်ခံပေးမည်ဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

**ခင်ခင်လဲ့(ပြန်/ဆက်)**

**သဃ်န်းကျွန်း**

ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ်တွင် ၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် အောင်စာရင်းများကို ယနေ့နံနက်ပိုင်းက မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများအလိုက် မြို့နယ်ပညာရေးမှူးရုံး၏ ကြီးကြပ်မှုဖြင့် ထုတ်ပြန်ကြေညာကြောင်း သိရသည်။

သဃ်န်းကျွန်းမြို့နယ်တွင် အထက်တန်းကျောင်း ငါးကျောင်း၊ အထက်တန်းခွဲကျောင်း နှစ်ကျောင်း၊ အလယ်တန်းကျောင်း ငါးကျောင်း၊ မူလတန်းလွန်ကျောင်း ငါးကျောင်း၊ မူလတန်းကျောင်း ၃၀၊ ဘုန်းတော်ကြီးသင်ကျောင်း ခြောက်ကျောင်းနှင့် ကိုယ်ပိုင်အထက်တန်းကျောင်း ၁၃ ကျောင်း စုစုပေါင်း ၆၆ ကျောင်းရှိရာ ၂၀၂၁- ၂၀၂၂ ပညာသင်နှစ်တွင် စာမေးပွဲဝင်ရောက်ဖြေဆိုသူ KG၊ Grade-1၊ Grade-2၊ Grade-3၊ Grade-4၊ Grade-6၊ Grade-7၊ Grade-8 (သင်ရိုးဟောင်း) ၊ Grade-9(သင်ရိုးဟောင်း)၊ Grade ( 10) အထိ ကျောင်းသား ကျောင်းသူ ၇၉၈၉ ဦးရှိခဲ့ပြီး အောင်မြင်သူ ၇၉၈၉ ဦး ရှိခဲ့သည့်အတွက် ၁၀၀ ရာခိုင်နှုန်းအောင်မြင်ကြောင်း မြို့နယ်ပညာရေးမှူး ဦးသိန်းထွန်းထံမှ သိရသည်။

ထိုသို့ အောင်စာရင်းများ ထုတ်ပြန်ကြေညာရာ ကျောင်းများအလိုက် ဝင်ရောက်ဖြေဆိုခဲ့သည့် ကျောင်းသား ကျောင်းသူများနှင့် မိဘပြည်သူများက ယနေ့ နံနက်ပိုင်းက လာရောက်ကြည့်ရှုလျက်ရှိပြီး အဆင်ပြေချောမွေ့စွာ ကြည့်ရှုနိုင်ရေးအတွက် ဆရာ ဆရာမများနှင့် သက်ဆိုင်ရာတာဝန်ရှိသူများက ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**စန္ဒာမိုး**

**သုံးခွ**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်တွင် ၂၀၂၁-၂၀၂၂ ပညာသင်နှစ် အခြေခံပညာ ကျောင်းသား ကျောင်းသူများ၏ အောင်စာရင်းများကို မေ ၂၄ ရက် နံနက် ၆ နာရီမှစတင်ကာ သက်ဆိုင်ရာကျောင်းများအလိုက် ကြော်ငြာသင်ပုန်းများ၌ ကပ်ထားပေးရာ ကျောင်းသား ကျောင်းသူများ၊ မိဘအုပ်ထိန်းသူများ လာရောက်ကြည့်ရှုကြကြောင်း သိရသည်။ KG တန်းမှ(Grade-1)သို့ တက်ရောက်ခွင့်ရသူများ စာရင်း၊ (Grade-1)မှ သင်ရိုးသစ်(Grade-10)ထိ အောင်စာရင်းများ ထုတ်ပြန်ခဲ့ကြောင်း သိရသည်။ သုံးခွမြို့နယ်တွင် အခြေခံပညာသင်ကျောင်း၊ ၁၄၆ ကျောင်း၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ငါးကျောင်း၊ သီလရှင်သင်ပညာရေးကျောင်း တစ်ကျောင်း စုစုပေါင်း ၁၅၂ ကျောင်း ရှိကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

**ကျော်ဆန်း**

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် မေ ၂၄**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ကရင်ပြည်နယ် ဘားအံမြို့နယ် ထုံးအိုင်စံပြကျေးရွာနေသူများဖြစ်သည့် မြမြဦး(၃၉)နှစ်၊ မျိုးကြည်(ခ) မီးမီး (၅၇)နှစ်၊ ချိုမာ (၄၀)နှစ်၊ ပိုပိုချော (၄၆)နှစ်နှင့် သဇင်အောင် (၃၃)နှစ်တို့ ငါးဦးသည် ၎င်းတို့အသုံးပြုသည့် “Mya Mya Oo”၊ “Mee Mee”၊ “Cho Mar”၊ “Po Po Chaw” နှင့် “Tha Zin Aung” Facebook အကောင့်များ၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ ကျောင်းဆိုးကျေးရွာနေ သန်းတိုးအောင် (၁၉)နှစ်သည် ၎င်းအသုံးပြုသည့် “Than Toe Aung” Facebook အကောင့်၊ ရေတာရှည်မြို့နယ် နတ်စင်ကုန်းကျေးရွာနေ တင်တင်ဝေ (၂၅)နှစ်သည် ၎င်းအသုံးပြုသည့် “Tin Tin Wai” Facebook အကောင့်နှင့် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်နေ အောင်စည်ဖြိုး (၃၄)နှစ်သည် ၎င်းအသုံးပြုသည့် “Austin Phyo” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ထားကြောင်း သိရသည်။

**သတင်းစဉ်**

## လေရှီးမြို့နယ်၌ ကိုဗစ်ကာကွယ်ဆေးထိုးခြင်းအား အရှိန်အဟုန်မြှင့်ဆောင်ရွက်

**လေရှီး မေ ၂၄**

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီးမြို့နယ်၌ ကိုဗစ်ကာကွယ်ဆေးထိုးခြင်းအား စစ်ဆေးရေးဂိတ်များဖွင့်၍ ကိုဗစ်ကာကွယ်ဆေးထိုးနှံထားခြင်း ရှိ၊ မရှိ စစ်ဆေးခြင်း၊ ကာကွယ်ဆေးမထိုးနှံရသေးသူများအား မြို့နယ်ဆရာဝန်၏ ညွှန်ကြားချက်နှင့်အညီ ထိုးနှံပေးခြင်းနှင့် မှတ်ပုံတင်ကတ်များ စစ်ဆေးခြင်းတို့ကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက အဖွဲ့ငါးဖွဲ့ဖြင့် ကျေးရွာအုပ်စု ၁၄ အုပ်စုသို့ မြေပြင်ကွင်းဆင်း၍ ကိုဗစ်ကာကွယ်ဆေးထိုးခြင်းကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးဂိတ်များမှာ မြို့မဂိတ်၊ အောင်မင်္ဂလာဂိတ်၊ ဆွမ္မရာမြို့ အဝင်/ အထွက်ဂိတ်များနှင့် ကျေးရွာအုပ်စု ၁၄ အုပ်စုရှိ ကျေးရွာများမှ ဒေသခံပြည်သူစုစုပေါင်း ၁၂၇၀ ကို ကိုဗစ်ကာကွယ်ဆေးများ ထိုးနှံပေးကြောင်း သိရသည်။

လေရှီးမြို့တွင် ကိုဗစ်ကာကွယ်ဆေးထိုးနှံရန်အတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ရပ်ကွက်၊ ကျေးရွာအုပ်စုများသို့ ကွင်းဆင်း၍ ရာနှုန်းပြည့် ကာကွယ်ဆေးထိုးနှံနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ယွန်း(မုံရွာ၊ ကိုယ်ပွား)**

ကျန်းမာရေးဝန်ကြီးဌာန

ပြည်သူ့ကျန်းမာရေးဦးစီးဌာန

ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ

### သတိပြုရမည့်အပူဒဏ်အန္တရာယ်များ

### (က) အပူဒဏ်ကြောင့်ပင်ပန်းနွမ်းနယ်ခြင်း (Heat Exhaustion)

❑ ဂနာမငြိမ်ခြင်း၊

❑ ခေါင်းမူးနောက်ခြင်း၊ ခေါင်းကိုက်ခြင်း၊

❑ တစ်ကိုယ်လုံး နုံးချည့်ပျော့ခွေခြင်းနှင့် ကြွက်တက်ခြင်း၊

❑ ချွေးအလွန်အကျွံထွက်ခြင်းကြောင့် ခန္ဓာကိုယ်အရေပြားအေး၍စိုစွတ်ခြင်း၊

❑ ခန္ဓာကိုယ်အပူချိန်မြင့်တက်ခြင်း။

### (ခ) အပူဒဏ်ကြောင့် သတိလစ်ခြင်း (Heat Stroke)

❑ ခန္ဓာကိုယ်အပူချိန် အလွန်အကျွံမြင့်တက်လာခြင်း၊

❑ အရေပြားပူ၍ခြောက်သွေ့ခြင်း (သို့မဟုတ်) ချွေးခန်းခြောက်ခြင်း၊

❑ ကယောင်ကတမ်းဖြစ်ခြင်း၊

❑ သတိလစ်ခြင်း၊ တက်ခြင်း။

### အပူဒဏ်အန္တရာယ်ကျရောက်သည့်လူနာကို အရေးပေါ်ရှေးဦးပြုစုခြင်း

❖ လူနာကို အရိပ်ရပြီးအေးမြသော နေရာသို့ရွှေ့ထားပါ၊

❖ လေပန်ကာ၊ လေအေးပေးစက် ဖွင့်ထားပေးပါ၊ မရှိပါက ယပ်ခတ်ပေးပါ၊

❖ လူနာ၏ ခြေရင်းဘက်ကို မြှင့်ထားပေး၍ ပက်လက်အနေအထားဖြင့်ထားပါ၊

❖ လူနာ၏ အဝတ်အစားများကို ချွတ်ပါ၊

❖ လူနာ၏ လည်ပင်း၊ ချိုင်းနှစ်ဖက်၊ ပေါင်ခြံနှစ်ဖက်တို့ကို ရေပတ်တိုက်ပါ၊

❖ လူနာကောင်းစွာသတိရနေပါက ရေအေးအေး(သို့) ဓာတ်ဆားရည်တိုက်ပါ။

အပူဒဏ်ကြောင့် သတိလစ်ခြင်းဖြစ်ပွားမည့်လက္ခဏာများ ပေါ်ပေါက်ပါက အသက်အန္တရာယ်ထိခိုက်နိုင်သည်။ နီးစပ်ရာ ဆေးရုံ၊ ဆေးခန်းသို့ ချက်ချင်းပို့ဆောင်ပါ။

“အဂတိပယ်ခွာ ပြည်သာယာ”

Remove Corruption, Promote Prosperity

### အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာ အပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ် တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

### လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊ စာတိုက် သေတ္တာအမှတ်(၁၄၄)၊

ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊

၀၆၇-၈၁၀၃၃၃၄၊

Email Address – accm@accm.gov.mm၊

Website Address – http://www.accm.gov.mm



ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာဖတ်ပရိသတ်အပေါင်း မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေ။ ဒီတစ်ပတ်မှာတော့ အရင်အပတ်ကဖော်ပြခဲ့တဲ့ Verbs (ကြိယာ) တွေအကြောင်းကို ဆက်လက်ဖော်ပြပေးလိုက်ပါတယ်။ ဒါ့အပြင် စကားပြောခန်းမှာလည်း “Shortest way to talk about airport English–1” ကို နမူနာဝါကျများ၊ စကားပြောခန်းများ၊ ရှင်းလင်းချက်များနဲ့ ဝေဝေဆာဆာ ဖော်ပြပေးထားပါတယ်။ Vocabulary အခန်းမှာတော့ နေ့စဉ်ဘဝမှာအသုံးများတဲ့ အီဒီယံစကားလုံးတွေကို မြန်မာလိုအဓိပ္ပာယ်ရှင်းလင်းချက်များနဲ့သာမက နမူနာဝါကျများနဲ့ပါ တွဲဘက်ဖော်ပြပေးလိုက်ပါတယ်။ ဖတ်မှတ်လေ့လာခြင်းအားဖြင့် အင်္ဂလိပ်စာ ဗဟုသုတများ တိုးပွားလာမယ်လို့ ယုံကြည်မိပါတယ်။ စဉ်ဆက်မပြတ်လေ့လာဖတ်ရှုကြဖို့ တိုက်တွန်းရင်း ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပြီး ဘေးဘယာတွေ ဝေးကွာကြပါစေ။

## GRAMMAR

### Basic to Intermediate

**ဒီတစ်ပတ်ရဲ့ ဗဟုသုတဖြစ်ဖွယ် Grammar အပိုင်းမှာတော့ ယခင်အပတ်က ဖော်ပြခဲ့သည့် Verbs (ကြိယာ)တွေအကြောင်းကို ဆက်လက်ဖော်ပြပေးလိုက်ပါတယ်။**

**Common Transitive Verbs**

**အသုံးများသည့် v.t (Verb Transitive) များ**

11. answer = ဖြေဆိုသည်။
12. appoint = ခန့်အပ်သည်။ တာဝန်ပေးသည်။
13. approach = ချဉ်းကပ်သည်။
14. arm = လက်နက်တပ်ဆင်သည်။
15. arouse = နှိုးဆော်သည်။
16. arrange = စီစဉ်သည်။
17. arrest = ဖမ်းဆီးသည်။
18. ascend = တက်သည်။
19. ask = မေးသည်။
20. attack = တိုက်ခိုက်သည်။
21. attach = တွဲချည်သည်။ ပူးတွဲသည်။ တွဲကပ်သည်။
22. attempt = ကြိုးပမ်းသည်။ ကြိုးစားသည်။
23. attend = တက်ရောက်သည်။
24. back = ထောက်ခံသည်။
25. bear = သယ်ပိုးသည်။
26. beat = ရိုက်သည်။ ထုသည်။
27. become = ဖြစ်လာသည်။
28. beg = တောင်းပန်သည်။
29. bet = လောင်းကစားသည်။
30. betray = သစ္စာဖောက်သည်။
31. bid = လေလံပွဲတွင် ဈေးပြိုင်ပေးသည်။ နှုတ်ခွန်းဆက်သည်။
32. bite = ကိုက်သည်။
33. blame = အပြစ်တင်သည်။
34. blow = မှုတ်သည်။
35. break = ချိုးသည်။ ကွဲသည်။
36. bring = ယူလာသည်။
37. broadcast = အသံလွှင့်သည်။




38. build = တည်ဆောက်သည်။
39. burn = မီးလောင်သည်။
40. buy = ဝယ်သည်။
41. cast = ပုံသွန်းလောင်းသည်။ သရုပ်ဆောင်ရွေးသည်။ အရိပ်ကျသည်။
42. catch = ဖမ်းသည်။
43. change = ပြောင်းလဲသည်။
44. chase = လိုက်သည်။
45. cheat = လိမ်သည်။ လှည့်ဖြားသည်။
46. check = ဟန့်တားသည်။ စစ်ဆေးသည်။
47. choose = ရွေးချယ်သည်။
48. clip = ဖြတ်သည်။ ညှပ်သည်။ တိသည်။
49. comb = ခေါင်းဖြီးသည်။
50. contain = ပါသည်။ ပါဝင်သည်။
51. continue = ဆက်လက်လုပ်သည်။ ဆက်ဖြစ်သည်။
52. cook = ချက်ပြုတ်သည်။
53. copy = စာကူးသည်။ မိတ္တူပွားသည်။
54. cost = ကုန်ကျသည်။
55. cover = ဖုံးအုပ်သည်။
56. cross = ဖြတ်သွားသည်။ ကန့်လန့်ဖြတ်သည်။
57. cut = ဖြတ်သည်။ လှီးသည်။
58. describe = ဖော်ပြသည်။
59. dictate = နှုတ်တိုက်ပြောသည်။
60. dig = တူးသည်။
61. direct = ညွှန်ကြားသည်။
62. divide = ခွဲခြမ်းသည်။ စိတ်ပိုင်းသည်။
63. draw = ရေးဆွဲသည်။
64. drive = မောင်းသည်။
65. drown = နစ်မြုပ်သည်။
66. eat = စားသည်။
67. enter = ဝင်သည်။ စာရင်းသွင်းသည်။
68. feed = ကျွေးမွေးသည်။
69. feel = ခံစားသည်။ စမ်းကြည့်သည်။
70. find = တွေ့သည်။

**ယခင်အပတ်လေ့ကျင့်ခန်းမှ အဖြေများ**

**Exercise (3) မှ အဖြေများ**

1. Which ball is bigger, yours or mine?
2. My writing is worse than yours.
3. Who is the tallest boy in this class?
4. He is the faster of the two runners.
5. Which is better, this painting or that one?
6. Mr Wang is the wealthiest man in this town.
7. I think this is the thicker end of the pole.
8. I enjoyed the match last evening; the better team won.
9. His dog is fiercer than yours.
10. Which is nearer to the earth, the moon or the sun?
11. The whale is the largest animal in the world.
12. Both the roads lead to the railway station; that one is the shorter of the two.

## VOCABULARY (Idiom)

1. to have an axe to grind (မလိုမုန်းထားမှုကြောင့် သို့မဟုတ် ကိုယ်ကျိုးရလိုမှုကြောင့် တစ်ခုခုလုပ်သည်။)
   Environmentalists *have no political axe to grind*– they just want to save the planet.
2. to back out (ကတိ၊ သဘောတူညီချက်) ရုပ်သိမ်းသည်။
   You agreed to come. You *can't back out* now!
3. to have no backbone (ခွန်အား၊ သတ္တိမရှိ)
   He *doesn't have the backbone* to face the truth.
4. a bad egg (အသုံးမကျသူ၊ မယုံကြည်ရသူ)
   I don't want my son to be friends with Bobby Smith. He's *a bad egg*.
5. to keep the ball rolling (ဆက်ပြောသည်။ ဆက်လုပ်သည်။)
   I've started the preparations for the party, but it's up to you *to keep the ball rolling*.

*(ဒီတစ်ပတ်တော့ ဒီလောက်ပါပဲ။ နောက်တစ်ပတ် တနင်္လာနေ့မှာ ပြန်လည်ဆုံတွေ့ကြပါစို့)*

## CONVERSATION



### Shortest way to talk about airport English–1

**ဒီတစ်ပတ်မှာတော့ လေဆိပ်မှာ ဘယ်ပုံဘယ်နည်း ပြောဆိုသုံးနှုန်းရမလဲဆိုတာတွေကို “Shortest way to talk about airport English–1” ဆိုပြီး ဖော်ပြလိုက်ပါတယ်။**

**Speaking**

*Where are you flying to …?*

*Have you checked in online already?*

*Can I have your passport please?*

*Do you need a paper copy of your boarding pass?*

*Do you have any bags to check in?*

*Enjoy your trip!*




၁။ ဘယ်ကိုသွားမလို့လဲ မေးရင် ပုံမှန်အားဖြင့် Where are you flying to …နဲ့ မေးလေ့ရှိပါတယ်။ ကိုယ်က ……… ကို သွားမယ်လို့ပြောရင်တော့ I'm flying to ….. လို့ ပြောနိုင်ပါတယ်။

၂။ အွန်လိုင်းမှာ check in လုပ်ပြီးပြီလားလို့ မေးရင်တော့ Have you checked in online already? လို့ မေးနိုင်ပါတယ်။

၃။ နိုင်ငံကူးလက်မှတ် ကြည့်လို့ရမလားလို့ မေးရင်တော့ Can I have your passport please? ဆိုပြီး မေးနိုင်ပါတယ်။

၄။ လေယာဉ်တက်ခွင့်ပြု စာရွက်စာတမ်းအထောက်အထားလိုသေးလားလို့ မေးရင်တော့ Do you need a paper copy of your boarding pass? လို့ မေးနိုင်ပါတယ်။

၅။ check in လုပ်ဖို့ အိတ်တွေရှိသေးလားလို့ မေးတယ်ဆိုရင်တော့ Do you have any bags to check in? လို့ မေးနိုင်ပါတယ်။

၆။ ခရီးစဉ်မှာပျော်ရွှင်ပါစေ ဆိုရင်တော့ Enjoy your trip! လို့ ပြောနိုင်ပါတယ်။

**Conversation**

**Check in at the airport**

**Justin:** Hello!

**May:** Hello there! *Where are you flying to today?*

**Justin:** I'm going to London.

**May:** And *have you checked in online already?*

**Justin:** Yes, I have, but I was wondering: can I change my seat? I have an aisle seat, but would I'd really like a window seat if that's possible.

**May:** Let's have a look. *Can I have your passport please?*

**Justin:** Yes, of course.

**May:** Thank you. One minute, let me check whether there's another seat available … Yes, we can do that, sir.

**Justin:** Excellent.

**May:** *Do you need a paper copy of your boarding pass?*

**Justin:** No thanks; I have it on my phone.

**May:** And *do you have any bags to check in?*

**Justin:** No, I only have a carry-on bag.

**May:** That's fine. You just need to put this tag on it.

**Justin:** Like this?

**May:** That's perfect! Well, you're ready to go. *Enjoy your trip!*

**Justin:** Thank you very much.

**Need to know points**

ခရီးသွားများက အများဆုံးမေးနိုင်တာတွေကတော့

Could I change my seat?

ထိုင်ခုံနေရာပြောင်းလို့ ရနိုင်မလား?

Can you confirm that I have a vegetarian meal?

ကျွန်တော် သက်သတ်လွတ်ဆိုတာ အတည်ပြုပြီးပြီလား?

Do you have any seats in the exit row?

အထွက်ထိုင်ခုံတန်းဘက်မှာ ထိုင်ခုံရှိသေးလား?

(Exit row များတွင် ခြေထောက်ကျယ်ကျယ်ဝန်းဝန်း ထားနိုင်သည့်အတွက် ပို၍သက်သောင့်သက်သာ ရှိသည်။)

ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာကဏ္ဍနှင့်ပတ်သက်ပြီး အကြံပြုဆွေးနွေးလိုပါက ဆရာဦးတင်လင်းအောင် ဖုန်း-၀၉-၄၄၄၆၆၂၇၆၄ သို့ ဆက်သွယ်အကြံပြုဆွေးနွေးနိုင်ပါသည်။

# ပြင်သစ်သမ္မတ မက်ခရွန်နှင့် သမ္မတ ကိုယ်စားလှယ်လောင်း လီပန်တို့နှစ်ဦးကို ပြင်သစ်သမ္မတ ရွေးကောက်ပွဲအတွက် တစ်ကျော့ပြန်မဲပေး

ပြင်သစ် ဧပြီ ၂၄

**၂၀၂၂ ပြင်သစ်သမ္မတ ရွေးကောက်ခံရန်အတွက် လက်ရှိပြင်သစ်သမ္မတ အီမန်နျူရယ် မက်ခရွန်နှင့် သမ္မတကိုယ်စားလှယ်လောင်း မယ်ရီ လီပန်တို့၏ မဲအရေအတွက်တူညီနေသဖြင့် ထပ်မံမဲပေးခြင်းကို ဧပြီ ၂၄ ရက် ဒေသစံတော်ချိန် နံနက် ၈ နာရီတွင် ပြုလုပ်ခဲ့သည်။**

ပြင်သစ်နိုင်ငံအတွင်းရှိ မဲရုံအများစုကို ဒေသစံတော်ချိန် ည ၇ နာရီတွင် ပိတ်သိမ်းခဲ့ပြီး မြို့ကြီးများဖြစ်သည့် ပါရီ၊ လိုင်ယွန်၊ မာဆေးလ်နှင့် ဘော်ဒိုး စသည့်မြို့ကြီးများတွင် ည ၈ နာရီတွင် မဲရုံများကို ပိတ်သိမ်းခဲ့သည်။

ပြင်သစ်နိုင်ငံပြင်ပသို့ ရောက်ရှိနေသည့် မဲဆန္ဒရှင်များမှာ ၎င်းတို့၏ မဲလက်မှတ်များကို ဧပြီ ၂၃ ရက်က ဆန္ဒမဲပေးပြီးဖြစ်သည်။

ဧပြီ ၂၀ ရက်က ရုပ်မြင်သံကြားတစ်ခုတွင် စကားစစ်ထိုးပွဲပြုလုပ်ပြီးနောက် လက်ရှိပြင်သစ်သမ္မတ အီမန်နျူရယ်မက်ခရွန်သည် သမ္မတရွေးကောက်ပွဲထပ်မံမဲပေးခြင်း၌ ဦးဆောင်အနိုင်ရမည်ဖြစ်ကြောင်း ကြိုတင်ခန့်မှန်းခဲ့သည်။

ဧပြီ ၂၄ ရက် နေ့လယ်ပိုင်းအထိ ပြင်သစ်သမ္မတရွေးကောက်ပွဲဆန္ဒမဲပေးမှုနှုန်းမှာ ၂၆ ဒသမ ၄၁ ရာခိုင်နှုန်းရှိပြီး ပထမတစ်ကျော့မဲပေးမှုနှုန်းထက် အနည်းငယ်ပိုများကြောင်း၊ သို့သော်လည်းမွန်းတည့်ချိန်တွင် မဲပေးမှုနှုန်းမှာ ၂၀၁၇ သမ္မတ ရွေးကောက်ပွဲ၏ ဒုတိယအကျော့ မဲအရေအတွက် ၂၈ ဒသမ ၂၃ ရာခိုင်နှုန်းထက် လျော့နည်းနေကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာခဲ့သည်။

ပြင်သစ်သမ္မတရွေးကောက်ပွဲ ပထမအကျော့နှင့် ဒုတိယအကျော့အတွက် မဲပေးရန် ၃၂၈ ဦးမှာ ရွေးကောက်ပွဲအတွက် မဲစာရင်းပေးသွင်းခဲ့ကြောင်း အာဘာနီမြို့၏ မြို့တော်ဝန် ဒန်နီရယ်ဂရက် က ဆင်ဟွာသို့ ပြောကြားသည်။

ဧပြီ ၂၄ ရက် မွန်းတည့်ချိန်အထိ မဲပေးသူအရေအတွက်မှာ ၁၅၀ ရှိသော်လည်း ပထမအကျော့မဲပေးချိန် နေ့လယ်ပိုင်းကထက် မဲပေးသူအရေအတွက် ပိုများကြောင်း မြို့တော်ဝန် ဒန်နီရယ်ဂရက် က ဆက်လက်ပြောကြားသည်။

ပြင်သစ်နိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ထုတ်ပြန်ကြေညာချက်အရ ပြင်သစ်သမ္မတရွေးကောက်ပွဲအတွက် ပထမအကျော့ မဲရလဒ်



ပြင်သစ်သမ္မတရွေးကောက်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ကြသည့် ပြင်သစ်သမ္မတအီမန် နျူရယ် မက်ခရွန်နှင့် သမ္မတ ကိုယ်စားလှယ်လောင်း မယ်ရီ လီပန်။

အနေဖြင့် မက်ခရွန်၏ တရားဝင်မဲအရေအတွက်မှာ ၂၇ ဒသမ ၈၅ ရာခိုင်နှုန်းရှိပြီး လီပန်၏ တရားဝင်မဲအရေအတွက်မှာ ၂၃ ဒသမ ၁၅ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

၂၀၁၇ ခုနှစ်အတွင်း မက်ခရွန်မှာ မဲအရေအတွက် ၆၆ ဒသမ ၁၀ ရာခိုင်နှုန်းမဲရရှိမှုနှင့်အတူ သမ္မတရွေးကောက်ခံရသည့် အချိန်ကလည်း မက်ခရွန်နှင့် လီပန်တို့သည် ပြင်သစ်သမ္မတရွေးကောက်ပွဲအတွက် ဒုတိယအကျော့ ထပ်မံယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

ဆင်ဟွာ

# စင်ကာပူနိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်ခံရသူ ၂၀၄၄ ဦး ထပ်မံတွေ့ရှိ

**စင်ကာပူ ဧပြီ ၂၄**

စင်ကာပူနိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်ခံရသူ ၂၀၄၄ ဦး ထပ်မံတွေ့ရှိလာသဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ခံရသူ စုစုပေါင်း ၁၁၈၂၁၆၈ ဦး ရှိလာပြီဖြစ်ကြောင်း သိရသည်။



စင်ကာပူနိုင်ငံ၌ ပါးစပ်၊ နှာခေါင်းစည်းတပ်ဆင်သွားလာနေသူများကို တွေ့ရစဉ်။

စင်ကာပူနိုင်ငံ၌ ကိုဗစ်-၁၉ ထပ်မံကူးစက်ခံရသူများအနက် PCR စနစ်စစ်ဆေးမှုဖြင့် ရောဂါပိုးတွေ့ရှိသူ ၂၅၉ ဦးရှိပြီး ၁၇၈၅ ဦးမှာ ART စနစ်ဖြင့် ရောဂါပိုးစစ်ဆေးတွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ စာရင်းဇယားထုတ်ပြန်ချက်အရ သိရသည်။

စင်ကာပူနိုင်ငံ၌ PCR စနစ်ဖြင့် စစ်ဆေးမှုများအနက် ၂၄၉ ဦးမှာ ဒေသတွင်း ကူးစက်ခံရသူများဖြစ်ပြီး ၁၀ ဦးမှာပြည်ပပြန်ကူးစက်ခံရသူများဖြစ်ကြောင်း သိရသည်။ ART စနစ်ဖြင့် စစ်ဆေး၍ ကိုဗစ်-၁၉ ကူးစက်ခံရသူများအနက် ၁၇၄၁ ဦးမှာ ဒေသတွင်း ကူးစက်ခံရသူများဖြစ်ပြီး ၄၄ ဦးမှာ ပြည်ပပြန် ကူးစက်ခံရသူများဖြစ်ကာ ရောဂါလက္ခဏာမပြင်းထန်ကြောင်းနှင့် စိုးရိမ်ရသည့် အန္တရာယ်မရှိကြောင်း သိရသည်။

လက်ရှိတွင် စင်ကာပူနိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်ခံရသူများအနက် ၂၆၃ ဦးမှာ ဆေးရုံတက်ရောက်ကုသမှု ခံယူနေရပြီး ရှစ်ဦးမှာ အထူးကြပ်မတ်ကုသဆောင်တွင် ကုသမှု ခံယူနေရကြောင်း သိရသည်။

စင်ကာပူနိုင်ငံ၌ ဧပြီ ၂၄ ရက်တွင် ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူမရှိသော်လည်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ စုစုပေါင်းမှာ ၁၃၂၅ ဦးရှိကြောင်း ကျန်းမာရေး ဝန်ကြီးဌာနက ထုတ်ပြန်ဖော်ပြထားသည်။

ဆင်ဟွာ

# အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ နေ့စဉ်ကူးစက်မှုနှုန်း ၂၀၀၀ ကျော်ရှိနေသည်မှာ ငါးရက်ဆက်တိုက်ရှိနေပြီဖြစ်

**နယူးဒေလီ ဧပြီ ၂၄**

အိန္ဒိယနိုင်ငံ၌ တောင်အာရှနိုင်ငံတစ်ဝန်း လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ကူးစက်ခံရသူ ၂၅၉၃ ဦး ထပ်မံတွေ့ရှိလာသဖြင့် ကိုဗစ်-၁၉ ကူးစက်ခံရသူစုစုပေါင်းမှာ ၄၃၀၅၇၅၄၅ ဦး ရှိလာပြီဖြစ်ကြောင်း ဖက်ဒရယ် ကျန်းမာရေး ဝန်ကြီးဌာန၏ နောက်ဆုံးထုတ်ပြန်ထားသည့် အချက်အလက်များအရ သိရသည်။

အိန္ဒိယနိုင်ငံ၌ ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်း ကိုဗစ်-၁၉ ကူးစက်မှုနှုန်း လျော့နည်းလာပြီး ကိုဗစ်-၁၉ နေ့စဉ်ကူးစက်မှုနှုန်း ၂၀၀၀ ကျော်ရှိနေသည်မှာ ငါးရက်ဆက်တိုက် ရှိနေပြီဖြစ်သည်။

အိန္ဒိယနိုင်ငံ၌ ဧပြီ ၂၃ ရက် နံနက်ပိုင်းကတည်းက ကိုဗစ်-၁၉ ကြောင့် ထပ်မံသေဆုံးသူ ၄၄ ဦး ရှိလာသဖြင့် ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ စုစုပေါင်းအရေအတွက်မှာ ၅၂၂၁၉၃ ဦး ရှိပြီဖြစ်သည်။

လက်ရှိတွင် အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်ခံနေရသူ ၁၅၈၇၃ ဦးရှိရာ လွန်ခဲ့သော ၂၄ နာရီအတွင်း ၇၉၄ ဦး တိုးလာကြောင်း သိရသည်။ ကိုဗစ်-၁၉ ကူးစက်ခံနေရသူ အရေအတွက်မှာ ပြီးခဲ့သည့် နှစ်လခွဲကျော်ကာလအတွင်း ကျဆင်းလာခဲ့ခြင်းဖြစ်သည်။

သို့သော်လည်း လွန်ခဲ့သော ရက်အနည်းငယ်အတွင်းက ကူးစက်မှုနှုန်း စတင်တိုးလာခဲ့သည်။ အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ မှ ပြန်လည်ကျန်းမာလာပြီး ဆေးရုံမှ ဆင်းခွင့်ရသူ ၁၇၅၅ ဦး ရှိသဖြင့် စုစုပေါင်း ပြန်လည်ကျန်းမာလာသူ အရေအတွက်မှာ ၄၂၅၁၉၄၇၉ ဦး ရှိလာကြောင်း တရားဝင်အချက်အလက်များအရ သိရသည်။

ဆင်ဟွာ



အိန္ဒိယနိုင်ငံ၌ ကျန်းမာရေးဝန်ထမ်းတစ်ဦးက ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံပေးနေသည်ကို တွေ့ရစဉ်။

# ဂျပန်နိုင်ငံ ဟော်ကိုင်းဒိုးကျွန်းတွင် ခရီးသွားလှေ ပျောက်ဆုံးပြီးနောက် သေဆုံးသူ ၁၀ ဦးတွေ့ရှိ

**တိုကျို ဧပြီ ၂၄**

ဂျပန်နိုင်ငံ မြောက်ပိုင်း ဟော်ကိုင်းဒိုးကျွန်း၏အရှေ့ဘက်၌ လှေပေါ်ပါဝန်ထမ်းနှင့် စုစုပေါင်းခရီးသွား ၂၆ ဦးလိုက်ပါသည့် ခရီးသွားလှေမှာ ဧပြီ ၂၃ ရက်က ပျောက်ဆုံးသွားပြီးနောက် သေဆုံးသူ ၁၀ ဦး ရှိလာခဲ့သည်ဟု အတည်ပြုထားကြောင်း ဂျပန်ကမ်းခြေစောင့်တပ်ဖွဲ့ (JCG) က ပြောကြားသည်။

Kazu I အမည်ရှိ လှေတစ်စင်းမှာ ဟော်ကိုင်းဒိုးကျွန်းအရှေ့ဘက်ကမ်းလွန်တွင် ဧပြီ ၂၃ ရက် နေ့လယ်ပိုင်းက ရှာရီတိုကို ကျွန်းဆွယ် ရှုခင်းတစ်လျှောက် ရှုခင်းများကို လှည့်လည်လည်ပတ်ကြည့်ရှုပြီးနောက် ပျောက်ဆုံးသွားခဲ့ကြောင်း ဂျပန်ကမ်းခြေစောင့်တပ်ဖွဲ့ (JCG) ၏ ထုတ်ပြန်ဖော်ပြချက်အရ သိရသည်။

လှေပေါ်တွင် လှေပေါ်ပါဝန်ထမ်းနှစ်ဦးနှင့် ကလေးနှစ်ဦးအပါအဝင် ခရီးသွား ၂၆ ဦး လိုက်ပါစီးနင်းခဲ့ကြောင်း သိရသည်။

လှေပျောက်ဆုံးသွားပြီးနောက် အမျိုးသား ခုနစ်ဦးနှင့် အမျိုးသမီး သုံးဦးတို့မှာ သေဆုံးသွားကြောင်း ဂျပန်ကမ်း ခြေစောင့်တပ်ဖွဲ့ (JCG) ၏ ထုတ်ပြန်ဖော်ပြချက်အရ သိရသည်။

ကမ်းခြေစောင့်တပ်ဖွဲ့မှာ ဒေသစံတော်ချိန် နေ့လယ် ၁ နာရီ ၁၅ မိနစ်ခန့်တွင် လှေပျောက်ဆုံးသွားသည့်သတင်းကို ရရှိခဲ့သည်။ ထို့နောက် ဒေသစံတော်ချိန် ညနေ ၅ နာရီ မိနစ် ၃၀ တွင် ကင်းလှည့်ရေယာဉ်များက ပျောက်ဆုံးသွားသည့် ခရီးသွားလှေကို ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

ဧပြီ ၂၃ ရက် နေ့လယ် အခင်းဖြစ်ပွားရာအချိန်၌ လှိုင်းကြီးမှုနှင့် လေပြင်းများ တိုက်ခတ်မှုကြောင့် လှေနစ်မြုပ်သွားသည်ဟု မှတ်ချက်ပြုထားသည်။ နောက်ထပ်ငါးဖမ်းလှေတစ်စင်းမှာ နေ့လယ်မတိုင်မီ ရာသီဥတုဆိုးရွားမှုကြောင့် ဆိပ်ကမ်းသို့ ပြန်လှည့်လာခဲ့ကြောင်း ငါးဖမ်းလုပ်ငန်းအသင်း၏ ဖော်ပြချက်အရ သိရသည်။

ဂျပန်ဝန်ကြီးချုပ် ဖူမီယို ကီရှီဒါက အစိုးရအဖွဲ့ဝန်ကြီးများအနေဖြင့် ဖြစ်နိုင်သမျှသော လုပ်ပိုင်ခွင့်များကို အသုံးပြု၍ အသက်ကယ်လုပ်ငန်းများဆောင်ရွက်ရန် ၎င်း၏အစိုးရအဖွဲ့ဝင်များကို ညွှန်ကြားထားကြောင်း အစိုးရအရာရှိတစ်ဦးက ပြောကြားသည်။

ကမ်းခြေစောင့်တပ်ဖွဲ့က အခင်းဖြစ်ပွားရာနေရာ၌ လေယာဉ်နှင့် ရေယာဉ်များ ဖြန့်ကြက်စေလွှတ်ခဲ့ပြီး ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့များက ကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ဆင်ဟွာ

# ခရီးသွားကန့်သတ်ချက်တွေ ဖြေလျှော့ပေးမှုနဲ့အတူ နိုင်ငံရဲ့ ခရီးသွားကဏ္ဍ ပြန်လည်နိုးထသက်ဝင်လာတဲ့ ဖိလစ်ပိုင်

လင်းဟန်သစ်

ညက်မွန့်နေတဲ့ အဖြူရောင်သဲသောင်ပြင်ကြောင့် နိုင်ငံခြားခရီးသွားတွေကြား နာမည်ကျော်ရေပန်းစားနေတဲ့ အပန်းဖြေကျွန်းကို ကမ္ဘာတစ်ဝန်းခရီးသွားတွေ အလည်အပတ်ပိုမိုရောက်ရှိလာတဲ့အတွက် ဖိလစ်ပိုင်နိုင်ငံအလယ်ပိုင်း ဘိုရာကေးကျွန်းပေါ်ရှိ ရွက်လှေမောင်းသမားတစ်ဦးဖြစ်တဲ့ တွမ်ကတော့ မျှော်လင့်ချက်အပြည့်နဲ့ ပျော်နေပါတော့တယ်။

**အများအပြားလာရောက်ကြမယ်**

ကပ်ရောဂါဟာ မိမိတို့ကို ခရီးသွားလာရပိုမိုခက်ခဲစေခဲ့ပါတယ်။ ဒါပေမဲ့လည်း ဘိုရာကေးရဲ့ ခရီးသွားကဏ္ဍကတော့ ပြန်လည်နိုးထသက်ဝင်လာခဲ့ပြီပဲဖြစ်ပါတယ်။ အားလပ်ရက် အပန်းဖြေခရီးစဉ်အတွက် ကမ္ဘာ့နိုင်ငံအသီးသီးက နိုင်ငံခြားသားခရီးသွားတွေ ဒီနေရာကို အများအပြားလာရောက်ကြမယ်လို့ မျှော်လင့်ထားပါတယ်လို့ တွမ်က ပြောပါတယ်။

အရေးကြီးတဲ့ စီးပွားရေးမောင်းနှင်အားတစ်ခုဖြစ်တာနဲ့အညီ ခရီးသွားကဏ္ဍဟာ ဖိလစ်ပိုင်နိုင်ငံရဲ့ ၂၀၁၉ ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုးကို ၁၂ ဒသမ ၇ ရာခိုင်နှုန်းအထိ ဖြည့်ဆည်းပေးခဲ့တယ်လို့ ဖိလစ်ပိုင်စာရင်းအင်းအာဏာပိုင်အဖွဲ့က ပြောပါတယ်။ ကိုဗစ်-၁၉ ကပ်ရောဂါဟာ ဖိလစ်ပိုင်နိုင်ငံရဲ့ ခရီးသွားကဏ္ဍကို ဆိုးရွားစွာထိခိုက်စေခဲ့တဲ့အတွက် ဟိုတယ်တွေ၊ လေကြောင်းလိုင်းတွေရဲ့ ဝန်ထမ်းတွေကို စိတ်မကောင်းစွာနဲ့ ဖြုတ်လိုက်ရပါတယ်။ နိုင်ငံတစ်ဝန်း ခရီးသွားကဏ္ဍမှာရှိတဲ့ ဝန်ထမ်းပေါင်း ၁ ဒသမ ၁ သန်းနီးပါး ကိုဗစ်-၁၉ ကြောင့် ဒုက္ခရောက်ခဲ့ရပါတယ်။

**ဝင်ခွင့်သတ်မှတ်ချက်တွေ ဖြေလျှော့ပေး**

ဖိလစ်ပိုင်နိုင်ငံဟာ မေ ၁ ရက်ကစပြီး ဗီဇာလိုအပ်တဲ့နိုင်ငံတွေက လာရောက်မယ့် ကိုဗစ်-၁၉ ကာကွယ်ဆေးအပြည့်ထိုးထားတဲ့ နိုင်ငံခြားသားတွေအတွက် ကပ်ရောဂါမတိုင်ခင် ဝင်ခွင့်စည်းကမ်းများအတိုင်း ပြန်လည်သတ်မှတ်ပေးလိုက်ပါတယ်။

ကမ္ဘာ့အဆင့်မီ ဖြူလွလွသဲသောင်ပြင်ကမ်းခြေတွေ၊ ကြည်လင်တောက်ပနေတဲ့ မိုးပြာရောင်ပင်လယ်ရေတွေ၊ ဒိုင်ဗင်အပန်းဖြေစခန်းတွေနဲ့ နာမည်ကျော်တဲ့ ဖိလစ်ပိုင်နိုင်ငံကို လာရောက်မယ့် ခရီးသွားတွေအားလုံးအတွက် ဝင်ခွင့်သတ်မှတ်ချက် စည်းကမ်းတွေကိုလည်း ဖြေလျှော့ပေးခဲ့ပါတယ်။

ဖိလစ်ပိုင်နိုင်ငံမှာ ဘိုရာကေးကျွန်းဟာ နိုင်ငံခြားသားခရီးသွားတွေကို ဆွဲဆောင်ရာ ကမ္ဘာ့ထိပ်တန်းနေရာတစ်ခုအဖြစ် ဆက်လက်တည်ရှိနေပါတယ်။ ဒီကျွန်းကို မတ်လမှာ နိုင်ငံခြားသားခရီးသွား ၁၅၀၀၀၀ ကျော်လာရောက်လည်ပတ်ခဲ့ကြပါတယ်။ ဒါဟာ ကိုဗစ်-၁၉ ကပ်ရောဂါမဖြစ်ခင် ၂၀၁၉ ခုနှစ်မှာ ဝင်ရောက်ခဲ့တဲ့ ခရီးသွားအရေအတွက် နီးပါးရှိပါတယ်။



ဘိုရာကေးကျွန်းရှိ အဖြူရောင်သဲသောင်ပြင်သို့ အပန်းဖြေခရီးလာရောက်ကြသော နိုင်ငံခြားသားခရီးသွားများကို တွေ့ရစဉ်။

**နိုင်ငံခြားခရီးသွားတွေအတွက် စောင့်ဆိုင်း**

ကမ်းခြေမှာ အခုဆိုရင်တော့ အပန်းဖြေကမ်းခြေစခန်းတွေ၊ စားသောက်ဆိုင်တွေ၊ ရွက်လှေတွေနဲ့ စည်ကားနေပါပြီ။ လေညင်းအေးအေးနဲ့ နေခြည်နုနုလွှမ်းခြုံထားတဲ့ ကမ်းခြေဟာ နိုင်ငံခြားခရီးသွားတွေအတွက် စောင့်ဆိုင်းနေပြီဖြစ်ပါတယ်။

ဗြိတိန်နိုင်ငံက ကမ်းခြေချစ်သူ ဂျိမ်းစ်ဟာ ဘိုရာကေးကျွန်းကို ရွေးချယ်မိတဲ့အတွက် ပျော်ရွှင်တာထက် ပိုပျော်ရွှင်ခဲ့ရပါတယ်။ ဒါဟာ သူ့ရဲ့ ပထမဆုံးအကြိမ်ဖြစ်ပြီး နောက်ဆုံးအကြိမ်ဖြစ်မှာ မဟုတ်ကြောင်း သူကပြောပါတယ်။

**အောင်မြင်တဲ့လက္ခဏာတစ်ခုဖြစ်**

နိုင်ငံတကာခရီးသွားတွေအတွက် ခရီးသွားကန့်သတ်ချက်တွေ စတင်ဖြေလျှော့ပေးလိုက်ပြီး လမ်းဖွင့်ပေးလိုက်တဲ့အချိန်ကတည်းကစပြီး မေ ၇ ရက်အထိ နှစ်လနီးပါးအတွင်း ဒီကျွန်းကို နိုင်ငံခြားသားခရီးသွား ၂၀၀၀၀၀ လာရောက်ခဲ့တယ်လို့ ဖိလစ်ပိုင်ခရီးသွားဌာနရဲ့ ထုတ်ပြန်ချက်အရ သိရပါတယ်။

ဖိလစ်ပိုင်ခရီးသွားကဏ္ဍအတွင်းရေးမှူး ဘာနာဒက်ရှိမူလိုပူရက်က နိုင်ငံအတွင်း နိုင်ငံခြားခရီးသွားတွေ အဆက်မပြတ်စီးဝင်နေတာက ခရီးသွားကဏ္ဍရဲ့ ပုံစံသစ်တစ်မျိုးနဲ့ နိုင်ငံခြားသားခရီးသွားတွေကို ကြိုဆိုတဲ့နေရာမှာ အောင်မြင်မှုလက္ခဏာတစ်ခုပဲလို့ ပြောကြားလိုက်ပါတယ်။ ဒီလိုမျိုးခရီးသွားကဏ္ဍ ဆက်လက်ဖွံ့ဖြိုးတိုးတက်နေတာက ဒီလုပ်ငန်းမှာ ပါဝင်သူတွေအတွက် အကူအညီတစ်ခုဖြစ်သလို စီးပွားရေးအတွက်လည်း အထောက်အပံ့ဖြစ်ပါတယ်လို့ သူက ဆက်ပြောပါတယ်။

**အဓိကမောင်းနှင်အားဖြစ်**

ဖိလစ်ပိုင်နိုင်ငံမြို့တော် မနီလာမှာကျင်းပခဲ့တဲ့ ကမ္ဘာ့ခရီးသွားကောင်စီရဲ့ နောက်ဆုံးစီးပွားရေးအကျိုးသက်ရောက်မှုအစီရင်ခံစာမှာတော့ ခရီးသွားကဏ္ဍဟာ နှစ်နှစ်ကြာ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် အထိနာခဲ့တဲ့ ကမ္ဘာ့စီးပွားရေး ပြန်လည်နာလန်ထူဖို့ အဓိကမောင်းနှင်အား တစ်ခုဖြစ်တယ်လို့ ဖော်ပြထားပါတယ်။

ဖိလစ်ပိုင်နိုင်ငံရဲ့ ခရီးသွားကဏ္ဍ ပြန်လည်နာလန်ထူနေပြီဖြစ်သော်လည်း သက်ဆိုင်ရာအာဏာပိုင်များက ခရီးသွားများကို ပါးစပ်၊ နှာခေါင်းစည်းတပ်ဆင်ခြင်း၊ ခပ်ခွာခွာနေခြင်း သို့မဟုတ် လူထူထပ်တဲ့နေရာတွေကို ရှောင်ရှားခြင်းစတဲ့ အခြေခံကျန်းမာရေးလုပ်ထုံးလုပ်နည်းတွေကို လိုက်နာလုပ်ဆောင်ကြဖို့ သတိပေးထားပါတယ်။

**အပြည့်အဝကာကွယ်ဆေးထိုးထား**

ဘိုရာကေးကျွန်းပေါ်မှာရှိတဲ့ မလေးမြို့ရဲ့ ခရီးသွားရုံးအကြီးအကဲဖြစ်သူ ဖီးလက်ဒီလို့စ်ဆန်တို့စ်က ဒေသခံတွေအားလုံးနဲ့ ခရီးသွားကဏ္ဍမှာ လုပ်ဆောင်နေသူတွေအားလုံး ကိုဗစ်-၁၉ ကာကွယ်ဆေးအပြည့်အဝထိုးထားပြီးပြီလို့ ပြောပါတယ်။

ဘေးအန္တရာယ်ကင်းရှင်းစေဖို့ ခရီးသွားတွေဟာ ဒီကျွန်းကို မလာခင်မှာ အွန်လိုင်းကနေ စာရွက်စာတမ်းအပြည့်အစုံနဲ့ ကာကွယ်ဆေးထိုးကတ်တွေကို တင်ပြဖို့လိုအပ်ပါတယ်။ အဲဒီလိုပဲ ကျွန်းပေါ်မှာရှိတဲ့ အပန်းဖြေစခန်းတွေနဲ့ စားသောက်ဆိုင်တွေဟာ ခရီးသွားတွေကို အခြေခံကျန်းမာရေးဆိုင်ရာ လုပ်ဆောင်ချက်တွေကို သတိပေးဖို့ ဘေးအန္တရာယ်လုံခြုံရေးအရာရှိတွေကို ငှားရမှာဖြစ်ပါတယ်လို့ သူက ပြောပါတယ်။

**ခရီးသွားတွေရဲ့ ကျန်းမာရေးနဲ့ ဘေးကင်းလုံခြုံရေး**

မိမိတို့ဟာ အမျိုးသားကပ်ရောဂါကာကွယ်ရေးမူဝါဒတွေကို လိုက်နာရမယ်။ အဓိကအရေးကြီးဆုံးအလုပ်ကတော့ ခရီးသွားတွေရဲ့ ကျန်းမာရေးနဲ့ ဘေးကင်းလုံခြုံရေးပဲဖြစ်တယ်လို့ သူကဆက်ပြောပါတယ်။

ကမ္ဘာ့နိုင်ငံတချို့မှာ ကိုဗစ်-၁၉ စည်းမျဉ်းတွေဖြေလျှော့ပေးနေမှုနဲ့အတူ နိုင်ငံရဲ့ ခရီးသွားကဏ္ဍဟာလည်း ပြန်လည်သက်ဝင်လာပြီဖြစ်ပါတယ်။ ခရီးသွားကဏ္ဍဟာ နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့ အဓိကမောင်းနှင်အားတစ်ခုဖြစ်တဲ့အတွက် ခရီးသွားကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်လေလေ စီးပွားရေးဖွံ့ဖြိုးတိုးတက်လေလေ ဖြစ်ပါတယ်။

ကိုးကား- ဆင်ဟွာ

- **ကမ္ဘာ့အဆင့်မီ ဖြူလွလွသဲသောင်ပြင်ကမ်းခြေတွေ၊ ကြည်လင်တောက်ပနေတဲ့ မိုးပြာရောင်ပင်လယ်ရေတွေ၊ ဒိုင်ဗင်အပန်းဖြေစခန်းတွေနဲ့ နာမည်ကျော်တဲ့ ဖိလစ်ပိုင်နိုင်ငံကို လာရောက်မယ့် ခရီးသွားတွေအားလုံးအတွက် ဝင်ခွင့်သတ်မှတ်ချက် စည်းကမ်းတွေကိုလည်း ဖြေလျှော့ပေးခဲ့ပါတယ်**
- **ဖိလစ်ပိုင်နိုင်ငံမှာ ဘိုရာကေးကျွန်းဟာ နိုင်ငံခြားသားခရီးသွားတွေကို ဆွဲဆောင်ရာ ကမ္ဘာ့ထိပ်တန်းနေရာတစ်ခုအဖြစ် ဆက်လက်တည်ရှိနေပါတယ်။ ဒီကျွန်းကို မတ်လမှာ နိုင်ငံခြားသားခရီးသွား ၁၅၀၀၀၀ ကျော်လာရောက်လည်ပတ်ခဲ့ကြပါတယ်။ ဒါဟာ ကိုဗစ်-၁၉ ကပ်ရောဂါမဖြစ်ခင် ၂၀၁၉ ခုနှစ်မှာ ဝင်ရောက်ခဲ့တဲ့ ခရီးသွားအရေအတွက် နီးပါးရှိပါတယ်**

# မေ ၂၄ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၆ ဦး တွေ့ရှိ

## ၁၈ ရက် ဆက်တိုက် ကိုဗစ်–၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ မရှိ

(၂၄–၄–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ စည်းကမ်းများကို စနစ်တကျလိုက်နာဆောင်ရွက်ရန် လိုအပ်ပြီး ကိုဗစ်–၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းအား အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၃–၄–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၄–၄–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၇,၆၇၇) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၆) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၂) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၇,၈၉၈,၇၅၄) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၁၂,၇၄၉) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိ ကုသမှုပေးခြင်းများဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၂၄) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၅၉၁,၆၃၃) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်–၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦး ရှိပါသည်။

သို့ဖြစ်ပါ၍ (၃–၄–၂၀၂၂) ရက်နေ့မှစ၍ ယနေ့အထိ (၂၂) ရက် ဆက်တိုက် ကိုဗစ်–၁၉ ရောဂါ ပိုးတွေ့ရှိမှုနှုန်းမှာ (၁) ရာခိုင်နှုန်းအောက်သို့ လျော့နည်းလျက်ရှိနေပါကြောင်းနှင့် (၇–၄–၂၀၂၂) ရက်နေ့မှစတင်၍ ယနေ့အထိ (၁၈) ရက်ဆက်တိုက် ကိုဗစ်–၁၉ ရောဂါဖြင့် သေဆုံးသူမရှိခဲ့ကြောင်း တွေ့ရှိရပါသည်။

ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၂၃–၄–၂၀၂၂) ရက်နေ့အထိ လူဦးရေ စုစုပေါင်း (၂၉,၆၀၈,၀၃၇) ဦးအား ထိုးနှံပေးပြီးဖြစ်၍ ပထမအကြိမ်ထိုးနှံပြီးစီးသူ (၆,၇၄၄,၀၅၈) ဦး၊ ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံပြီးစီးသူ (၂၂,၈၆၃,၉၇၉) ဦးနှင့် ထပ်ဆောင်းကာကွယ်ဆေးထိုးနှံပြီးစီးသူ (၁,၂၇၈,၃၂၉) ဦး ရှိပြီဖြစ်ပါသည်။ သို့ဖြစ်ပါ၍ (၂၃–၄–၂၀၂၂) ရက်နေ့အထိ မြန်မာနိုင်ငံတွင် ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေး အကြိမ်ရေ စုစုပေါင်း (၅၃,၇၅၀,၃၄၅) ကြိမ် ထိုးနှံပြီးဖြစ်ပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**

(၂၄–၄–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၃၀၆) ခု | (၂) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၅၀) ခု | - |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၅၁) ခု | (၁) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၈) ခု | (၁) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁,၇၂၅) ခု | (၄) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁,၀၄၁) ခု | (၂) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၄,၂၉၆) ခု | (၆) ဦး |
| စုစုပေါင်း | (၇,၆၇၇) ခု | (၁၆) ဦး |

**ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံနိုင်မှုအခြေအနေ**

(၂၃–၄–၂၀၂၂) ရက်နေ့

| ကာကွယ်ဆေးထိုးနှံမှု | အရေအတွက် |
|---|---|
| ပထမအကြိမ်ထိုးနှံပြီးလူဦးရေ | (၆,၇၄၄,၀၅၈) ဦး |
| ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံပြီးလူဦးရေ | (၂၂,၈၆၃,၉၇၉) ဦး |
| ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံပြီးလူဦးရေ | (၁,၂၇၈,၃၂၉) ဦး |
| ပထမအကြိမ်ထိုးနှံပြီးလူဦးရေနှင့် အကြိမ်ပြည့်ထိုးနှံပြီးလူဦးရေ | (၂၉,၆၀၈,၀၃၇) ဦး |
| စုစုပေါင်း ထိုးနှံပြီးသောကာကွယ်ဆေး အကြိမ်ပေါင်း (Vaccine Doses) | (၅၃,၇၅၀,၃၄၅) ကြိမ် |

- ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံမှုခံယူထားခြင်းဖြင့် ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆ ခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံထားရှိရန် လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချို အစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံမှုခံယူထားသူများအား ကိုဗစ်–၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၁၅ နှစ်နှင့်အထက် မိဘပြည်သူအားလုံးနှင့် အသက် ၁၂ နှစ် မှအသက် ၁၈ နှစ်အထိ အခြေခံပညာကျောင်းသူ/ကျောင်းသားများကို ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးအခမဲ့ထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၄၀ နှစ်နှင့်အထက် ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံပြီးစီးမှုကာလ ၆ လနှင့်အထက်ရှိသော မိဘပြည်သူများအား ထပ်ဆောင်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးအခမဲ့ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက် ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင် အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ၂၄-၄ -၂၀၂၂ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၈၂၆၄၉၇၇၉ | ၈၀၄၃၄ | ၁၀၁၈၃၁၆ |
| ၂။ | အိန္ဒိယ | ၄၃၀၅၇၅၄၅ | ၄၂၅၁၉၄၇၉ | ၅၂၂၁၉၃ |
| ၃။ | ဘရာဇီး | ၃၀၃၄၅၆၅၄ | ၂၉၃၆၄၄၀၀ | ၆၆၂၆၆၃ |
| ၄။ | ပြင်သစ် | ၂၈၂၄၄၉၇၇ | ၂၅၈၅၂၈၃၂ | ၁၄၅၀၂၀ |
| ၅။ | ဂျာမနီ | ၂၄၁၀၉၄၃၃ | ၂၁၂၄၃၀၀၀ | ၁၃၄၆၂၄ |
| ၆။ | ဗြိတိန် | ၂၁၉၃၃၂၀၆ | ၂၀၇၈၂၃၅၀ | ၁၇၃၃၅၂ |
| ၇။ | ရုရှား | ၁၈၁၃၇၁၃၇ | ၁၇၄၇၄၆၂၈ | ၃၇၄၉၀၂ |
| ၈။ | တောင်ကိုရီးယား | ၁၆၈၉၅၁၉၄ | စိစစ်ဆဲ | ၂၂၁၃၃ |
| ၉။ | အီတလီ | ၁၆၀၇၉၂၀၉ | ၁၄၆၈၄၃၇၁ | ၁၆၂၆၀၉ |
| ၁၀။ | တူရကီ | ၁၅၀၁၆၂၇၀ | ၁၄၈၅၄၄၇၅ | ၉၈၆၇၆ |

## ၂၄-၄-၂၀၂၂ အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| နိုင်ငံ | ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| ဗီယက်နမ် | ၁၀၅၆၃၅၀၂ | ၉၀၈၆၀၇၅ | ၄၃၀၁၃ |
| အင်ဒိုနီးရှား | ၆၀၄၄၁၅၀ | ၅၈၇၀၄၁၉ | ၁၅၆၁၀၀ |
| မလေးရှား | ၄၄၂၇၀၆၇ | ၄၃၁၀၅၉၉ | ၃၅၄၉၁ |
| ထိုင်း | ၄၁၆၅၈၇၄ | ၃၉၅၄၉၄၅ | ၂၇၇၇၈ |
| ဖိလစ်ပိုင် | ၃၆၈၄၅၀၀ | ၃၆၁၀၆၅၈ | ၆၀၁၈၂ |
| စင်ကာပူ | ၁၁၈၀၁၂၄ | ၁၁၁၂၇၆၂ | ၁၃၂၅ |
| မြန်မာ | ၆၁၂၇၄၉ | ၅၉၁၆၃၃ | ၁၉၄၃၄ |
| လာအို | ၂၀၅၉၇၅ | စိစစ်ဆဲ | ၇၃၂ |
| ဘရူနိုင်း | ၁၄၁၁၁၉ | ၁၃၉၈၈၂ | ၂၁၈ |
| ကမ္ဘောဒီးယား | ၁၃၆၂၀၀ | ၁၃၂၈၉၆ | ၃၀၅၆ |

# ကိုလက်စထရောနှင့်ကျန်းမာရေး

ကိုကျော်စွာ(ကျိုက်ပိ)

**လူတို့သည် ခန္ဓာကိုယ်အတွက် လိုအပ်သောအာဟာရကို နေ့စဉ်ဖြည့်ဆည်းနေကြရသည်။ ယင်းအာဟာရဓာတ်ကိုတော့ ဟင်းသီးဟင်းရွက်နှင့် အသားငါးတို့မှ ရရှိပါသည်။ ထို့ပြင် ခန္ဓာကိုယ်အတွက်မရှိမဖြစ်လိုအပ်သော အာဟာရဓာတ်တစ်မျိုးလည်း ရှိပါသည်။ ယင်းသည်ကား အဆီဓာတ်ပင်ဖြစ်ပါသည်။ သို့သော် ထိုအဆီဓာတ်သည် စားတိုင်း အာဟာရဖြစ်သည်တော့ မဟုတ်ပေ။**

### ခန္ဓာကိုယ်ရှိ အဆီဓာတ်၏ လုပ်ငန်းတာဝန်

အဆီဓာတ်သည်ခန္ဓာကိုယ်၏ လုပ်ငန်းတာဝန်အတွက် မရှိမဖြစ်ပေ။ ဥပမာ-အင်ဂျင်စက်တစ်လုံးလည်ပတ်နိုင်စေရန် ချောဆီလိုအပ်သကဲ့သို့ ခန္ဓာကိုယ်၏ ဇီဝဖြစ်စဉ်အတွက် အဆီဓာတ်သည် လိုအပ်ပါသည်။ သို့သော် ခန္ဓာကိုယ်ရှိအဆီဓာတ်သည် ညီမျှနေဖို့လိုပါသည်။ ထိုအဆီဓာတ်များသည် ခန္ဓာကိုယ်၏အပူအအေးကိုမျှတစေခြင်း၊ ဗီတာမင်ဒီ (Vitamin D) ထုတ်ပေးခြင်း၊ ဆဲလ်နံရံများတည်ဆောက်ပေးခြင်းနှင့် ဟိုမုန်းဓာတ်ထုတ်ပေးခြင်း စသည့် လုပ်ငန်းတာဝန်များကို ပြုလုပ်ပေးပါသည်။

### အသက်အရွယ်အလိုက် ရှိသင့်သောအဆီပမာဏ

လူတို့သည် အသက်အရွယ်ကြီးရင့်လာသည်နှင့်အမျှ ခန္ဓာကိုယ်အတွင်း အဆီဓာတ်များပြားလာသည်ကို သတိပြုမိကြပေလိမ့်မည်။ ထိုအခါ အဝလွန်ခြင်းကိုဖြစ်စေကာ ကျန်းမာရေးဆိုးကျိုးများ ဖြစ်ပေါ်လာစေသည်။ အသက် ၄၀ ကျော်လာပါက ခန္ဓာကိုယ်အတွင်း အဆီပမာဏ များပြားလာတတ်သည်။ အထူးအဖြင့် အမျိုးသားများထက် အမျိုးသမီးများ ပို၍ဖြစ်တတ်သည်။

လူတစ်ဦးတွင် အသက်အရွယ်အပိုင်းအခြားအလိုက် ရှိသင့်သောအဆီပမာဏ ရှိပါသည်။ အမျိုးသမီးများတွင် အသက် ၁၈ နှစ်မှ ၃၉ နှစ်အတွင်း ပုံမှန်ရှိသင့်သော အဆီပမာဏမှာ ၂၁ မှ ၃၃ ရာခိုင်နှုန်း၊ အသက် ၄၀ မှ ၅၉ နှစ်အတွင်း ၂၃ မှ ၄၃ ရာခိုင်နှုန်း၊ အသက် ၆၀ အထက်မှာ ၂၄ မှ ၃၆ ရာခိုင်နှုန်းအထိသာ ရှိသင့်ပါသည်။ အမျိုးသားများ အနေဖြင့်မူ အသက် ၁၈ မှ ၃၉ နှစ်အတွင်း ပုံမှန်ရှိသင့်သော အဆီပမာဏမှာ ၈ မှ ၂၀ ရာခိုင်နှုန်း၊အသက် ၄၀ မှ ၅၉ အတွင်း ၁၁ မှ ၂၂ ရာခိုင်နှုန်း၊ အသက် ၆၀ အထက်မှာ ၁၃ မှ ၂၅ ရာခိုင်နှုန်းသာရှိသင့်ကြောင်း သိရသည်။ အဆိုပါ အသက်အရွယ်အလိုက်ရှိသင့်သော အဆီပမာဏထက်များပါက အဝလွန်၍ ကျန်းမာရေးကို ထိခိုက်စေပါသည်။

### ခန္ဓာကိုယ်အတွင်းရှိသင့်သော ကိုလက်စထရောပမာဏ

ကိုလက်စထရောသည် ခန္ဓာကိုယ်အတွက် မရှိမဖြစ်အရေးပါသော အဆီဓာတ်တစ်မျိုး ဖြစ်သည်။ ထို့ကြောင့် ကိုလက်စထရောသည် ရှိသင့်သော အဆီဓာတ်တစ်မျိုးဟု ဆိုရပေမည်။ သို့သော် လိုအပ်သည်ထက် များပြားပါက မကောင်းပေ။ ကိုလက်စထရောသည် လူတစ်ယောက်အတွက် နေ့စဉ်ပုံမှန်အားဖြင့် ၁၃၀ မီလီဂရမ်မှ ၂၀၀ အတွင်းသာ ရှိသင့်ပါသည်။ ၁၃၀ မီလီဂရမ်အောက် လျော့နည်းခြင်းနှင့် ၂၀၀ မီလီဂရမ်ထက် များပြားခြင်းက ကျန်းမာရေးကို ထိခိုက်စေနိုင်ပါသည်။ ထို့ကြောင့် မျှတသော ကိုလက်စထရောပမာဏရှိရန် လိုအပ်ပါသည်။



ကိုလက်စထရော လျော့ကျစေနိုင်သော အစားအစာများ။

**“ ခန္ဓာကိုယ်အတွင်း အဆီဓာတ်ပမာဏ လျော့နည်းသွားပါက ကိုလက်စထရောပမာဏလည်း လျော့နည်းသွားသည်။ သွေးအတွင်း ကိုလက်စထရော ၁၃၀ မီလီဂရမ်အောက် လျော့နည်းသွားလျှင် ကျန်းမာရေးချို့ယွင်းလာတတ်ပါသည်။ ဥပမာအားဖြင့် အအေးမခံနိုင်ခြင်း၊ အရိုးအဆစ်များ နာလာတတ်ခြင်း၊ ကျား-မ ဟိုမုန်းဓာတ် နည်းပါးလာခြင်း၊ ကိုယ်အလေးချိန်ရှိသင့်သည်ထက် ပို၍ ကျလာခြင်းနှင့် လှုပ်ရှားမှု နှေးကွေးလာခြင်း စသည်တို့ ဖြစ်လာတတ်သည်။ ထိုအခါ ကိုလက်စထရောပါဝင်သည့် အစားအစာများကို သင့်အောင် စားသုံးပေးသင့်ပါသည် ”**

### ကိုလက်စထရော၏ လုပ်ငန်းတာဝန်

ကိုလက်စထရောသည် ခန္ဓာကိုယ်အတွက် အရေးပါသောအဆီဖြစ်ပြီး ခန္ဓာကိုယ်တည်ဆောက်ရေးနှင့် ခန္ဓာကိုယ်၏ လုပ်ငန်းဆောင်တာများအတွက် အဓိကဖြစ်သည်။ အဓိကအားဖြင့် ဆဲလ်နံရံများကို တည်ဆောက်ပေးခြင်း၊ ခန္ဓာကိုယ်အတွင်းရှိ ဆဲလ်များ၏ အပေါ်ယံအမြှေးပါး၌ ကိုလက်စထရောပါဝင်ခြင်းကြောင့် ဆဲလ်များ ပျော့ပျောင်းသွားခြင်း၊ ကျား-မ ဟိုမုန်းကို ထုတ်လုပ်ပေးခြင်းတွင် အဓိကကုန်ကြမ်းဟု ဆိုပါသည်။ ထို့ပြင် ဗီတာမင်ဒီ (Vitamin D) ကိုလည်း ထုတ်လုပ်ပေးသည်။ ဗီတာမင်ဒီသည် အရိုးအဆစ်များကို သန်မာစေသည့်အတွက် ကိုလက်စထရောဓာတ်သည် အရိုးအဆစ်များအတွက်လည်း အရေးပါကြောင်း သိနိုင်သည်။

### ကိုလက်စထရောပါသော အစားအစာများ

ကိုလက်စထရောကို အစားအစာများမှလည်း ရရှိသလို စားသုံးဆီခေါ် ပြည့်ဝဆီများမှလည်း ရရှိပါသည်။ အပင်ထွက်ဆီများ၌ ကိုလက်စထရော မရနိုင်ပေ။ အဘယ့်ကြောင့်ဆိုသော် အပင်၏ဖွဲ့စည်းတည်ဆောက်ပုံတွင် ကိုလက်စထရော မလိုအပ်သောကြောင့်ဟု ဆိုပါသည်။ ကိုလက်စထရောကို တိရစ္ဆာန်မှရသောအဆီများမှ အများဆုံးရရှိပါသည်။ ဥပမာ-အမဲသားတွင် ကိုလက်စထရောပါဝင်မှု ၄၁၀ မီလီဂရမ်၊ ဒိန်ခဲတွင် ၂၇ မီလီဂရမ်၊ ကြက်သားတွင် ၆၀ မီလီဂရမ်၊ ထောပတ်တွင် ၂၅၀ မီလီဂရမ်နှင့် ကြက်ဥဘဲဥတွင် ၂၂၅ မီလီဂရမ် ပါဝင်သည်။ လူတစ်ယောက် နေ့စဉ်လိုအပ်သော ကိုလက်စထရောပမာဏကို အစားအစာများမှ ၂၅ ရာခိုင်နှုန်း ရရှိပြီး ကျန်လိုအပ်သော ၇၅ ရာခိုင်နှုန်းကို အသည်းက ထုတ်ပေးကြောင်း သိရသည်။ လူတစ်ဦးသည် နေ့စဉ်လိုအပ်သော ကိုလက်စထရောကိုရရှိစေရန် စားသုံးဆီ ၂ ကျပ်သားခန့် စားသုံးသင့်ပြီး သွေးတွင်းကိုယ်လက်စထရောများသူများအနေဖြင့် ပြည့်ဝဆီကိုသာ စားသုံးသင့်ပါသည်။


### ကိုလက်စထရောနှင့် ကျန်းမာရေး

ကိုလက်စထရောသည် ခန္ဓာကိုယ်ရှိအဆီများမှ အရေးပါသောအဆီတစ်မျိုးဖြစ်ကြောင်း အထက်တွင် ဖော်ပြခဲ့ပါသည်။ ခန္ဓာကိုယ်အတွင်း အဆီဓာတ်ပမာဏ လျော့နည်းသွားပါက ကိုလက်စထရောပမာဏလည်း လျော့နည်းသွားသည်။ သွေးအတွင်း ကိုလက်စထရော ၁၃၀ မီလီဂရမ်အောက် လျော့နည်းသွားလျှင် ကျန်းမာရေးချို့ယွင်းလာတတ်ပါသည်။ ဥပမာအားဖြင့် အအေးမခံနိုင်ခြင်း၊ အရိုးအဆစ်များ နာလာတတ်ခြင်း၊ ကျား-မ ဟိုမုန်းဓာတ် နည်းပါးလာခြင်း၊ ကိုယ်အလေးချိန်ရှိသင့်သည်ထက် ပို၍ ကျလာခြင်းနှင့် လှုပ်ရှားမှုနှေးကွေးလာခြင်း စသည်တို့ ဖြစ်လာတတ်သည်။ ထိုအခါ ကိုလက်စထရောပါဝင်သည့် အစားအစာများကို သင့်အောင် စားသုံးပေးသင့်ပါသည်။

ကိုလက်စထရောနည်းခြင်းကြောင့် ကျန်းမာရေးပြဿနာများရှိသလို ကိုလက်စထရောများခြင်းကြောင့်လည်း ကျန်းမာရေးပြဿနာများ ရှိပါသည်။ ကိုလက်စထရောများခြင်း ဆိုသည်မှာ သွေးအတွင်း ကိုလက်စထရော ၂၀၀ မီလီဂရမ်ထက်များခြင်းကို ဆိုလိုပါသည်။ သွေးတွင်း ကိုလက်စထရော များလာပါက ခန္ဓာကိုယ်အတွင်းရှိ တစ်သျှူးများသည် ကိုလက်စထရောကို အသုံးပြုနိုင်သည့် ပမာဏထက် ပိုများနေသဖြင့် ပိုနေသောကိုလက်စထရောသည် သွေးကြောနံရံများ၌ များပြားစွာ စုပုံလျက်ရှိကာ ထိုအဆီများကြောင့် နှလုံးသွေးကြောကျဉ်းရောဂါကို ဖြစ်စေသည်။ ထိုအခါ နှလုံးသွေးကြောပိတ်ခြင်းကြောင့် ရုတ်တရက်လေဖြတ်ခြင်းနှင့် အခန့်မသင့်ပါက သေဆုံးသည်အထိ ဖြစ်တတ်ပါသည်။

ထိုသို့ သွေးတွင်းကိုလက်စထရော များလာပါက ပြည့်ဝဆီစားသုံးခြင်းကို ရှောင်ကြဉ်သင့်ပါသည်။ ထို့ပြင် ဆေးလိပ်သောက်သုံးခြင်းကိုလည်း လုံးဝရှောင်ကြဉ်ရပါမည်။ ဆီကို စားသုံးရာတွင်လည်း မပြည့်ဝဆီများဖြစ်သော မြေပဲဆီ၊ သံလွင်ဆီနှင့် အခြားသော မိုနိုမပြည့်ဝဆီများကို စားသုံးသင့်ပါသည်။ အဘယ့်ကြောင့်ဆိုသော် ထိုဆီများတွင် ကိုလက်စထရော မပါဝင်ခြင်းကြောင့်ဖြစ်သည်။ ထို့ပြင် သွေးတွင်း ကိုလက်စထရောကျဆင်းအောင် နေ့စဉ် မိနစ် ၃၀ ခန့်လမ်းလျှောက်ပေးခြင်း၊ ပြည့်ဝဆီပါဝင်သော အမဲသားနှင့် ဝက်သားစားခြင်းကို ရှောင်ခြင်းတို့ ပြုလုပ်ရပါမည်။

အဆီဓာတ်သည် ခန္ဓာကိုယ်အတွက် လိုအပ်သလို အဆီအုပ်စုဝင်ဖြစ်သော ကိုလက်စထရောသည်လည်း ခန္ဓာကိုယ်အတွက် မရှိမဖြစ်လိုအပ်ပါသည်။ သို့သော် လိုအပ်သော ကိုလက်စထရောသည် ပမာဏမျှတဖို့ လိုပါသည်။ သို့မဟုတ်ဘဲ နည်းလွန်းလျှင် ကျန်းမာရေးထိခိုက်စေသလို များလွန်းလျှင်လည်း ကျန်းမာရေးကို ဆိုးရွားစွာ ထိခိုက်စေပါသည်။ ထို့ကြောင့် ကိုလက်စထရောနှင့် ကျန်းမာရေးအကြောင်းကို သိရှိပြီး ဂရုစိုက်နိုင်ကြစေခြင်းအလို့ငှာရေးသားတင်ပြလိုက်ရပါသည်။ ။



# လူမျိုးဘာသာမရွေး ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံပေးလျက်ရှိ

**နေပြည်တော် မေ ၂၄**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ ဘာသာရေးခေါင်းဆောင်များအပါအဝင် လူမျိုးမရွေး ဘာသာမရွေး အသက် ၄၀ အထက် ဒေသခံပြည်သူများ၊ အကျဉ်းသား အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါ အခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင်စခန်းများအတွင်းရှိ ပြည်သူများ၊ အသက် ၁၂ နှစ်အထက် အခြေခံပညာအလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများစသည့် ဦးတည်အုပ်စုများ သတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။



ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့နယ်နှင့် မိုင်းခတ်မြို့နယ်တို့၌ ဒေသခံပြည်သူ ၁၂၂ ဦး၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆မြို့နယ်၌ ဒေသခံပြည်သူ ၂၇၅၈၃ ဦး၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်အတွင်းရှိ မြို့နယ် ၁၄ မြို့နယ်၌ ဒေသခံပြည်သူ ၂၄၁၆၉ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့နယ် ပန်ဆောင်ကျေးရွာ၌ ဒေသခံပြည်သူ ၉၆ ဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခုမှ ဒေသခံပြည်သူ ၁၅၁၂၁ ဦးနှင့် ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နှင့် ပဲခူးမြို့နယ်တို့၌ ဒေသခံပြည်သူ ၉၁၂ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့်ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကြောင်း သိရသည်။

**သတင်းစဉ်**

# မြို့နယ်များ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေး

## ဟိုပန်

‘ဝ’ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်မြို့နယ် ရုံးကုန်းရပ်ကွက်ရှိ မိခင်နှင့်ကလေး ကျန်းမာရေးဌာန၌ ယမန်နေ့က အသက် ၆၅ နှစ်အထက် ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများအား ပြည်သူ့ကျန်းမာရေးဝန်ထမ်းများက ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေး (Booster Dose) ထိုးနှံပေးလျက်ရှိသည်။

ကာကွယ်ဆေးထိုးနှံရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဦးရဲဝင်းထိုက်၏ စီစဉ်ကြီးကြပ်မှုဖြင့် ကော်မတီအဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့က ဆေးလာရောက် ထိုးနှံသည့် ပြည်သူများကို ကျန်းမာရေးစစ်ဆေးမှုများပြုလုပ်ခြင်း၊ စာရင်းအချက်အလက်များ ကောက်ယူခြင်း၊ ကိုယ်ပူချိန်တိုင်းတာခြင်းများနှင့် ကာကွယ်ဆေးထိုးနှံပြီးချိန်တွင် ခေတ္တအနားယူစေခြင်းစသည့် ကျန်းမာရေးစောင့်ရှောက်မှုများကို ပူးပေါင်းကူညီဆောင်ရွက်ပေးသည်။

ဟိုပန်မြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးနှစ်ကြိမ်ထိုးပြီးခြောက်လပြည့်ပြီးဖြစ်သည့် အသက် ၆၅ နှစ်အထက် ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများအား Booster Dose ထိုးနှံပေးလျက်ကြောင်း မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီထံမှ သိရသည်။

**ဇင်ဇင်(ပြန်/ဆက်)**



## လဟယ်

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာအုပ်စုများရှိ ကာကွယ်ဆေးထိုးနှံရန် ကျန်ရှိသေးသော အသက် ၁၈ နှစ်အထက်များအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ပထမအကြိမ် ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ထိုးနှံပေးရာတွင် လဟယ်မြို့ပေါ်ရပ်ကွက် လေးရပ်ကွက်နှင့် ကျေးရွာအုပ်စုများရှိ အသက် ၁၈ နှစ်အထက် ပြည်သူများအားလုံး ရာနှုန်းပြည့်ထိုးနှံနိုင်ရေး ပထမအကြိမ် ရည်မှန်းဦးရေ ၁၁၀၀၀ ခန့်အား ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ယွန်း(မုံရွာ၊ ကိုယ်ပွား)**

## ဟားခါး

ချင်းပြည်နယ် ဟားခါးမြို့တွင် ကိုဗစ်-၁၉ ရောဂါ ထိရောက်စွာ ကာကွယ်တားဆီးနိုင်ရေးအတွက် မတ် ၂၉ ရက်မှစ၍ ဆေးထိုးစုရပ်ခုနစ်နေရာခွဲ၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးလျက်ရှိရာ မေ ၂၃ ရက်အထိ ကာကွယ်ဆေး လာရောက်ထိုးနှံသူ ၅၅၂၅ ဦးရှိကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ထိရောက်စွာ ကာကွယ်တားဆီးနိုင်ရေးအတွက် အရေးကြီးဆုံးလိုအပ်ချက်မှာ ကာကွယ်ဆေးထိုးနှံခြင်းဖြစ်သဖြင့် ဟားခါးမြို့ရှိပြည်သူများ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အပြည့်အဝလာရောက်ထိုးနှံနိုင်ရေးအတွက် ဆိုင်ကရှယ်တာ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းရုံး၊ တိုးဂိတ်၊ ဗေသလဘုရားရှိခိုးကျောင်း၊ အမှတ်(၁)၊အမှတ် (၂)နှင့်အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းစသည့် စုရပ် ခုနစ်နေရာခွဲ၍ ထိုးနှံပေးခြင်းဖြစ်ရာ မတ် ၂၉ ရက်မှ မေ ၂၃ ရက်အထိ First Dose ထိုးနှံသူ ၅၀၂၄ ဦး၊ Second Dose ထိုးနှံသူ ၁၄၆ ဦး၊ Booster ထိုးနှံသူ ၃၅၅ဦးဖြစ်၍ ကာကွယ်ဆေး လာရောက်ထိုးနှံသူပေါင်း ၅၅၂၅ ဦးဖြစ်သည်။

အဆိုပါ ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းကို ဟားခါးမြို့နယ်ကျန်းမာရေးဦးစီးဌာန မြို့နယ်ထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပညာရေးဆရာ ဆရာမများနှင့် ကြက်ခြေနီအသင်းတို့က ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ဟားခါးမြို့နယ်တွင် မတ် ၂၅ ရက်မှ မေ ၂၃ ရက်အထိ ကိုဗစ်-၁၉ ပိုးတွေ့လူနာသစ် စစ်ဆေးတွေ့ရှိမှုမရှိကြောင်း မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌထံမှ သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## သာပေါင်း

ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ် မိခင်ကလေးဌာန၊ စက်ဒေါင့်ကြီးကျေးရွာ၊ ဘုရားကုန်းကျေးရွာ၊ ဥသျှစ်ကျေးရွာ၊ ဒါးကညောင်ကုန်းကျေးရွာ၊ ဇီးဖြူကွင်းကျေးရွာ၊ မကျည်းကုန်းကျေးရွာ၊ ဆိပ်သာကျေးရွာ၊ ခေနန်ကျေးရွာ၊ ဆောင်ဘုံကျေးရွာ၊ ကုလားဝဲကျေးရွာတို့တွင် ကိုယ်ဝန်ဆောင်၊ နို့တိုက်မိခင်များနှင့် ဆေးထိုးရန်ကျန်ရှိသည့် အသက် ၁၈ နှစ်အထက် ကျေးလက်နေပြည်သူများအား ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံနိုင်ရေးအတွက် ကျေးရွာများအရောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များပါဝင်သော ကြီးကြပ်ရေးအဖွဲ့များက ဆေးထိုးစုရပ်ပြု၍ နေ့စဉ်ဆေးထိုးနှံပေးလျက်ရှိရာ ယနေ့ နံနက် ၉ နာရီမှ စတင်ကာ ကိုဗစ်-၁၉ (Sinovac) ထိုးနှံပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမင်းဧရာထိုက်နှင့်အဖွဲ့ဝင်များ၊ တာဝန်ကျဌာနဆိုင်ရာများမှ ကျေးရွာများအရောက် ရှင်းလင်းပြောကြားပြီး ကိုယ်ဝန်ဆောင်၊ နို့တိုက်မိခင်များနှင့် အကြောင်းအမျိုးမျိုးကြောင့် တစ်ကြိမ်တစ်ခါမျှ ကိုဗစ်-၁၉ ကာကွယ်ဆေးမထိုးနှံရသေးသည့် အသက် ၁၈ နှစ်နှင့်အထက် ရဟန်းသံဃာ၊ ကျေးလက်နေပြည်သူများအား ဆေးထိုးစုရပ်ပြုလုပ်၍ ကျေးရွာ ၁၀ ရွာမှ ကိုယ်ဝန်ဆောင်၊ နို့တိုက်မိခင်နှင့် အသက် ၁၈ နှစ်နှင့်အထက် စုစုပေါင်းပြည်သူ ၂၈၂၅ ဦးတို့ကို ကိုဗစ်-၁၉ (Sinovac) ကာကွယ်ဆေး ထိုးနှံပေးကြောင်း သိရသည်။

**မျိုးဇော်သိန်း(ပြန်/ဆက်)**



# ပေါင်မြို့နယ်၌ လယ်ယာစိုက်ပျိုးဧက ၉၀၀၀ ကျော်အကျိုးပြုမည့် ကုန်ထုတ်လမ်းနှင့် ကုန်ထုတ်တံတားများ ဆောင်ရွက်ပေးမည်

**ပေါင် မေ ၂၄**

မွန်ပြည်နယ် ပေါင်မြို့နယ်၌ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုရန်ပုံငွေ၊ ပြည်နယ်ရန်ပုံငွေတို့ဖြင့် ကျေးရွာရှစ်ရွာ၌ လယ်ယာစိုက်ပျိုးမြေဧက ၉၀၀၀ ကျော် အကျိုးပြုမည့် ကျေးလက်ကုန်ထုတ်လမ်း ခုနစ်လမ်းနှင့် ကုန်ထုတ်တံတား ၁၉ စင်း ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ကျော်လတ်ထံမှ သိရသည်။

ပေါင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယခုဘဏ္ဍာနှစ်တွင် ကျုံဟော်ကျေးရွာ၊ ထန်းပင်ချောင်ကြီးကျေးရွာ၊ သဲကုန်းကျေးရွာ၊ ကမာဘီကျေးရွာ၊ ကတွန်ကျေးရွာ၊ လက်ပံတောကျေးရွာ၊ အဝဖြဲကွင်းပိုင်းကျေးရွာ၊ အလှပ် (မြောက်ပိုင်း) ကျေးရွာ စုစုပေါင်း ကုန်ထုတ်လမ်း ခုနစ်လမ်း အရှည် ၁၁ မိုင် ၁ ဒသမ ၈၅ ဖာလုံနှင့် ကုန်ထုတ်တံတား ၁၉ စင်း တည်ဆောက်ခြင်းလုပ်ငန်းများကို ပြည်ထောင်စုရန်ပုံငွေ ပြည်နယ်ရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများကို လုပ်ငန်းအပ်နှံဆောင်ရွက်နိုင်ရေး တင်ဒါခေါ်ယူ ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ကျော်လတ် ပြောပြချက်အရ သိရသည်။

အဆိုပါလုပ်ငန်းအားလုံး ဆောင်ရွက်ပြီးစီးပါက ကျေးရွာရှစ်ရွာရှိ အိမ်ခြေ ၃၈၉၂ အိမ်၊ လူဦးရေ ၂၄၈၁၄ ဦးတို့၏ လယ်ယာစိုက်ပျိုးမြေဧက ၉၇၃၂ ဧကမှ ထွက်ရှိသော စပါးနှင့် အခြားသီးနှံများကို ဈေးကွက်သို့ အချိန်မီ သယ်ယူပို့ဆောင်နိုင်မည်ဖြစ်သည်။

**သန်းလွင်(မကွေး)**

## ဘားအံမြို့နယ်၌ ငါးမွေးမြူရေးဇုန်ဆောင်ရွက်ရန် လျာထားမြေနေရာ ပြည်နယ်ဝန်ကြီးချုပ် စစ်ဆေး



**ဘားအံ မေ ၂၄**
ကရင်ပြည်နယ်အတွင်း သားငါးကဏ္ဍ ဖူလုံပိုလျှံစေရေးအတွက် ဘားအံမြို့နယ် သမ္ဘာန်ကျေးရွာ အုပ်စုတွင် အောင်ငွေဖူးကုမ္ပဏီလီမိတက်က ငါးမွေးမြူရေးဇုန်ဆောင်ရွက်ရန် လျာထားသောမြေနေရာကို ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက မေ ၂၃ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် သမ္ဘာန်ကျေးရွာ စိုက်ပျိုးရေးသုတေသနမျိုးပွားခြံ တာဝန်ခံရုံးခန်း၌ ငါးမွေးမြူရေးဇုန်လုပ်ကိုင်ဆောင်ရွက်ရန် အဆိုပြုတည်နေရာနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြရာ ဘားအံခရိုင် အုပ်ချုပ်ရေးမှူး ဦးအောင်လွင်၊ ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစုံမိုင်းနှင့် အောင်ငွေဖူးကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူများက ခန့်မှန်းအဆိုပြုဧရိယာ ၂၇၇ ဒသမ ၇၂ ဧကခန့်၌ ငါးမွေးမြူရေးဇုန်လုပ်ကိုင်ဆောင်ရွက်မည့်အစီအမံများ၊ အဆိုပါ မြေဧရိယာအတွင်း တောင်သူများ၏ စိုက်ပျိုးလုပ်ကိုင်မှုအခြေအနေ၊ တောင်သူများနှင့် တွေ့ဆုံညှိနှိုင်းမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စိုက်ပျိုးရေးသုတေသန မျိုးပွားခြံအတွင်း ကုန်ထုတ်လမ်းနှင့် Pipe Culvert ငါးစင်း တည်ဆောက်ခြင်းလုပ်ငန်း၊ အုတ်တံတိုင်းတည်ဆောက်ခြင်းလုပ်ငန်း၊ အတွင်းလမ်းခင်းခြင်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး စိုက်ပျိုးရေးသုတေသနမျိုးပွားခြံရှိ ခွေလှေ့စက်၊ အခြောက်ခံစက်၊ မျိုးစေ့သန့်စင်စက်များကို တောင်သူများ လာရောက်အသုံးပြုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးရန်နှင့် လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် လှိုင်းဘွဲ့မြို့နယ် ရွာသာအေးမွေးမြူရေးဇုန် ရှင်းလင်းဆောင်သို့ရောက်ရှိပြီး မွေးမြူရေး တောင်သူများနှင့် တွေ့ဆုံရာ ဘားအံခရိုင် အုပ်ချုပ်ရေးမှူး ဦးအောင်လွင်က မွေးမြူရေးဇုန်အကွက်ချထားမှုနှင့် မွေးမြူသည့် တိရစ္ဆာန်အမျိုးအစားများကို ရှင်းလင်းတင်ပြပြီး မွေးမြူရေးဇုန်ကော်မတီဥက္ကဋ္ဌက ဇုန်အတွင်း မွေးမြူထားရှိမှု၊ ရေပိုက်လိုင်းများသွယ်တန်းပေးနိုင်ရေး၊ လျှပ်စစ်မီတာရရှိရေး၊ ချေးငွေရရှိရေး နှင့် မွေးမြူရေးတောင်သူများ ကြုံတွေ့နေရသည့်အခက်အခဲ၊ လိုအပ်ချက်များကို တင်ပြဆွေးနွေးကာ ပြည်နယ်ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။ ရွာသာအေးမွေးမြူရေးဇုန်တွင် ဥစားကြက်ကောင်ရေ ၂၃၁၀၀၊ အသားစားကြက်ကောင်ရေ ၁၅၀၀၊ ဆိတ်ကောင်ရေ ၁၄၀၊ ဝက် ၁၆၉ ကောင်၊ နွား ၃၅ ကောင်၊ တိုင်းရင်းကြက်ကောင်ရေ ၂၀၀ တို့ကို မွေးမြူထားရှိကြောင်း သိရသည်။

**စောမျိုးမင်းသိန်း**
**(ပြန်/ဆက်)**

## မြင်းခြံခရိုင်အတွင်းရှိ ကျေးရွာ ၁၂ ရွာ၌ ရေရရှိရေးလုပ်ငန်း ၁၂ ခု ဆောင်ရွက်ပေးမည်

**မြင်းခြံ မေ ၂၄**
မန္တလေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ကျေးလက်နေပြည်သူများ သောက်သုံးရေ ဖူလုံစွာရရှိစေရန် ရည်ရွယ်၍ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေ ကျပ် ၂၇၈ ဒသမ ၃၇၈ သန်းဖြင့် ကျေးရွာ ၁၂ ရွာ၌ ရေရရှိရေးလုပ်ငန်း ၁၂ ခု အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည် ဖြစ်သည်။

မြို့နယ်အလိုက် ဆောင်ရွက်မည့်လုပ်ငန်းများမှာ ငါန်းဇွန်မြို့နယ်၌ တောင်ကုန်း၊ မြင်သာ၊ ဝေပုလ္လကျေးရွာ၊ တောင်သာမြို့နယ်၌ ရွှေပြည်သစ်(မြိုင်သာယာတောတိုက်အနောက်ပိုင်း)၊ အုတ်ရှစ်ပင်(ရွှေကျင်တောတိုက်)၊ ရထားကုန်းကျေးရွာ၊ နွားထိုးကြီးမြို့နယ်၌ အောင်းပန်းကုန်း၊ ညောင်ပင်သာ၊ ကျောင်းကန်ကြီးပင်ကျေးရွာ၊ မြင်းခြံမြို့နယ်၌ ကျောက်ရုံ၊ ညောင်ပင်၊ သည္တကံကျေးရွာတို့ဖြစ်သည်။ ယခုအခါလုပ်ငန်းများ စတင်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး တင်ဒါလုပ်ငန်းစဉ်များ ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါကျေးရွာ ၁၂ ရွာ၌ ရေရရှိရေးနှင့် ဆက်စပ်လုပ်ငန်း ၁၂ ခုကို ဆောင်ရွက်ပြီးစီးပါက အဆိုပါကျေးရွာများရှိ အိမ်ခြေ ၁၈၈၇ အိမ်မှပြည်သူ ၈၅၀၀ ခန့်နှင့် မွေးမြူထားသောတိရစ္ဆာန်များအတွက် သောက်သုံးရေ ဖူလုံစွာရရှိစေရန် အကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။

**စိုးမိုးကျော်**



## "မြောက်ဦးမြို့ဟာ ရခိုင့်သမိုင်းဝင် အရေးကြီးတဲ့နေရာတစ်ခုဖြစ်ပါတယ်၊ တစ်ယောက်ကစပြီး မထိန်းသိမ်းရင် ပျက်စီးသွားနိုင်ပါတယ်"

မြောက်ဦးယဉ်ကျေးမှုအမွေအနှစ်ဒေသကို ကမ္ဘာ့အမွေအနှစ်ဖြစ်စေရေး ဆောင်ရွက်နေမှုနှင့်ပတ်သက်၍ မြောက်ဦးယဉ်ကျေးမှုအမွေအနှစ်ဒေသ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သန်းနှင့် တွေ့ဆုံမေးမြန်းခြင်း

**မေးမြန်းသူ- ခိုင်စန္ဒာထွန်း (ပြန်/ဆက်)**
**ဓာတ်ပုံ- မြင့်စိုး (ပြန်/ဆက်)**

**မေး ။ ။ အခုလိုမြောက်ဦးယဉ်ကျေးမှုအမွေအနှစ်ဒေသကို UNESCO စာရင်းတင်သွင်းနိုင်ဖို့အတွက် တာဝန်ရှိတဲ့သူတွေက ကြိုးစားနေကြတဲ့အပေါ် ဆရာမအနေနဲ့ ဘယ်လိုမြင်ပါသလဲရှင့်။**

ဖြေ ။ ။ မြောက်ဦးယဉ်ကျေးမှုအမွေအနှစ်ဒေသကို UNESCO စာရင်း တင်သွင်းနိုင်ဖို့ တာဝန်ရှိတဲ့သူတွေက ကြိုးစားနေကြတဲ့အပေါ် မြောက်ဦးယဉ်ကျေးမှုအမွေအနှစ်ဒေသ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ကလည်း ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိပါတယ်။ ဝမ်းလည်းဝမ်းသာပါတယ်။ ထပ်ပြီးတော့ ပူးပေါင်းဆောင်ရွက်သွားဖို့ရှိပါတယ်။

**မေး ။ ။ တာဝန်ရှိတဲ့သူတွေက တာဝန်ရှိတဲ့အလျောက် ဦးဆောင်လုပ်ကိုင်နေကြတဲ့အပေါ် ဆရာမတို့အနေနဲ့ ဘယ်လိုမျိုး ပူးပေါင်းပါဝင်တာမျိုးတွေ ရှိပါသလဲရှင့်။**

ဖြေ ။ ။ ကျွန်မက မြောက်ဦးယဉ်ကျေးမှုအမွေအနှစ်ဒေသကို UNESCO စာရင်းတင်သွင်းနိုင်ဖို့ လုပ်ဆောင်ရာမှာ သမိုင်းရှာဖွေရေးဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီးတော့ ကျွန်မတို့အဖွဲ့ကလည်း ကျရာနေရာ တာဝန်ထမ်းဆောင်ကြပါတယ်။ ဥပမာ ဇုန်မြေပုံရေးဆွဲရေး၊ နယ်နိမိတ်သတ်မှတ်ရေးနဲ့ မြေပြင်ပေါ်ရှိနေတဲ့ သမိုင်းအထောက်အထားတွေကိုဝိုင်းကူပြီး ဆောင်ရွက်ပေးနေပါတယ်။

**မေး ။ ။ အခုဆိုရင် မြောက်ဦးကို UNESCO စာရင်းတင်သွင်းနိုင်ဖို့ တာဝန်ရှိသူတွေက လုပ်သင့်သလောက်လည်း လုပ်ပြီးပြီဆိုတော့ ဒေသခံပြည်သူတွေဘက်က ထိန်းသိမ်းစောင့်ရှောက်ရမယ့်အပိုင်းတွေကို ဆရာမက ဒေသခံတစ်ယောက်အနေနဲ့ ဘယ်လိုပြောကြားချင်ပါသလဲရှင့်။**




ဖြေ ။ ။ ကျွန်မအနေနဲ့ ပြည်သူတွေကို ပြောချင်တာကတော့ အခု ကျွန်မတို့နေတဲ့ မြောက်ဦးမြို့ဟာ ရခိုင့်သမိုင်းဝင် အရေးကြီးတဲ့နေရာတစ်ခု ဖြစ်ပါတယ်။ တစ်ယောက်ကစပြီး မထိန်းသိမ်းရင် ပျက်စီးသွားနိုင်ပါတယ်။ လက်ရှိမှာ အမှိုက်စွန့်ပစ်မှုများကြောင့်လည်း ယဉ်ကျေးမှုအမွေအနှစ်ကို ထိခိုက်နိုင်တဲ့အတွက် အမှိုက်တွေကို ဘယ်လိုမျိုးစွန့်ပစ်ရမယ်ဆိုတာ ပြည်သူတွေကို Workshop တွေလုပ်ပြီး အသိပညာပေးဆွေးနွေးတာမျိုးတွေလည်း လုပ်နေပါတယ်။ ပြီးမှ ပြည်သူတွေရဲ့အသံကိုနားထောင်ပြီး သက်ဆိုင်ရာ ခရိုင်/မြို့နယ် တာဝန်ရှိသူတွေနဲ့ ညှိနှိုင်းဆောင်ရွက်ပေးတာမျိုးတွေကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။

**မေး ။ ။ ဓာတ်ပုံပြပွဲကျင်းပခြင်းဟာ UNESCO စာရင်းဝင်နိုင်ရေးအပေါ် ဘယ်လောက်အထိ သက်ရောက်မှုရှိပြီး ဘယ်လိုအကျိုးကျေးဇူးတွေရရှိနိုင်တယ်လို့ ဆရာမ ထင်မြင်မိပါသလဲရှင့်။**

ဖြေ ။ ။ ကျွန်မအနေနဲ့ကတော့ မြောက်ဦးကို ကမ္ဘာကသိဖို့အတွက် ကြိုးစားဆောင်ရွက်တဲ့နေရာမှာ ဓာတ်ပုံပြပွဲကလည်း ကဏ္ဍတစ်ခုအနေနဲ့ အရေးပါတယ်လို့ ထင်ပါတယ်။ ရခိုင့်ယဉ်ကျေးမှုကို ကမ္ဘာက သိရမယ်။ ရခိုင်တွေလည်း သိရမယ်။ ဘာလို့လဲဆိုတော့ ကိုယ့်ရဲ့ အမွေအနှစ်ရိုးရာတွေကို ကိုယ်မသိလို့ မရဘူးလေ။ ဒါကြောင့် ရခိုင့်ယဉ်ကျေးမှုကို ရခိုင်တွေ သိအောင်၊ အခြားတိုင်းရင်းသားတွေလည်းသိအောင် နည်းပေါင်းစုံနဲ့ ကြိုးစားနေတာကြောင့် ဓာတ်ပုံပြပွဲဟာ အကျိုးကျေးဇူးအများကြီးရှိမယ်လို့ ထင်မြင်မိပါတယ်။

**မေး ။ ။ နောက်ဆုံးအနေနဲ့ အခုလို မြောက်ဦးဒေသကို UNESCO စာရင်းဝင်အောင် အဘက်ဘက်က ကြိုးစားနေကြတဲ့အပေါ်မှာ ဆရာမရဲ့ ဒေသခံတစ်ယောက်အနေနဲ့ ဖြစ်မိတဲ့ ပီတိစကားလေးတွေကိုလည်း ပြောပြပေးပါဦးရှင့်။**

ဖြေ ။ ။ ကျွန်မအနေနဲ့ ရခိုင့်ယဉ်ကျေးမှုအမွေအနှစ်တွေကို ပြည်သူတွေ ထိန်းသိမ်းစောင့်ရှောက်သင့်မှန်း သိမြင်လာကြတဲ့အပေါ် အလွန်တရာမှ ဝမ်းသာမိပါတယ်။ ရခိုင့်သမိုင်း၊ ရခိုင့်ယဉ်ကျေးမှုကို ကမ္ဘာက သိလာအောင် ကြိုးစားဆောင်ရွက်ပေးနေကြတဲ့အတွက် ဒေသခံတစ်ယောက်အနေနဲ့ ဖော်မပြတတ်အောင် ကျေနပ်ပီတိဖြစ်မိပါတယ်။ ကိုယ်တိုင်ကလည်း တတ်စွမ်းသမျှ ပေးဆပ်ဆောင်ရွက်သွားပါမယ်။ ဒေသခံပြည်သူတွေကလည်း ကိုယ့်ဒေသရဲ့ အမွေအနှစ်တွေကို ရင်ထဲက စစ်မှန်တဲ့ တန်ဖိုးထားခြင်းတွေအပြည့်နဲ့ ထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားကြဖို့နဲ့ အဓိကအားဖြင့် လူငယ်တွေအနေနဲ့ မိမိတို့ရဲ့ ဘိုးဘွားဘီဘင်အဆက်ဆက် ထိန်းသိမ်းစောင့်ရှောက်လာခဲ့တဲ့ တန်ဖိုးရှိလှတဲ့ ရှေးဟောင်းအမွေအနှစ်တွေကို သားစဉ်မြေးဆက် လက်ဆင့်ကမ်းထိန်းသိမ်းကာကွယ်သွားကြပါလို့ မေတ္တာရပ်ခံချင်ပါတယ် ။ ။

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၃-၅-၂၀၂၂ တနင်္လာနေ့

**MRTV HD**

**၀၆:၀၀** မေတ္တသုတ်၊ ရတနသုတ်၊ ေတာ္ရှဂ်သုတ် အန္တရာယ်ကင်းပရိတ်တရားတော်
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၈:၃၅** ဒီမိုကရေစီဆိုသည်မှာ
**၀၉:၁၀** မွေးမြူရေးရာအဖြာဖြာ
**၁၀:၀၀** သတင်းထဲကသတင်း
**၁၀:၃၀** ရာဇဝင်ထဲကသမိုင်းအနုပညာ
**၁၂:၃၀** နိုင်ငံခြားဇာတ်လမ်းတွဲ '**အမှန်တရားရဲ့ လျှို့ဝှက်ချက်**' (အပိုင်း-၈၂)
**၁၃:၃၀** MRTV National News
**၁၄:၀၀** ရုပ်မြင်သံကြားဇာတ်လမ်းတွဲ '**တို့ကျေးရွာရဲ့ချစ်မိတ်ဆွေ**'
**၁၆:၃၅** ကျန်းမာရေးအတွက်တိုင်းရင်းဆေးပညာ အစီအစဉ်
**၁၇:၀၀** သတင်းသမားပြောတဲ့သတင်းစကား
**၁၇:၅၀** သတိပြုကာကွယ်ဖွယ်ရောဂါ အန္တရာယ်
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၃၅** သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
**၁၉:၁၀** နိုင်ငံခြားဇာတ်လမ်းတွဲ '**အောင်ပွဲပဏ္ဍိုင် ရင်ဆိုင်ချီတက်**' (အပိုင်း-၂၈)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
**၂၁:၀၀** သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
**၂၁:၃၅** နိုင်ငံခြားဇာတ်လမ်းတွဲ '**တားဆီးကျော်ဖြတ် စုံစမ်းဖော်ထုတ်**' (အပိုင်း-၁၃)
**၂၂:၂၀** ရုပ်မြင်သံကြားဇာတ်လမ်းတွဲ '**လိုဘ**'

**mitv**

**07:01** Evergreen Classic: Myat Hsu Mon
**07:05** New Destination for Sea Lovers
**07:10** A Lucky Boy
**07:27** Tray Art Products
**08:00** Charming & Fragrant Sabai
**08:09** The Eel Business
**08:25** Mekong-Lancang Cooperation: Puppet Festival- Royal Page Boy Dance
**08:28** Mekong-Lancang Cooperation: Puppet Festival- Creative Performance by Puppeteers of the People's Republic of China
**08:34** Buddha - Dhita (Buddhist Nuns)
**09:01** News
**09:26** Global Partnership for Brighter Future: Kingdom of Saudi Arabia Pavilion at Expo 2020 Dubai
**09:36** Inlay Traditional Cotton Clothes
**09:44** A Life In The Ring

**MRTV NRC**

**အနောက်ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)**
ဝန်မြစ်ကမ်းနားကရွာသစ်ရွာကလေး

**အရှေ့ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)**
ဖားစည်မြေမှရောင်စုံအလှ (အပိုင်း-၁)

**ချင်း (လိုင်ဇို) (၀၈:၀၀ မှ ၀၉:၀၀)**
တောင်ဇလပ်ရဲ့ရိုးရာအလှ (အပိုင်း-၃)

**ချင်း (ချိုး) (၀၉:၀၀ မှ ၁၀:၀၀)**
ချောင်းသွားငါးဖမ်းခြင်း

**မွန် (၁၀:၀၀ မှ ၁၂:၀၀)**
မွန်ယဉ်ကျေးမှုပြတိုက်

**ရခိုင် (၁၂:၀၀ မှ ၁၄:၀၀)**
အိပ်မက်ကကြိုးကခုန်သူ

**ရှမ်း (၁၄:၀၀ မှ ၁၆:၀၀)**
သာသနာအကြောင်းတရား (အပိုင်း-၁)

**ဝ (၁၆:၀၀ မှ ၁၈:၀၀)**
"ဝ" ရိုးရာဝတ်စုံချုပ်နည်း

**ကချင် (၁၈:၀၀ မှ ၂၀:၀၀)**
ဆွေညီနောင်များဘာသာစကားဖြင့်ချစ်ကြည်စေမည် (အပိုင်း-၁)

**ကယား (၂၀:၀၀ မှ ၂၂:၀၀)**
စိတ်ဝင်တစားရှိရာဝလေ့ထူးခြားချက်များ (ကယားတိုင်းရင်းသားများရဲ့နာမည်မှည့်ခေါ်ခြင်း)

**ပအိုဝ်းကရင် (၂၂:၀၀ မှ ၂၃:၀၀)**
ဒုရှဟင်း

**MRTV NEWS**

**၀၆:၀၀** အဖွင့်၊ တေးသီချင်း
**၀၆:၄၀** အားကစားသတင်း
**၀၉:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၀:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၃:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၄:၀၀** MRTV National News
**၁၅:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၇:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၉:၀၀** ပြည်တွင်းသတင်း (LIVE)
**၂၀:၀၀** ပြည်တွင်းသတင်း (LIVE)
**၂၁:၀၀** ပြည်တွင်းသတင်း (LIVE)
**၂၁:၀၀** သတင်းသမားပြောတဲ့သတင်းစကား

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊ အလံ
**၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို '**အကျိုးပျက်ဆီးမှုအကြောင်း သိမှတ်စရာဥပဒေမှာ**'
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
**၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း (အပိုင်း-၆)
**၁၁:၀၀** ရွေးကောက်တင်မြှောက်ပုံစနစ် (အပိုင်း-၃)
**၁၁:၃၀** အတွေးအမြင် (အပိုင်း-၆)

**MRTV FARMERS'**

**၀၆:၀၀** အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
**၀၆:၀၂** တောင်သူလယ်သမားရေးရာသတင်း
**၀၆:၄၅** ကြံနည်းသစ်များတီထွင်ကြံတောင်သူများ ဝင်ငွေရှာ
**၀၇:၁၅** တောင်ပေါ်ဒေသယာစပါးအလှ
**၀၈:၀၀** မျိုးကောင်းမျိုးသန့်စိုက်ပျိုးအတွက်တိုးမယ့် ရှေ့နေကြာ
**၀၈:၂၅** ပြောင်းအထွက်နှုန်းတိုးစေဖို့စပ်မျိုးပြောင်းဖူး များစိုက်ကြစို့
**၀၉:၄၅** စိန်တလုံးသရက်ဝက်ရည်ပဲခင်းရွာမှအစတည်

**MRTV SPORTS**

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/ Weekly Sports Info
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစား မြန်မာနေ့ရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

Education Channel ကို စနေ၊ တနင်္ဂနွေ မှအပ နံနက် (၁၀:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။
SCAN ME
www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် အမှတ်(၂) ရပ်ကွက် အောင်မြေလောက ပရိယတ္တိစာသင်တိုက် ဝင်းအတွင်းတွင် သာသနဟိတကာရီ ရာပြည့် ကျောင်းတော်ကြီး နှစ်ထပ် အဆောက်အအုံ တည်ဆောက်လျက်ရှိရာ မေ ၂၂ ရက်က ဦးမောင်လင်း၊ ဒေါ်သန်းအိ မိသားစု အောင်ပန်းစိန်ကျေးရွာ သုံးခွမြို့နယ်က အလှူငွေကျပ်သိန်း ၁၀၀ လှူဒါန်းမှုကို ကျောင်းတိုက်ပဓာနနာယက ဆရာတော် ဘဒ္ဒန္တဝိဒလ၊ သာသနတက္ကသီလ ဓမ္မာစရိယ၊ (B.A Buddhsim) ဂန္ထဝါစကပဏ္ဍိတ လက်ခံရယူစဉ်။

ကျော်ဆန်း




## မိဘပြည်သူများသို့ အသိပေးကြေညာခြင်း

အသက် (၁၆) နှစ်နှင့်အထက် အကျုံးဝင်သူများအား ဥပဒေအရ ကိုင်ဆောင်သင့်သည့် ကတ်တစ်မျိုးမျိုး ထုတ်ပေးရေးအတွက် "**ပန်းခင်း**"စီမံချက်ဖြင့် ရုံးတွင် ဆောင်ရွက်ပေးခြင်း၊ ကွင်းဆင်း ဆောင်ရွက်ပေးခြင်း၊ လိုအပ်သည့်နေရာများတွင် တစ်အိမ်တက်ဆင်း ဆောင်ရွက်ပေးခြင်းများကို (၃-၅-၂၀၂၁)မှ(၃-၁၁-၂၀၂၂) နေ့အထိ နိုင်ငံတစ်ဝန်းလုံးတွင် နေ့စဉ်ရက်ဆက် ဆောင်ရွက်ပေးလျက်ရှိသည်။

ယခုအခါ လိုအပ်ချက်အရ ပြည်သူများအနေဖြင့် ခရီးသွားလာရာတွင်လည်းကောင်း၊ တည်းခိုနေထိုင်ရာ နေရာများတွင် လည်းကောင်း၊ နိုင်ငံသားကတ် (မှတ်ပုံတင်)ပြသဆောင်ရွက်ရသည့် လုပ်ငန်းများတွင်လည်းကောင်း တရားဝင်ထုတ်ပေးထားသော နိုင်ငံသားကတ် (မှတ်ပုံတင်)ကို (၁-၄-၂၀၂၂) နေ့ (၆:၀၀) နာရီမှစ၍ ပြသစစ်ဆေးခံရမည်ဖြစ်ပါသည်။

နေ့စဉ်ရက်ဆက်ဆောင်ရွက်ပေးနေမှုကြောင့် နိုင်ငံသားကတ် (မှတ်ပုံတင်) အစား ထောက်ခံစာများကို ပြသ၍ ခရီးသွားလာခြင်း၊ အစစ်ဆေးခံခြင်းများအား ခွင့်ပြုတော့မည်မဟုတ်ပါ။

နိုင်ငံသားကတ်(မှတ်ပုံတင်)အတု ကိုင်ဆောင်ခြင်းနှင့် ကတ်အပို ထားရှိကိုင်ဆောင်ခြင်းများသည် တည်ဆဲဥပဒေများအရ ပြစ်မှုမြောက်ပါကြောင်း အသိပေးအပ်ပါသည်။

**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၄ - ၄ - ၂၀၂၂

**ရွှေ**

| | | | | | | |
|---|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၂၀၇၈၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၉၅၅၈၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၂၀၇၈၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၉၅၅၈၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၂၇၅/၂၂၈၀ ကျပ် | ၂၃၂၅/၂၃၃၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၃၀၅/၂၃၁၀ ကျပ် | ၂၃၆၀/၂၄၃၀ ကျပ် |
| အောက်တိန်း ၉၂ | ၁၉၃၀/၁၉၃၀ ကျပ် | ၁၉၈၀/၂၁၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၁၉၈၀/၂၀၀၀ ကျပ် | ၂၀၉၀/၂၂၈၅ ကျပ် |

(SBP စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၈၅၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၉၉၈ . ၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၃၅၃ . ၆ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၄ . ၅၀၀ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၄၃၉ . ၆ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၂၇ . ၇၅ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၈၄ . ၈၉ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၄ . ၁၈၈ |

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇၇၀၀ | ၇၆၀၀ | ၁၄၀ | ၁၀၇၂၈၀၀ |
| MTSH | ၂၆၅၀ | ၂၆၅၀ | ၅၈၉ | ၁၅၆၀၈၅၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၀ | ၀ | ၀ | ၀ |
| TMH | ၂၆၅၀ | ၂၆၅၀ | ၅ | ၁၃၂၅၀ |
| EFR | ၀ | ၀ | ၀ | ၀ |
| AHP | ၀ | ၀ | ၀ | ၀ |

ညီညီ - စုစည်းသည်

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၃၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချီရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# နွေရာသီနှင့် ယဉ်ကျေးလိမ္မာသင်တန်းများ

မောင်သောင်းဝင်း (တမန်ဟောင်း)



ကျေးဇူးရှင်ဆရာတော်ကြီး ဓမ္မဒူတ အရှင်ဆေကိန္ဒသည် နှစ်စဉ်နွေရာသီကျောင်းပိတ်ရက်တွင် နေပြည်တော်ရှိ ဗုဒ္ဓဂယာ၌ ဖွင့်လှစ်သည့် ယဉ်ကျေးလိမ္မာသင်တန်းများသို့ လာရောက်၍ တရားရေအေးတိုက်ကျွေးလေ့ရှိသည်။ ထိုသင်တန်းသည် နေပြည်တော်ကောင်စီနယ်မြေရှိ ကျောင်းသူကျောင်းသားများအတွက် ရည်ရွယ်ဖွင့်လှစ်ခြင်းပင်ဖြစ်သည်။ သို့သော် ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုများကြောင့် ၂၀၂၀ ပြည့်နှစ်မှစ၍ ယဉ်ကျေးလိမ္မာသင်တန်းများ ဖွင့်လှစ်နိုင်ခြင်းမရှိခဲ့ပေ။ လက်ရှိအချိန်တွင် ကျန်းမာရေးဝန်ကြီးဌာနက လူစုဝေးခွင့်ကန့်သတ်ချက်များ ဖြေလျှော့ပေးထားပြီဖြစ်၍ နွေရာသီကျောင်းပိတ်ရက်တွင် ကျောင်းသူ ကျောင်းသားများအတွက် ယဉ်ကျေးလိမ္မာသင်တန်းများ ပြန်လည်ဖွင့်လှစ်နိုင်မည်ဆိုလျှင် အတိုင်းထက်အလွန်ပင်ဖြစ်သည်။

**လူတော်လူကောင်းများဖြစ်စေလို**

ဆရာတော် အရှင်ဆေကိန္ဒသည် သတ္တဝါများအပေါ် မေတ္တာတရားကြီးမားလှပေသည်။ အထူးသဖြင့် ကလေးများကို လူတော်လူကောင်းလေးများဖြစ်စေလိုသည်။ မူလကတည်းက စိတ်ထားနူးညံ့သည့် ကလေးများကို ပိုမိုယဉ်ကျေးလိမ္မာလာအောင် ဟောကြားဆုံးမတော်မူလေ့ရှိသည်။ အထူးသဖြင့် ရတနာသုံးပါးကို ရိုသေကိုင်းရှိုင်းရန်၊ အနန္တော အနန္တငါးပါး၏ ဂုဏ်ကျေးဇူးကိုသိတတ်စေရန်၊ မိဘ၊ ဆရာသမားများအပေါ် ကျေးဇူးသိတတ်စေရန်၊ ပေါင်းသင်းဆက်ဆံတတ်စေရန်၊ သန့်ရှင်းသပ်ရပ်စွာနေထိုင်တတ်စေရန် အလေးထား ဆုံးမသင်ကြားလေ့ရှိသည်။ ကလေးများသည် သင်တန်းကာလအတွင်း ရှစ်ပါးသီလခံယူခြင်း၊ တရားတော်များနာယူခြင်း၊ ဘုရားရှိခိုးခြင်း၊ တရားထိုင်ခြင်း၊ ရိပ်သာဆောင်များ သန့်ရှင်းရေးလုပ်ခြင်း၊ သံဝေဇနိယလေးဌာနသို့ ဘုရားဖူးသွားခြင်း စသည့် ကောင်းကျိုးများစွာဖြစ်စေသည့် ပြုမူနေထိုင်မှုပုံစံများဖြင့်သာ ဖြတ်သန်းလေ့ရှိကြသည်။

မကြာမီ နွေရာသီကျောင်းပိတ်ရက်ကုန်ဆုံး၍ အခြေခံကျောင်းများ ပြန်ဖွင့်တော့မည်ဖြစ်သည်။ နွေရာသီတွင်ကလေးများသည် သင်တန်းတစ်ခုခုတော့ တက်ခဲ့ကြမည်ထင်ပါသည်။ နွေရာသီတွင် ရပ်ကွက်၊ ကျေးရွာ၊ ရုံး၊ ဌာနအလိုက် အင်္ဂလိပ်စာ၊ ကွန်ပျူတာ၊ အားကစား၊ ရေးဦးသူနာပြု၊ ယဉ်ကျေးလိမ္မာစသည့် သင်တန်းပေါင်းစုံ ဖွင့်လေ့ရှိကြသည်။ ထိုသင်တန်းများအနက် လက်တွေ့အကျိုးဖြစ်မည့် သင်တန်းတစ်ခုခုကို တက်ခဲ့မည်ဆိုလျှင် အနာဂတ်ဘဝခရီးလမ်းတွင် အတိုင်းအတာတစ်ခုအထိ အကျိုးဖြစ်နေမည်ဖြစ်သည်။

**ယဉ်ကျေးလိမ္မာသင်တန်းများ**

မြန်မာနိုင်ငံတစ်ဝန်းတွင် နှစ်စဉ်နွေရာသီကျောင်းပိတ်ရက်ကာလများ၌ ယဉ်ကျေးလိမ္မာသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလေ့ရှိသည်။ ပရဟိတစိတ်ဓာတ်ရှိသော ဆရာတော်၊ သံဃာတော်များ၊ ကျောင်းဆရာ ဆရာမများက အသပြာမယူဘဲ စေတနာဖြင့် အခမဲ့သင်ကြားပေးလေ့ရှိသည်။ ထိုသင်တန်းများတက်ခြင်းဖြင့် ကလေးများသည် တန်ဖိုးမဖြတ်နိုင်သော အကျိုးများစွာကို ရရှိစေသည်။

ဓမ္မဒူတအရှင်ဆေကိန္ဒ၏ကျောင်းတွင် နွေရာသီကျောင်းပိတ်ရက်ကာလ၌ ယဉ်ကျေးလိမ္မာသင်တန်းတက်ရောက်နေသော ကလေးများစွာကို တွေ့ရမည်ဖြစ်သည်။ ထိုကျောင်းသို့ ရောက်ရှိလာသည့် ကလေးများသည် မိဘများ အတင်းတိုက်တွန်း၍ တက်ကြသည်မဟုတ်ပေ။ ကလေးများကိုယ်တိုင်က လိုလိုချင်ချင်ဖြင့် တက်ရောက်ကြခြင်းဖြစ်သည်။

လူမျိုးတိုင်းတွင် သက်ဆိုင်ရာယုံကြည်ကိုးကွယ်မှုများရှိကြသည်။ ဘာသာတရား၏ အဆုံးအမများလည်းရှိကြသည်။ ထိုသို့ဘာသာတရား၏အဆုံးအမများအတိုင်းသာ လိုက်နာကျင့်ကြံနေထိုင်မည်ဆိုလျှင် လောကကြီးသည် အေးချမ်းနေမည်ဖြစ်သည်။ ယဉ်ကျေးလိမ္မာသင်တန်းသည်လည်း မြန်မာကလေးငယ်များအတွက် လက်တွေ့အကျိုးဖြစ်ထွန်းသော သင်တန်းတစ်ခုပင်ဖြစ်သည်။ သင်တန်းတွင် ဘုရား၊ တရားနှင့် သံဃာ့ဂုဏ်တော်များ၊ ပရိတ်၊ ပဋ္ဌာန်းများ၊ သီလများ၊ လူ့ကျင့်ဝတ်များစသည့် ဗုဒ္ဓဘာသာဝင်များ သိသင့်သိထိုက်သည်များကို သင်ကြားပေးရာ ထိုသင်တန်းတက်ရောက်ဖူးသည့် ကလေးငယ်တစ်ဦးသည် မြတ်စွာဘုရား၏ ဖြစ်တော်စဉ်၊ အခြေခံဗုဒ္ဓဘာသာအကြောင်းတို့ကို ဘာသာရေးအား ထဲထဲဝင်ဝင် သက်ဝင်ယုံကြည်မှုမရှိသော လူကြီးများထက်ပင်ပို၍ သိရှိကြသည်။

**ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများ**

ယဉ်ကျေးလိမ္မာသင်တန်းများသည် မြန်မာကလေးများအား ရတနာသုံးပါးကို ကြည်ညိုကိုင်းရှိုင်းတတ်စေရန်၊ အနန္တောအနန္တငါးပါး၏ ဂုဏ်ကျေးဇူးတို့ကိုသိတတ်စေရန်နှင့် လူသားဆန်စွာပြုမူနေထိုင်တတ်စေရန် သင်ကြားပြသပေးသည့် သင်တန်းများဖြစ်သည်။ အထူးသဖြင့် မိတ်ဆွေများ၊ ညီအစ်ကိုမောင်နှမများ၊ လူကြီးမိဘများ၊ ဆရာဆရာမများနှင့် ဆက်ဆံရာတွင် မည်သို့မည်ပုံပြုမူသင့်သည်ကို သင်ပြပေးခြင်းဖြစ်သည်။ မြတ်စွာဘုရား၏ ဖြစ်တော်စဉ်များမှ ဇာတ်တော်များကို ထုတ်နုတ် ဥပမာများပေးကာ လောကလူ့ရွာကို ကောင်းကျိုးပြုတတ်စေရန် သင်ကြားပေးနေခြင်းဖြစ်သည်။ တိကျစွာဆိုရလျှင် မည်သည့် နိုင်ငံရေး၊ လူမျိုးရေး၊ ဘာသာရေး ရည်မှန်းချက်မျှမပါသော အဖြူရောင်သက်သက်မျှသာဖြစ်သည်။

ထိုသို့ ယဉ်ကျေးလိမ္မာသင်တန်းတက်ရောက်ဖူးသည့် ကလေးငယ်တစ်ဦးသည် ဘုရားဝတ်ပြုရှိခိုးခြင်း၊ အိပ်ရာမဝင်မီ မိဘများအား ကန်တော့ခြင်းနှင့် ထမင်းမစားမီ မိဘများ၊အသက်အရွယ်ကြီးသူများအား ဦးချပြီးမှသာ စားသောက်ခြင်းကဲ့သို့သော ဝတ္တရားများကို ပြောစရာပင် မလိုတော့ချေ။ အချိန်တန် အရွယ်ရောက်လာသည့်အခါတွင်လည်း ဗုဒ္ဓဘာသာအကြောင်းကို ဘာသာခြားများက မေးမြန်းလာလျှင် ခြေခြေမြစ်မြစ် ရှင်းပြနိုင်မည်ဖြစ်သည်။ တချို့သောသူများသည် အသက်အရွယ်ရလာသည့်တိုင်အောင် ဗုဒ္ဓဘာသာ၏ အနှစ်သာရကို တခြားသူများနားလည်သည်အထိ လိပ်ပတ်လည်အောင် ပြောပြနိုင်စွမ်းမရှိကြချေ။ မိမိကိုးကွယ်ရာဘာသာကို ငယ်စဉ်က စနစ်တကျ လေ့လာသင်ယူကိုးကွယ်ခဲ့ခြင်း မရှိသူများသည် ယောင်ဝါးဝါးသာ ဖြစ်နေမည် ဖြစ်သည်။

ယဉ်ကျေးလိမ္မာ သင်တန်းတက်ရောက်ဖူးသည့် ကလေးငယ်တစ်ဦးသည် ကံငါးပါးကိုချိုးဖောက်လျှင် ရရှိမည့်အပြစ်များနှင့် ကံငါးပါးလုံခြုံလျှင်ရရှိမည့် အကျိုးများကိုလည်း သိရှိ၍ တတ်နိုင်သမျှ ကံငါးပါးကို လုံခြုံစွာထိန်းသိမ်းကြမည်ဖြစ်သည်။ တိရစ္ဆာန်များကို သတ်ဖြတ်ခြင်းမှရှောင်ကြဉ်လာခြင်း၊ မိဘများကို လိမ်လည်ပြောဆိုခြင်းမှ ရှောင်ကြဉ်လာခြင်း၊ သူတစ်ပါးခွင့်မပြုသည့် ပစ္စည်းများယူရမည်ကို ဝန်လေးလာခြင်းစသည့် အကျိုးများစွာကို ရရှိလာစေပါသည်။

**ယဉ်ကျေးလိမ္မာသင်တန်းများ ပြန်လည်ဖွင့်လှစ်နိုင်ရန်**

ယနေ့လူငယ် နောင်ဝယ်လူကြီးဆိုသည့်အတိုင်း လူငယ်များသည် အနာဂတ်တွင် ကြီးမားသောတာဝန်များကို ထမ်းဆောင်ကြရမည်ဖြစ်သည်။ အထူးသဖြင့် နိုင်ငံခေါင်းဆောင်များ၊ ဘာသာရေးခေါင်းဆောင်များ၊ တတ်သိပညာရှင်ကြီးများ ဖြစ်လာကြမည်ဖြစ်သည်။ ထိုသို့အရေးကြီးသောတာဝန်များကို ထမ်းဆောင်ကြမည့် လူငယ်များကို ငယ်စဉ်ကတည်းက စနစ်တကျပြုစုပျိုးထောင်သင့်ပေသည်။ ဆိုရလျှင် အခြေခံလူ့ကျင့်ဝတ်များသိရှိအောင် သင်ကြားပြသထားပေးသင့်ပါသည်။

စင်စစ်အားဖြင့် မြန်မာနိုင်ငံတွင် လူဖြစ်ရသည့် ကလေးများသည် များစွာကံကောင်းလှပေသည်။ မြတ်ဗုဒ္ဓ၏ တရားတော်များကို နာယူခွင့်ရရှိကြသည်။ ဓမ္မဒူတအရှင်ဆေကိန္ဒကဲ့သို့ မေတ္တာတရားကြီးမားသော ဆရာတော်ကြီးများ၏ ယဉ်ကျေးလိမ္မာသင်တန်းများကို တက်ရောက်ခွင့်ရရှိနိုင်ကြသည်။ လူငယ်များသည် ဆရာတော်ကြီး ဆုံးမလမ်းညွှန်ထားသည့်အတိုင်းသာ လိုက်နာကျင့်ကြံသွားမည်ဆိုလျှင် အနာဂတ်တွင် တိုင်းပြည်အတွက် အားကိုးရသော စာရိတ္တမြင့်မားသည့်မောင်မယ်များ ဖြစ်လာကြမည်ဖြစ်သည်။ ထို့ကြောင့် အနာဂတ်တွင် တိုင်းပြည်တာဝန်ထမ်းဆောင်ကြမည့် မျိုးဆက်သစ်လူငယ်များ မကောင်းမှုရှောင် ကောင်းမှုဆောင်နိုင်စေရန်အတွက် နွေရာသီတွင် ယဉ်ကျေးလိမ္မာသင်တန်းများ ပုံမှန်အတိုင်းပြန်လည် ဖွင့်လှစ်နိုင်ရေး ဝိုင်းဝန်းကြိုးပမ်းသွားကြပါစို့ဟု တိုက်တွန်းအကြံပြုလိုက်ရပါသည်။ ။

**❑ ယဉ်ကျေးလိမ္မာသင်တန်းများသည် မြန်မာကလေးများအား ရတနာသုံးပါးကို ကြည်ညိုကိုင်းရှိုင်းတတ်စေရန်၊ အနန္တောအနန္တငါးပါး၏ ဂုဏ်ကျေးဇူးတို့ကိုသိတတ်စေရန်နှင့် လူသားဆန်စွာ ပြုမူနေထိုင်တတ်စေရန် သင်ကြားပြသပေးသည့် သင်တန်းများဖြစ်သည်။ အထူးသဖြင့် မိတ်ဆွေများ၊ ညီအစ်ကိုမောင်နှမများ၊ လူကြီးမိဘများ၊ ဆရာ ဆရာမများနှင့် ဆက်ဆံရာတွင် မည်သို့မည်ပုံပြုမူသင့်သည်ကို သင်ပြပေးခြင်းဖြစ်သည်။ မြတ်စွာဘုရား၏ ဖြစ်တော်စဉ်များမှ ဇာတ်တော်များကို ထုတ်နုတ်ဥပမာများပေးကာ လောကလူ့ရွာကို ကောင်းကျိုးပြုတတ်စေရန် သင်ကြားပေးနေခြင်းဖြစ်သည်။ တိကျစွာဆိုရလျှင် မည်သည့် နိုင်ငံရေး၊ လူမျိုးရေး၊ ဘာသာရေးရည်မှန်းချက်မျှ မပါသော အဖြူရောင်သက်သက်မျှသာ ဖြစ်သည်**

# အနန္တောအနန္တဂိုဏ်းဝင် ဆရာ ဆရာမများ၏ နာသုံးနာလက်ကိုင်ထား၍ ကျောင်းသား ကျောင်းသူများအပေါ် မိဘသဖွယ်စိတ်ဓာတ်ဖြင့် သင်ကြားရေးတာဝန်ထမ်းဆောင်နေမှုအား အသိအမှတ်ပြု သတင်းထုတ်ပြန်ခြင်း

**နေပြည်တော် ဧပြီ ၂၄**

မြန်မာနိုင်ငံ၌ ဆရာ ဆရာမများအပေါ် ရိုသေလေးစားမှုပြုရသည့် အနန္တောအနန္တဂိုဏ်းဝင်အဖြစ် ရှေးယခင်ကတည်းကပင် ယဉ်ကျေးမှုတစ်ရပ်သဖွယ် သတ်မှတ်ထားပြီး အခြားမည်သည့်နိုင်ငံတွင်မှ မတွေ့ရှိနိုင်သော အလေးအနက်ပြုမှုကို တွေ့ရှိရမည်ဖြစ်ပါသည်။ အနန္တောအနန္တဂိုဏ်းဝင် ဆရာ ဆရာမများသည်လည်း စေတနာကို အရင်းခံပြီး ဝါသနာနှင့်အတူ အနစ်နာခံကာ တပည့်များအပေါ် ရင်ဝယ်သားသဖွယ် သဘောထား၍ ကျောင်းသား ကျောင်းသူများအား ဂုဏ်သိက္ခာပြည့်ဝစွာဖြင့် အတတ်ပညာ သင်ကြားပို့ချရုံသာမက **“အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့”** ဟူသော ဆရာကျင့်ဝတ်ငါးသွယ်ကို ကျေပွန်စွာ ထမ်းဆောင်နေသူများ ဖြစ်ပါသည်။

COVID-19 ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားမှုကြောင့် ရပ်နားထားရသည့် ကျောင်းများကို လက်ရှိအချိန်တွင် အတိုင်းအတာတစ်ခုအထိ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ပြီဖြစ်သည့်အတွက် ၂၀၂၂-၂၀၂၃ ပညာသင်နှစ်အတွက် အခြေခံပညာဦးစီးဌာနအောက်ရှိ အခြေခံပညာ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့် ကျောင်းများအား ဇွန် ၁ ရက်နေ့မှစ၍ မြန်မာနိုင်ငံတစ်ဝန်း၌ တစ်ပြိုင်တည်း အေးချမ်းတည်ငြိမ်စွာ စတင်ဖွင့်လှစ်သင်ကြားလျက်ရှိသည်။

စာသင်ကျောင်းများဖွင့်လှစ်ရန် ကြိုတင်ပြင်ဆင်နေသည့်ကာလနှင့် လက်ရှိသင်ကြားနေသည့်ကာလတွင် မိမိတစ်ပါတီ ကောင်းစားရေးကိုသာရှေးရှု၍ နိုင်ငံရေးအမြတ်ထုတ်လိုသူများ၊ နိုင်ငံရေးအစွန်းရောက် NLD ပါတီဝင်များနှင့် ၎င်းတို့ကို ထောက်ခံသူများ၊ NUG၊ CRPH နှင့် PDF စသည့်အဖွဲ့များသည် ပညာရေးဝန်ထမ်းများအား CDM လှုပ်ရှားမှုတွင် ပါဝင်လာစေရန် Social Punishment ပြုလုပ်ခြင်း၊ လှုံ့ဆော်ခြင်း၊ ခြိမ်းခြောက်အကျပ်ကိုင်ခြင်းများအပြင် ကလေးငယ်များ ပညာသင်ကြားရေးကို အခက်အခဲဖြစ်စေရန် ရည်ရွယ်၍ စာသင်ကျောင်းများကို မိုင်းများ၊ လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခြင်း၊ မီးရှို့ဖျက်ဆီးခြင်းများအပြင် ဆရာ ဆရာမများကို စာပေသင်ကြားမှုမပြုနိုင်စေရန် ခြိမ်းခြောက်ခြင်း၊ နှောင့်ယှက်တိုက်ခိုက်ခြင်းများ လုပ်ဆောင်လျက်ရှိသောကြောင့် ထိခိုက်ဒဏ်ရာရရှိခြင်းများသာမက အချို့အသက်သေဆုံးသည်အထိ စိတ်မချမ်းမြေ့ဖွယ်ရာ ဖြစ်စဉ်ဖြစ်ရပ်များဖြစ်ပေါ်ခဲ့ရပြီး သေဆုံးထိခိုက်ဒဏ်ရာရရှိသူများအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မိသားစုများနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မကောင်းမှု၊ မတရားမှုတို့ကို ပြုလုပ်ရမည့်အပေါ် ရှက်ခြင်း၊ ကြောက်ခြင်းဟူသော ဟိရီ၊ ဩတ္တပ္ပတရားတို့အပေါ်၌ သာမန်လူတို့ထက် ပိုမိုသိရှိစောင့်ထိန်းတတ်သည့် ဆရာ ဆရာမတို့အနေဖြင့် ထိုကဲ့သို့သော အခက်အခဲ၊ အကျပ်အတည်းများ၊ နှောင့်ယှက်မှုမျိုးစုံတို့ကြားမှ အနန္တောအနန္တဂိုဏ်းဝင် ဆရာဟူသည့် မွန်မြတ်လှသည့်ဂုဏ်ပုဒ်နှင့်အညီ ကောင်းမွန်မြင့်မြတ်သည့် စိတ်ထားများဖြင့် နိုင်ငံ့အတွက် ပညာတတ်လူငယ်၊ လူရွယ်များ ပေါ်ထွန်းလာစေရေးရှေးရှု၍ သင်ကြားရေးတာဝန်များကို မလစ်ဟင်းရအောင် အားကြိုးမာန်တက် ထမ်းဆောင်လျက်ရှိသည်ကို တွေ့ရှိရသဖြင့် တာဝန်ထမ်းဆောင်နေကြသော ဆရာ ဆရာမများကို နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် လှိုက်လှဲစွာ ချီးကျူးဂုဏ်ပြု မှတ်တမ်းတင်အပ်ပါသည်။**

နိုင်ငံ့အနာဂတ် ရင်သွေးငယ်များ၏ စာပေပညာ တတ်မြောက်ရေး၊ ပညာရည် မြင့်မားရေးအတွက် အခက်အခဲမျိုးစုံကြားမှ သင်ကြားရေးတာဝန်များကို ကြိုးပမ်းထမ်းဆောင်လျက်ရှိသည့် ဆရာ ဆရာမများ ဘေးကင်းလုံခြုံရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အထူးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မိဘပြည်သူများအနေဖြင့်လည်း ရပ်ရွာအေးချမ်းသာယာရေး၊ ကလေးငယ်များ အေးချမ်းစွာ ပညာသင်ကြားနိုင်ရေးတို့အတွက် လုံခြုံရေးအသိ၊ လုံခြုံရေးသတိထားကာ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်သွားကြရန် မေတ္တာရပ်ခံအပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## လွိုင်ကော်မြို့ရှိ နောင်ယားကန်သာယာ ညဈေးတန်းကို ပိတ်သိမ်း



**လွိုင်ကော် ဧပြီ ၂၄**

ကယားပြည်နယ် လွိုင်ကော်မြို့ နောင်ယား(ခ) ရပ်ကွက်အတွင်းရှိ ကယားပြည်နယ်၏ အထင်ကရ နောင်ယားကန်သာယာ၏ အနောက်ဘက် ကန်ပေါင်ပေါ်တွင် ဖွင့်လှစ်ထားရှိခဲ့သော နောင်ယားကန် ညဈေးတန်းကို ဧပြီ ၁ ရက်မှ စတင်၍ ပိတ်သိမ်းလိုက်ပြီဖြစ်ကြောင်း အဆိုပါ ဈေးတန်းတွင် ဈေးဆိုင်ဖွင့်လှစ်ရောင်းချခဲ့သည့် ဈေးသည် အချို့ထံမှ သိရသည်။

“နောင်ယား ကန်သာယာ ညဈေးတန်းကို ပိတ်သိမ်းလိုက်တာ မှန်ပါတယ်။ နောက်နောင်မှာလည်း ပြန်လည်ဖွင့်လှစ်ရောင်းချခွင့် ပြုတော့မှာ မဟုတ်ပါဘူး” ဟု ကယားပြည်နယ် စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူ တစ်ဦးက ပြောသည်။

အဆိုပါ နောင်ယားကန်သာယာ ညဈေးတန်းကို ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်က စတင်ဖွင့်လှစ်၍ ညနေပိုင်းတွင်သာ ဈေးဆိုင် ဖွင့်လှစ်ရောင်းချရန် စည်းကမ်းသတ်မှတ်ချက်ဖြင့် ဈေးဆိုင်နေရာ ၈၀ ခန့်ကို နေရာချထားပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယင်းသို့ နောင်ယားကန်သာယာညဈေး ဖွင့်လှစ်ရာတွင် ဈေးဆိုင်များဖွင့်လှစ်ရာနေရာ ကန်ပေါင်ပေါ်၌ ကွန်ကရစ်ကြမ်းခင်းများခင်းခြင်းကြောင့် သစ်ပင်၊ ပန်းပင်များ မစိုက်ပျိုးနိုင်တော့ခြင်း၊ ဈေးဆိုင်များမှ ထွက်ရှိသည့် မီးခိုးငွေ့နှင့် အညစ်အကြေးများကြောင့် ကန်သာယာ၏ ရေမြေသဘာဝကို ပျက်စီးစေနိုင်ခြင်း စသည့် အကြောင်းများကြောင့် နောင်ယားကန်သာယာ ကန်ပေါင်ပေါ်၌ ညဈေးဖွင့်လှစ်ခြင်းကို နှစ်သက်လိုလားမှု မရှိသူ များပြားခဲ့ကြောင်း သိရသည်။ ထိုနည်းတူ နောင်ယားကန်သာယာနှင့် တစ်ဆက်တစ်စပ်တည်း တည်ရှိသည့် လူထုအပန်းဖြေရာ ကန္တရဝတီ သစ်တောပျိုးဥယျာဉ်ကို ဖျက်သိမ်း၍ ဈေး၊ ရုပ်ရှင်ရုံ၊ ပုဂ္ဂလိက ဆေးရုံ တည်ဆောက်မည့် အစီအစဉ်ကိုလည်း ဖျက်သိမ်းသင့်ကြောင်း ဒေသခံအချို့က ပြောကြားသည်။

**ကြီးမြင့်နိုင်**
**(လွိုင်ကော်)**

## လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေး

**မုံရွာ ဧပြီ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မုံရွာခရိုင် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့တို့ ပူးပေါင်းပြီး လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေး ဟောပြောပွဲကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မုံရွာခရိုင်ရုံး လူထုအခြေပြုဗဟိုဌာနခန်းမ၌ ဧပြီ ၂၃ ရက်က ကျင်းပသည်။

ဟောပြောပွဲတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဦးမြင့်နိုင်စိုးက အသိပညာပေးဟောပြောပွဲများ၊ ပြပွဲ၊ ပြိုင်ပွဲများ ပြုလုပ်ခြင်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မုံရွာခရိုင် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ ရဲအုပ် ဦးနိုင်ထွန်းက လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာများနှင့် လူကုန်ကူးမှု မဖြစ်ပွားအောင် ဝိုင်းဝန်းကူညီကြရေးအတွက် ပြောကြားပြီးနောက် ဟောပြောပွဲတက်ရောက်လာကြသူများက အပြန်အလှန်ဆွေးနွေးကြသည်။

ထို့နောက် ခရိုင်လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့က လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးလက်ကမ်းစာစောင်များကို အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



## ကလိန်အောင်မြို့ အဝင်/အထွက် စစ်ဆေးရေးဂိတ်၌ မိုဘိုင်းအဖွဲ့ဖြင့် ကိုဗစ်ကာကွယ်ဆေးများ ထိုးနှံပေး

**ကလိန်အောင် ဧပြီ ၂၄**

တနင်္သာရီတိုင်းဒေသကြီး ကလိန်အောင်မြို့၌ ကိုဗစ် - ၁၉ ရောဂါကာကွယ်ဆေး ရာနှုန်းပြည့်ထိုးနှံနိုင်ရေးအတွက် ဌာနဆိုင်ရာများနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများပါဝင်သည့် ပူးပေါင်းအဖွဲ့က ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး နှစ်ကြိမ် ထိုးနှံပြီးကြောင်း သက်သေခံလက်မှတ်ရှိ မရှိကို ကလိန်အောင်မြို့အဝင်/အထွက် တံတားထိပ်ဂိတ်တွင် စစ်ဆေး၍ ကာကွယ်ဆေး မထိုးနှံရသေးသည့် ပြည်သူများအား ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့စစ်ဆေးရာတွင် အသက် ၁၈ နှစ်ပြည့်ပြီးသူတိုင်း ကိုဗစ်ကာကွယ်ဆေး နှစ်ကြိမ်ထိုးနှံပြီး မပြီးနှင့် ဆေးထိုးပြီးကြောင်း သက်သေခံလက်မှတ်များ ရှိ မရှိကို စစ်ဆေး၍ ကာကွယ်ဆေးနှစ်ကြိမ် ထိုးနှံပြီးသူများအား ထပ်ဆောင်း(Booster Dose) ဆက်လက်ထိုးနှံပေးပြီး ကာကွယ်ဆေးမထိုးနှံရသေးသည့် ပြည်သူများကိုလည်း ကိုယ်ပူချိန်တိုင်းတာခြင်း၊ သွေးပေါင်ချိန်တိုင်းတာခြင်းများပြုလုပ်ကာ ကျန်းမာရေးကောင်းမွန်သူများအား ကိုဗစ် - ၁၉ ရောဂါကာကွယ်ဆေးများ ချက်ချင်းထိုးနှံပေးကြောင်း သိရသည်။

ကလိန်အောင်မြို့၌ မြို့အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများပါဝင်သည့် ပူးပေါင်းအဖွဲ့သည် ပြည်သူများ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံရာတွင် မကျန်ရှိစေရေးအတွက် ပြည်သူများအား စည်းရုံးပြီး ကာကွယ်ဆေးရာနှုန်းပြည့်ထိုးနှံနိုင်ရေး ကြိုးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ခင်ခင်လှဲ့ (ပြန်/ဆက်)**

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်

❒ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည် ဖြစ်ပါသည်**

### နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
### သတင်းထုတ်ပြန်ချက်
### အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့ နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့် ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

**၃။ ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက် တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာ တစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင် စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာ သံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## မင်းဘူး(စကု) မြို့နယ်၌ နေကြာသီးနှံ ဧကပေါင်း ၄၃၀၀၀ ကျော် စိုက်ပျိုးမည်

**မင်းဘူး မေ ၂၄**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်၌ နေကြာသီးနှံ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားစေရေးနှင့် ပြည်တွင်းစားသုံးဆီ ဖူလုံစေရေးတို့အတွက် ၂၀၂၂ ခုနှစ် မိုးနှင့်ဆောင်း စိုက်ပျိုးရာသီတွင် နေကြာသီးနှံကို ဧကပေါင်း ၄၃၀၀၀ကျော် လျာထားစိုက်ပျိုးမည် ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မင်းဘူး(စကု)မြို့နယ်အတွင်း သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိရာ ဆီထွက်သီးနှံဖြစ်သည့် နှမ်း၊ မြေပဲနှင့် နေကြာတို့ကို အဓိကအားထားစိုက်ပျိုးကြပြီး စိုက်ပျိုးစရိတ်ကုန်ကျမှု နည်းပါးသော နေကြာသီးနှံကို စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားစေရေး၊ ပြည်တွင်းစားသုံးဆီဖူလုံစေရေး၊ ပြည်ပစားသုံးဆီ တင်သွင်းရောင်းချမှု/သုံးစွဲမှု လျော့ကျစေရေး၊ စိုက်ပျိုးတောင်သူများ တစ်ဧက အထွက်နှုန်း တိုးတက်ကောင်းမွန်စေရေး၊ မျိုးကောင်းမျိုးသန့်များ စနစ်တကျစိစစ်ရွေးချယ် စိုက်ပျိုးနိုင်စေရေးနှင့် တောင်သူတစ်ဦးချင်း အလိုက် ဝင်ငွေ တိုးတက်စေရေးတို့အတွက် ၂၀၂၂ ခုနှစ် မိုးနှင့် ဆောင်း စိုက်ပျိုးရာသီတွင် နေကြာသီးနှံကို ဧကပေါင်း ၄၃၀၀၀ ကျော် တိုးချဲ့စိုက်ပျိုးသွားမည် ဖြစ်ကြောင်း၊ ယခုနှစ် မိုးရာသီတွင် နေကြာသီးနှံကို သီးညှပ်စိုက်ပျိုးမည့် တောင်သူများအား တိုင်းဒေသကြီးအစိုးရအဖွဲ့က တစ်ဧကလျှင် မျိုးစေ့တစ်ပြည်နှုန်း အခမဲ့ ထောက်ပံ့ပေးမည် ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေး ဦးစီးမှူး ဦးဇော်လင်းက ပြောသည်။

မင်းဘူး(စကု)မြို့နယ်၌ ၂၀၂၁ ခုနှစ် မိုးနှင့်ဆောင်း စိုက်ပျိုးရာသီက နေကြာသီးနှံကို ဧကပေါင်း ၁၂၄၃၁ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ၂၀၂၂ ခုနှစ် မိုးရာသီတွင် ၁၀၀၆၄ ဧကနှင့် ဆောင်းရာသီတွင် ၃၃၅၀၄ ဧက စုစုပေါင်း ၄၃၅၆၈ ဧကအထိ တိုးချဲ့စိုက်ပျိုးမည် ဖြစ်ကြောင်း သိရသည်။

**မောင်မောင် (မင်းဘူး)**



## ဖျာပုံမြို့နယ်အတွင်း ဆောင်ရွက်ပြီးစီးသည့် ရေရရှိရေးလုပ်ငန်းနှင့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း လုပ်ငန်းများ လွှဲပြောင်းပေးအပ်

**ဖျာပုံ မေ ၂၄**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၁ - ၂၀၂၂ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် ကျေးလက်ရေရရှိရေးလုပ်ငန်း ရှစ်ခုနှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း လုပ်ငန်းလေးခုတို့ကို သက်ဆိုင်ရာကျေးရွာများသို့ မေ ၂၂ ရက်က လွှဲပြောင်းပေးအပ်သည်။

ကျေးရွာရှစ်ရွာ၌ ရေရရှိရေးလုပ်ငန်းများကို ခွင့်ပြုရန်ပုံငွေကျပ် ၆၉ ဒသမ ၉၉ သန်းဖြင့်လည်းကောင်း၊ ကျေးရွာလေးရွာ၌ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း လေးခုကို စီမံကိန်းမှ ထောက်ပံ့ရန်ပုံငွေကျပ် သန်း ၄၀ နှင့် ပြည်သူထည့်ဝင်ငွေများဖြင့်လည်းကောင်း ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လွှဲပြောင်းပေးအပ်ပွဲတွင် ဖျာပုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးဇေယျာဇော်မျိုးက အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးသက်မင်းထွန်းက ဖျာပုံမြို့နယ်အတွင်း ဆောင်ရွက်ခဲ့သည့် ကျေးလက်ရေရရှိရေးလုပ်ငန်း ရှစ်ခုနှင့် ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းလုပ်ငန်း လေးခုတို့အတွက် လုပ်ငန်းလွှဲပြောင်းအပ်နှံလွှာများကို သက်ဆိုင်ရာ ကျေးရွာများမှ ကော်မတီဝင်များထံသို့ တာဝန်ရှိသူများက လွှဲပြောင်းပေးအပ်ခဲ့သည်။

**စိုးမိုးကျော်**

## မြို့သစ်မြို့နယ်၌ နှမ်းစပါးစိုက်ပျိုးမှု လျာထားဧက တစ်ဝက်ကျော်ပြီးစီး

**မြို့သစ် မေ ၂၄**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်၌ နှမ်းစပါး ၁၁၆၂၀ ဧကစိုက်ပျိုးရန် လျာထားသည့်အနက် လက်ရှိအချိန်တွင် ၆၁၁၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကာ လျာထားဧကပြည့်မီရေး ဆက်လက်ဆောင်ရွက်နေကြောင်း သိရသည်။

မြို့သစ်မြို့နယ်၌ နတ်မောက်ဆည် လက်ယာမြောင်းနှင့် လက်ဝဲမြောင်း၊ စွန်ဆည်၊ ဆဒ္ဒန်ဆည်၊ ပုလင်းဆည်နှင့် ဘုတ်ချောင်းဆည်တို့မှ ရရှိသော စိုက်ပျိုးရေဖြင့် နှမ်းစပါး ၁၁၆၂၀ ဧကစိုက်ပျိုးရန် လျာထားပြီး နှမ်းစပါးမျိုးများအဖြစ် ရတနာတိုးစပါး၊ ရက်ကိုးဆယ်စပါး၊ ဆင်းသုခစပါး၊ GW–11 စပါးမျိုးများ စိုက်ပျိုးခဲ့ပြီး နှမ်းစပါးစိုက်တောင်သူများ တစ်ဧကတင်း ၁၀၀ ကျော် အထွက်နှုန်းရရှိစေရန်အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံးမှ ဝန်ထမ်းများက ကွင်းဆင်း၍ စိုက်ပျိုးရေးနည်းပညာများ ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

**သန်းဝင်းထွန်း (ပြန်/ဆက်)**

# ရေနံချောင်းမြို့နယ် နဂါးရေလှောင်တမံအတွင်း ပိုက်လှောင်အိမ်စနစ်ဖြင့် ငါးမွေးမြူရေးလုပ်ငန်း(စမ်းသပ်စီမံကိန်း) ဆောင်ရွက်နေ



**မကွေး မေ ၂၄**

မကွေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနသည် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဘဏ္ဍာရန်ပုံငွေဖြင့် ရေနံချောင်းမြို့နယ် နဂါးရေလှောင်တမံအတွင်း ပိုက်လှောင်အိမ်စနစ်ဖြင့် ငါးမွေးမြူရေးလုပ်ငန်း (စမ်းသပ်စီမံကိန်း) ဆောင်ရွက်နေသည့် အခြေအနေများကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်၊ စီးပွားရေးရာဝန်ကြီး ဦးအောင်ချိန်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူး ဦးသန်းဆွေဝင်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက မေ ၂၁ ရက်က ကြည့်ရှုစစ်ဆေးသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်အား ရှင်းလင်းဆောင်၌ တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှူးက တိုင်းဒေသကြီးအတွင်း ငါးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေပြီး ဒေသခံများအလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေရန်နှင့် ပုဂ္ဂလိကငါးမွေးတောင်သူများ စီးပွားဖြစ်မွေးမြူထုတ်လုပ်နိုင်စေရေးတို့အတွက် နဂါးရေလှောင်တမံအတွင်း ရေပေါ်လှောင်အိမ်စနစ်ဖြင့် ငါးမွေးမြူရေးလုပ်ငန်း(စမ်းသပ်စီမံကိန်း) ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်က နဂါးရေလှောင်တမံသည် ရေအရည်အသွေး၊ မြေပြင်အနေအထား လမ်းပန်းဆက်သွယ်ရေးအခြေအနေများ ကောင်းမွန်သောကြောင့် အောင်မြင်နိုင်သည့် စီမံကိန်းတစ်ခုဖြစ်ကြောင်း၊ စီမံကိန်းကို ဆက်လက်အကောင်အထည်ဖော်နိုင်ရေးအတွက် လာမည့်ဘဏ္ဍာနှစ်အတွင်း တိုင်းဒေသကြီးအစိုးရအဖွဲ့က ပံ့ပိုးကူညီမည်ဖြစ်ကြောင်း၊ ထို့ပြင် ရေနံချောင်းတက္ကသိုလ် သတ္တဗေဒဌာနနှင့် ပူးပေါင်း၍ ပိုက်လှောင်အိမ်ဖြင့် ငါးမွေးမြူခြင်းဆိုင်ရာ စာတမ်းတစ်စောင်ရေးသားနိုင်ရေးကိုလည်း ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ စီမံကိန်းမှရရှိလာသည့် အတွေ့အကြုံများကို လေ့လာသုံးသပ်၍ ဒေသခံငါးမွေးတောင်သူများပါ ရေပေါ်လှောင်အိမ်စနစ်ဖြင့် ငါးမွေးမြူလာစေရန် အသိပညာဖြန့်ဝေခြင်း၊ ငါးမျိုးစိုက်ထည့်ပေးခြင်းတို့ကို ကြိုးကြပ်ဆောင်ရွက်ခြင်းဖြင့် တိုင်းဒေသကြီးအတွင်း ငါးမွေးမြူရေးလုပ်ငန်းများ ပိုမိုတိုးတက်လာစေပြီး ငါးရိက္ခာပိုမိုထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ နဂါးရေလှောင်တမံအနီး ပတ်ဝန်းကျင် ကျေးရွာများမှ ဒေသခံတောင်သူများက မိမိကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လိုအပ်ချက်များ တင်ပြခဲ့မှုအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆက်စပ်ဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီးနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် နဂါးရေလှောင်တမံအတွင်း ပိုက်လှောင်အိမ်စနစ်ဖြင့် ငါးမွေးမြူရေးလုပ်ငန်း စမ်းသပ်ဆောင်ရွက်ထားမှုကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် အဆိုပါစီမံကိန်းကို ဒေသတွင်းငါးရိက္ခာဖူလုံစေရေး၊ လူတစ်ဦးချင်း ငါးစားသုံးနိုင်မှုနှုန်း လက်ရှိထက်ပိုမိုလာစေရေး၊ ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများပိုမိုရရှိလာကာ လူမှုစီးပွားဘဝပြည့်စုံလာစေရေးရည်ရွယ်လျက် ဒေသတွင်းစီးပွားရေးလုပ်ငန်းရှင်များနှင့် တောင်သူများ အတုယူလိုက်နာဆောင်ရွက်နိုင်ရန် စမ်းသပ်စီမံကိန်းအဖြစ် စတင်အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်ပြီး ငါးကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခြင်းဖြင့် တိုင်းဒေသကြီး၏ GDP ကို တိုးတက်စေမည်ဖြစ်ကြောင်း သိရသည်။

**မောင်ညီညာ**

---

# နွေရာသီကာလ နွားစာမြက်ရှားပါးမှု မဖြစ်စေရန် ညောင်ဦးမြို့နယ်၌ နေပီယာမြက်စိုက်ပျိုးမှုများလာ

**ညောင်ဦး မေ ၂၄**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်အတွင်းရှိ ကျေးလက်တောင်သူများသည် နွေရာသီနွားစာမြက်ရှားပါးမှုမဖြစ်စေရန် နေပီယာမြက်စိုက်ပျိုးမှုများလာပြီး နွားစာရှားပါးမှုကို တစ်ထောင့်တစ်နေရာမှ ဖြေရှင်းနိုင်ပြီဖြစ်ကြောင်း သစ်ထောင့်ကျွန်းကျေးရွာမှ နေပီယာမြက်စိုက်ပျိုးထားသည့် တောင်သူအချို့ထံမှ သိရသည်။

ညောင်ဦးမြို့နယ်တွင် နွားစာမြက်ရှားပါးခြင်းကို နှစ်စဉ်နှစ်တိုင်းကြုံတွေ့နေရပြီး ဆောင်းဦးပေါက်အစ၊ နွေရာသီတွင် နွားစာမြက်ရှားပါးလေ့ရှိရာ ဒေသတွင်းပေါက်ရောက်သော အပင်များဖြစ်သည့် တမာပင်၊ ကုက္ကိုပင်၊ ပင်းခံပင်၊ ဖက်ဝန်းပင်၊ ညောင်ပင်၊ ရှားပင်မှရှားရွက်၊ ရှားသီး၊ ထနောင်းရွက်၊ ထနောင်းသီးများကို မြေပဲရိုးမှော်နှင့်လည်းကောင်း၊ ပဲစင်းငုံမှော်နှင့်လည်းကောင်း၊ ပြောင်းရိုးခြောက်နှင့်လည်းကောင်း ရောပြီးကျွေးကာ နွားစာရှားပါးမှုကို နှစ်စဉ်နှစ်တိုင်း ဖြေရှင်းခဲ့ရကြောင်း၊ ထန်းသီးပေါ်ချိန်ထန်းသီး၊ ထန်းနို့ပေါ်ချိန်ထန်းနို့တို့ဖြင့် ရောကျွေးခြင်းများလည်းရှိခဲ့ကြောင်း ပုဂံမြို့ နတ်ကြို့အိုင့်ကျေးရွာမှ ဦးတင်ဆောင်က ပြောသည်။

ယခုအခါ ညောင်ဦးမြို့နယ် ကျေးလက်တောင်သူများသည် နွားစာမြက်ရှားပါးမှုကို နေပီယာမြက်စိုက်ပျိုးခြင်းများဖြင့် ဖြေရှင်းရန် စိုက်ပျိုးခဲ့ရာ နေပီယာမြက်စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနေကြောင်း၊ ယင်းမြက်စတင်စိုက်ပျိုးရန် မျိုးများကို ပလင်းကမ်းသာယာဆင်စခန်းမှ အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း၊ နေပီယာမြက်သည် ရာသီဥတုပူပြင်းမှုဒဏ်ခံသလို စိုစွတ်သည့်ရာသီဥတုကိုလည်းကြိုက်ကြောင်း၊ နေပီယာမြက်သည် တိရစ္ဆာန်များ အာဟာရဖြစ်ပြီး အသားတိုးနှုန်းမြန်ခြင်းကြောင့် ကျေးလက်တောင်သူတိုင်း စိုက်ပျိုးသင့်ကြောင်း သိရသည်။

**မောင်မောင်ထိန် (ကျောက်ပန်းတောင်း)**



---

# ဆီထွက်သီးနှံနေကြာကို ကရင်ပြည်နယ်အတွင်း တိုးမြှင့်စိုက်ပျိုးမည်

**ဘားအံ မေ ၂၄**

ကရင်ပြည်နယ်အတွင်း ဆီထွက်သီးနှံနေကြာ တိုးမြှင့်စိုက်ပျိုးထုတ်လုပ်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၂၀ ရက်က ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၂)၌ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။

အစည်းအဝေးတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ပြည်နယ်အတွင်း ဆန်ဖူလုံရေး၊ ဆီဖူလုံရေး၊ အသားငါးဖူလုံရေးနှင့် စားနပ်ရိက္ခာဖူလုံပိုလျှံရေးကို ဦးစားပေးဆောင်ရွက်ရန်လိုပြီး ဖူလုံပိုလျှံခြင်းမရှိသည့် စားသောက်ကုန်များကို တိုးမြှင့်ထုတ်လုပ်နိုင်ရန်အတွက် ယခုအစည်းအဝေးကို ကျင်းပရခြင်းဖြစ်ကြောင်း၊ ဒေသတွင်း လူတစ်ဦးချင်းစီ၏ ဆီစားသုံးမှုနှုန်း မြင့်တက်နေပြီး ပြည်ပမှ မှာယူ တင်သွင်းနေရသည့်အတွက် စားသုံးဆီ ဖူလုံပိုလျှံမှုရှိစေရန် ဆီထွက်သီးနှံ နေကြာကို အောင်မြင် ဖြစ်ထွန်းနိုင်သည့် နေရာဒေသများတွင် တိုးမြှင့်စိုက်ပျိုးနိုင်ရေး စီစဉ်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ နွေစပါး၊ အခြားသီးနှံနှင့် သီးထပ်စိုက်ပျိုးခြင်းမရှိသော လယ်မြေများတွင် ရေရရှိအောင် ဆောင်ရွက်ပြီး ဆီထွက်သီးနှံ နေကြာစိုက်ပျိုးနိုင်ရေး စီမံဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

အထွက်နှုန်းကောင်းစေရန် မျိုးကောင်းရန်လိုသည့်အတွက် စိုက်ပျိုးရေးဦးစီးဌာနက မျိုးပြောင်းလဲစိုက်ပျိုးနိုင်ရေး စီစဉ်ဆောင်ရွက်သွားစေလိုကြောင်း၊ လယ်မြေတွင် စပါးရိတ်သိမ်းပြီးချိန်၊ ယာမြေတွင် မိုးသီးနှံရိတ်သိမ်းပြီးချိန်နှင့် ကိုင်းကျွန်းမြေများတွင် အချိန်မရွေး စိုက်ပျိုးနိုင်ပြီး နေကြာနှင့်တွဲဖက်၍ ပျားမွေးမြူရေးလုပ်ငန်းကိုလည်း တွဲဖက်လုပ်ကိုင်သင့်ကြောင်း၊ နေကြာဆီသည် ကျန်းမာရေးအရစားသုံးရန် အသင့်လျော်ဆုံးဖြစ်ပြီး နေကြာကြိတ်ဖတ်များကို တိရစ္ဆာန်အစာ (သို့မဟုတ်) မြေဩဇာအဖြစ် အသုံးပြုနိုင်ရာ တောင်သူများ အကျိုးဖြစ်ထွန်းစေမည့် သီးနှံဖြစ်သည့်အတွက် စိုက်နည်းစနစ်နှင့် မျိုးစေ့များကို တောင်သူများထံ ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဝေပေးကြစေလိုကြောင်း၊ ယခုနှစ်တွင် နေကြာစိုက်ဧက ၁၀၀၀ ခန့် ရည်မှန်း လျာထားဆောင်ရွက်ရန်နှင့် နေကြာသီးသန့်စိုက်ဧကများ၊ သီးထပ်၊ သီးညှပ် စိုက်ဧကများကို တိုးမြှင့်စိုက်ပျိုးလုပ်ကိုင်ကြစေလိုကြောင်းလည်း ပြည်နယ်ဝန်ကြီးချုပ်က ဆက်လက်ပြောကြားသည်။

ထို့နောက် ပြည်နယ်စီးပွားရေးရာဝန်ကြီး ဦးစောခင်မောင်မြင့်က ဆီထွက်သီးနှံနေကြာ တိုးမြှင့်စိုက်ပျိုး ထုတ်လုပ်နိုင်ရေး တောင်သူများအား စည်းရုံးဆောင်ရွက်သွားရန်၊ သွင်းအားစုမျိုးစေ့နှင့်နည်းပညာများထောက်ပံ့ပေးနိုင်ရန်၊ အမှန်တကယ် စိုက်ပျိုးထွက်ရှိလာသည့် နေကြာများအား ဈေးကွက်ဖော်ဆောင်ပေးနိုင်ရန်၊ ဆီထွက်သီးနှံ စိုက်ပျိုးထုတ်လုပ်ရောင်းချသူများအသင်း ဖွဲ့စည်းဆောင်ရွက်ပေးသွားနိုင်ရန်ဆွေးနွေးတင်ပြခဲ့ပြီး ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးဦးဇော်ဝမ်းက ဆီထွက်သီးနှံ၏အရေးပါမှု အခန်းကဏ္ဍ၊ ကရင်ပြည်နယ်၏ ခရိုင်အလိုက် ဆီထွက်သီးနှံ စိုက်ပျိုးမှုအခြေအနေ၊ ၂၀၂၂-၂၀၂၃ နေကြာစိုက်ပျိုးထုတ်လုပ်မည့် အခြေအနေ၊ နေကြာ တိုးမြှင့်စိုက်ပျိုးထုတ်လုပ်ရန် လျာထားချက်အပေါ် မျိုးစေ့လိုအပ်မှုအခြေအနေ၊ စိုက်နည်းစနစ်အလိုက် စိုက်ပျိုးမည့်အစီအစဉ်၊ ပညာပေးစံပြကွက်များ၊ ဆွေးနွေးပွဲများနှင့် ကွင်းသရုပ်ပြပွဲများ ဆောင်ရွက်မည့်အစီအစဉ်များကို ဆွေးနွေးတင်ပြကြသည်။



နေကြာတိုးချဲ့စိုက်ပျိုးရေးအတွက် ပြည်နယ်ဝန်ကြီးချုပ် ဆွေးနွေးပြောကြားစဉ်။

ယင်းနောက် ပြည်နယ် မြေစာရင်း၊ စက်မှုလယ်ယာ၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စားသုံးသူရေးရာ၊ ကုန်သွယ်မှုမြှင့်တင်ရေးအစရှိသည့် ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ ကုန်သည်ကြီးများအသင်း၊ ဆန်စက်လုပ်ငန်းရှင်များအသင်း စသည့် အသင်းအဖွဲ့များနှင့်လုပ်ငန်းရှင်များ၊ နေကြာစိုက်တောင်သူများ၊ ခရိုင်၊ မြို့နယ် အုပ်ချုပ်ရေးမှူးများနှင့် စိုက်ပျိုးရေးဦးစီးမှူးများက သက်ဆိုင်ရာကဏ္ဍအလိုက်အကြံပြု ဆွေးနွေးတင်ပြကြသည်။

**စောမျိုးမင်းသိန်း (ပြန်/ဆက်)**

# ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ရပ်ကွက် / ကျေးရွာ စာကြည့်တိုက်များအတွက် စာအုပ်စာစောင်များလှူဒါန်း

**ရန်ကုန် ဧပြီ ၂၄**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တိုင်းဒေသကြီးအတွင်းရှိ ရပ်ကွက်/ကျေးရွာ စာကြည့်တိုက်များအတွက် စာအုပ်စာစောင်များ လှူဒါန်းပွဲကို တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမတွင် ဧပြီ ၂၂ ရက်က ကျင်းပသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက တိုင်းဒေသကြီးအတွင်း၌ ဖွင့်လှစ်ထားသော စာကြည့်တိုက်ပေါင်း ၄၈၁ တိုက်ရှိရာ စာကြည့်တိုက် ၁၂၀ အတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ကျပ် ၅၅ သိန်း တန်ဖိုးရှိ စာအုပ်စာစောင်များကို ထောက်ပံ့လှူဒါန်းပေးခြင်းဖြစ်ကြောင်းနှင့် ယနေ့အချိန်တွင် ပြည်သူ့စာကြည့်တိုက်များသည် စာငှား စာဖတ်ရုံသာ မဟုတ်တော့ဘဲ ပြည်သူများ၏ လူမှုဘဝများ တိုးတက်စေရေးအတွက် လိုအပ်သည့် သတင်းအချက်အလက်များ ရယူအသုံးပြုနိုင်သောနေရာ၊ ၂၁ ရာစုဖွံ့ဖြိုးတိုးတက်မှုများအတွက် အကောင်းဆုံးသော လုပ်ဖော်ကိုင်ဖက်များရှာဖွေသောနေရာအဖြစ် ပြောင်းလဲလာစေရန် စာကြည့်တိုက်များကြီးကြပ်ရေးကော်မတီဝင်များ၊ စာကြည့်တိုက်မှူးများက အလေးအနက်ထား ဆောင်ရွက်ပေးကြရန်ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဝန်ကြီးများက ရပ်ကွက်၊ ကျေးရွာ စာကြည့်တိုက် ၁၂၀ သို့ သုတ/ရသ စာအုပ်စာစောင်များနှင့် အလှူရှင် ဦးမိုးမြင့်က ကျပ် ၁၁၄၀၀၀ တန်ဖိုးရှိ "မြန်မာ့စွမ်းအင်သူရဲကောင်း" စာအုပ် ၁၂၀ ကို လှူဒါန်းခဲ့သည်။

**ဆန်းကျော်ဦး(ပြန်/ ဆက်)**



လှူဒါန်းသည့် စာအုပ်စာစောင်များကို တိုင်းဒေသကြီးဝန်ကြီးချုပ် ကြည့်ရှုနေစဉ်။

## ၂၀၂၁-၂၀၂၂ ပညာသင်နှစ် အောင်စာရင်းများ အခြေခံပညာကျောင်းများအလိုက် ထုတ်ပြန်

၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် KG မှ Grade 10 အထိ အောင်စာရင်း များကို မြို့နယ်အသီးသီးရှိ အခြေခံပညာကျောင်းများတွင် သက်ဆိုင်ရာ မြို့နယ်ပညာရေးမှူးရုံး၏ ကြီးကြပ်မှုဖြင့် ဧပြီ ၂၄ ရက်က ထုတ်ပြန်ကြေညာသည်။

**တနင်္သာရီ**

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများတွင် ကျောင်းတွင်းစစ်စာမေးပွဲများမှ အတန်းလိုက် စာမေးပွဲအောင်စာရင်းများကို သက်ဆိုင်ရာ ကျောင်းများအလိုက် အောင်စာရင်းထုတ်ပြန်၍ ကျောင်း၏ကြော်ငြာသင်ပုန်းတွင် ကပ်ထားကြေညာပေးထားရာ ကျောင်းသားမိဘများ၊ ကျောင်းသူ ကျောင်းသားများ လာရောက်ကြည့်ရှုလျက်ရှိသည်။

စာမေးပွဲအောင်စာရင်းများ ကြေညာရာတွင် ၂၀၂၁-၂၀၂၂ ပညာသင်နှစ် သင်ရိုးသစ် KG တန်းမှစ၍ Grade-10 အထိ အတန်းလိုက် အောင်စာရင်းများကို ဧပြီ ၂၄ ရက်မှ ၂၆ ရက်အထိ သုံးရက်ကြာ ကပ်ထားကြေညာပေးမည်ဖြစ်ကြောင်းနှင့် ၂၀၂၂-၂၀၂၃ ပညာသင်နှစ်အတွက် ကျောင်းသူ ကျောင်းသားများ ကျောင်းအပ်ခြင်းကို မေ ၂၅ ရက်မှစတင်၍ လက်ခံသွားမည်ဖြစ်ကြောင်း တနင်္သာရီမြို့နယ် ပညာရေးမှူးရုံးမှ သိရသည်။

**နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**





**မင်္ဂလာတောင်ညွန့်**

ရန်ကုန်အရှေ့ပိုင်းခရိုင် မင်္ဂလာတောင်ညွန့်မြို့နယ်တွင် အောင်စာရင်းများကို ကျောင်းအလိုက် ထုတ်ပြန်ကြေညာရာ အထက်တန်းကျောင်း ခြောက်ကျောင်း၊ အလယ်တန်းကျောင်း နှစ်ကျောင်း၊ မူလတန်းလွန်ကျောင်း ငါးကျောင်း၊ မူလတန်းကျောင်း ၁၇ ကျောင်း၊ ဘုန်းတော်ကြီးသင်ကျောင်း တစ်ကျောင်း စုစုပေါင်း ၃၁ ကျောင်း၌ KG မှ Grade 10 အထိ ကျောင်းသား ကျောင်းသူ ၁၅၉၈ ဦး ဖြေဆိုသည့်အနက် အောင်မြင်သူ ၁၅၉၈ ဦး ရှိသည့်အတွက် ၁၀၀ ရာခိုင်နှုန်း အောင်မြင်ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ တာဝန်ရှိသူများထံမှ သိရသည်။

အောင်စာရင်းများ ထုတ်ပြန်ကြေညာရာတွင် ကျောင်းများအလိုက် ဝင်ရောက်ဖြေဆိုခဲ့သည့် ကျောင်းသား ကျောင်းသူများနှင့် မိဘများက ယနေ့နံနက်ပိုင်းအချိန်မှစတင်ကာ လာရောက်ကြည့်ရှုလျက်ရှိပြီး အဆင်ပြေချောမွေ့စွာ ကြည့်ရှုနိုင်ရေးအတွက် ဆရာ ဆရာမများနှင့် သက်ဆိုင်ရာတာဝန်ရှိသူများက ပူးပေါင်းဆောင်ရွက်ပေးနေကြောင်း သိရသည်။

**ကျော်သူဟိန်း**



**အိမ်မဲ**

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ်အတွင်း အခြေခံပညာကျောင်း အသီးသီးတွင် ၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် KG တန်း မှ Grade-10 အထိအောင်စာရင်းများကို ယနေ့နံနက် ၆ နာရီမှစ၍ ထုတ်ပြန်ထားရှိရာ စာမေးပွဲဖြေဆိုထားသော ကျောင်းသား ကျောင်းသူများ၊ ကျောင်းသားမိဘများ လာရောက်ကြည့်ရှုလျက်ရှိသည်။

**ချစ်သက်လယ်(အိမ်မဲ)**

## တာမွေမြို့နယ်တွင် Grade -5 သင်ရိုးသစ် (TOT)နည်းပြ အွန်လိုင်းသင်တန်းဆက်လက်ဖွင့်လှစ်

**တာမွေ ဧပြီ ၂၄**

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်တွင် ၂၀၂၂-၂၀၂၃ ပညာသင်နှစ်အတွက် ပဉ္စမတန်းသင်ရိုးသစ်ကို သင်ကြားနိုင်ရန်နှင့် မူလတန်းကို ခြုံငုံပြီး အလယ်တန်းကို လေ့လာချိတ်ဆက်နိုင်စေရန်အတွက် Grade-5 သင်ရိုးသစ် (TOT)နည်းပြ အွန်လိုင်းသင်တန်းကို တာမွေမြို့နယ် (၁၆၄) လမ်းရှိ မြို့နယ်ပညာရေးမှူးရုံး၌ ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ ဧပြီ ၂၄ ရက်တွင် ဆက်လက်ဖွင့်လှစ်သင်ကြား ပို့ချပေးလျက်ရှိသည်။

အဆိုပါသင်တန်းကို ပညာရေးဝန်ကြီးဌာနလက်အောက်ရှိ အခြေခံပညာဦးစီးဌာန ပညာရေးသုတေသနစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန(နေပြည်တော်)မှ အွန်လိုင်းစနစ်ဖြင့် ၂၀၂၂ ခုနှစ် ဧပြီ ၂၀ ရက်မှ ဧပြီ ၂၆ ရက်အထိ တာမွေမြို့နယ်မှ သင်တန်းသား ဆရာ ဆရာမ ၁၅ ဦးအား တိုက်ရိုက်ဖွင့်လှစ် သင်ကြားပို့ချပေးခြင်းဖြစ်ကာ သင်တန်းတွင် Grade-5 သင်ရိုးသစ် လက်စွဲစာအုပ်မှ မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ သိပ္ပံ၊ လူမှုရေး၊ စာရိတ္တနှင့် ပြည်သူ့နီတိ၊ ကာယပညာရပ်တို့ကို သက်ဆိုင်ရာ ဘာသာရပ်များအလိုက် သင်ကြားပို့ချပေးလျက်ရှိပြီး အဆိုပါ သင်တန်းတွင် တက်ရောက်နေသူ ဆရာ ဆရာမများက မြို့နယ်အတွင်း ဆင့်ပွားသင်တန်းများ ဆက်လက်ဖွင့်လှစ်သင်ကြားပို့ချပေးသွားမည် ဖြစ်ကြောင်း သိရသည်။

**နိုင်လင်းအောင်(တာမွေ)**

## ကျောက်ဆည်မြို့၌ နေ့စဉ်ထွက်ရှိသော အမှိုက် ၂၇ တန်ခန့်ကို စနစ်တကျ သိမ်းဆည်းပေးလျက်ရှိ

**ကျောက်ဆည် ဧပြီ ၂၄**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့သန့်ရှင်းသာယာလှပစေရေးအတွက် မြို့တွင်းမှ နေ့စဉ်ထွက်ရှိသော အမှိုက်တန်ချိန် ၂၇ တန်ခန့်ကို စနစ်တကျသိမ်းဆည်းပေးလျက်ရှိကြောင်းနှင့် သန့်ရှင်းရေးလုပ်ငန်းများ ပုံမှန်ဆောင်ရွက်ပေးနေကြောင်း သိရသည်။

မြို့နယ်စည်ပင်သာယာရေးအဖွဲ့ သန့်ရှင်းရေးဌာနစိတ်မှ ဝန်ထမ်းများက နံနက် ၆ နာရီမှစတင်ပြီး မြို့တွင်းလမ်းမကြီးများတွင် ဘီးတပ်အမှိုက်ပုံးများဖြင့် အမှိုက်သိမ်းခြင်း၊ ရပ်ကွက်များအတွင်း ဌာနပိုင်အမှိုက်သိမ်းယာဉ် ၁၁ စီးကို အသုံးပြုကာ ခေါင်းလောင်းတီးစနစ်ဖြင့် အမှိုက်သိမ်းဆည်းပေးခြင်းများ ဆောင်ရွက်ပေးသည့်အပြင် မြို့မဈေးနှင့် အေးမြကြည်လင်ဈေးမှ ထွက်ရှိသော အမှိုက်များကို နေ့စဉ် မွန်းလွဲ ၂ နာရီတွင် အမှိုက်သိမ်းယာဉ်သုံးစီးဖြင့် သိမ်းဆည်းပေးလျက်ရှိသည်။

ကျောက်ဆည်မြို့ပေါ် ရပ်ကွက်ပေါင်း ၂၄ ခုနှင့် အေးမြကြည်လင်ဈေး၊ မြို့မဈေးတို့မှ နေ့စဉ်ထွက်ရှိလာသောအမှိုက်များကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့က စနစ်တကျသိမ်းဆည်း၍ မြို့နှင့် သုံးမိုင်ခန့်အကွာ မင်းမွေးတောင်ခြေရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မြေ ၂၅ ဧကရှိ အနက် ၁၀ ပေ၊ အလျားxအနံ ပေ ၃၀၀ အမှိုက်ကျင်းတွင် စနစ်တကျ စွန့်ပစ်ပေးလျက်ရှိကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**

မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

## NSDF ထိုင်းဖိတ်ခေါ် အမျိုးသမီးဖူဆယ်ပြိုင်ပွဲ မြန်မာအသင်း သုံးပွဲဆက်တိုက် ရှုံးပွဲကြုံ

**ရန်ကုန် မေ ၂၄**

NSDF ထိုင်းဖိတ်ခေါ် အမျိုးသမီးဖူဆယ်ပြိုင်ပွဲ အုပ်စုစတုတ္ထနေ့ကို မေ ၂၄ ရက်က ထိုင်းနိုင်ငံ၌ ဆက်လက်ကျင်းပရာ မြန်မာ့လက်ရွေးစင် အမျိုးသမီးဖူဆယ်အသင်း ရှုံးပွဲဆက်ခဲ့သည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးဖူဆယ်အသင်းသည် အင်ဒိုနီးရှား လက်ရွေးစင်အသင်းနှင့် ယှဉ်ပြိုင်ကစားရာ သုံးဂိုး-နှစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။ မြန်မာအသင်းသည် ရှုံးပွဲဆက်နေမှုကို ရပ်တန့်နိုင်ရန် ကြိုးပမ်းခဲ့သော်လည်း အင်ဒိုနီးရှားကို အပြန်အလှန်သွင်းဂိုးများဖြင့် အရေးနိမ့်ခဲ့ရခြင်းဖြစ်သည်။ မြန်မာအသင်းအတွက် ဂိုးများကို ခင်ပြည့်လင်းနှင့် ဇင်မိုးပြည့်တို့က သွင်းယူခဲ့သည်။ အုပ်စုအခြားပွဲတွင် ထိုင်းလက်ရွေးစင်အသင်းက ထိုင်း All Stars အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ယခုပွဲစဉ်များအပြီးတွင် ထိုင်းနှင့် အင်ဒိုနီးရှားလက်ရွေးစင်အသင်းတို့က သုံးပွဲကစား ကိုးမှတ်စီ၊ ထိုင်း All Stars အသင်းက လေးပွဲကစား ကိုးမှတ်၊ ဩစတြေးလျကလပ် South Perth အသင်းနှင့် မြန်မာ့လက်ရွေးစင်အသင်းတို့က သုံးပွဲစလုံးရှုံးကာ အမှတ်မရသေးပေ။

အုပ်စုနောက်ဆုံးနေ့ကို မေ ၂၆ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြန်မာနှင့် ဩစတြေးလျကလပ် South Perth အသင်း၊ ထိုင်းနှင့် အင်ဒိုနီးရှားအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ **ကိုညီလေး**

## ဗလင်စီယာကို အနိုင်ယူပြီး ကိုပါဒယ်ရေးဖလား ဆွတ်ခူးနိုင်ခဲ့သည့် ဘက်တစ်

စပိန်ကိုပါဒယ်ရေးဖလား ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် ရီးရဲဘက်တစ် အသင်းနှင့် ဗလင်စီယာအသင်းတို့ ပွဲစဉ်ကို မေ ၂၄ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ ပယ်နယ်တီ အဆုံးအဖြတ်တွင် ဘက်တစ် အသင်းက ငါးဂိုး-လေးဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ထို့ကြောင့် ဘက်တစ်အသင်းသည် ကိုပါဒယ်ရေးဖလားကို ၂၀၀၅ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ် ဆွတ်ခူးနိုင်ခဲ့သည်။ ဘက်တစ် အသင်းအနေဖြင့် ကိုပါဒယ်ရေး ဖလား ဆွတ်ခူးနိုင်ခြင်းမှာ အသင်း သမိုင်းတစ်လျှောက် အဓိကဖလား လေးကြိမ်မြောက် ဆွတ်ခူးနိုင်ခဲ့ခြင်း ဖြစ်သည်။ ဘက်တစ်အသင်းသည် ယခုဖလား မဆွတ်ခူးမီ ၁၉၃၄-၃၅ ခုနှစ်က လာလီဂါဖလား တစ်ကြိမ်၊ ၁၉၇၇ ခုနှစ်နှင့် ၂၀၀၅ ခုနှစ်တွင် စပိန်ဖလား နှစ်ကြိမ် ဆွတ်ခူးထား သည်။ ထို့အပြင် အသင်းနည်းပြ ပယ်လီဂရီနီသည် ၂၀၁၅-၂၀၁၆




ဆုဖလားလက်ခံရယူပြီးနောက် ဘက်တစ်အသင်းသားများ အောင်ပွဲခံနေစဉ်။

နှစ်က မန်စီးတီးအသင်းနှင့် လိဂ်ဖလား ကိုင်မြှောက်ခွင့်ရရှိပြီး နောက် ယခုအခါ ပထမဆုံးအကြိမ် ဖလားကိုင်မြှောက်ခွင့် ရရှိခဲ့ခြင်း ဖြစ်သည်။

အဆိုပါ ပွဲစဉ်တွင် ဗိုလ်လုပွဲစဉ် ဖြစ်သည့်အတွက် နှစ်သင်းစလုံး အားထားရသည့် ကစားသမားများ ဖြင့် ပွဲထွက်လာခဲ့သောကြောင့် အကြိတ်အနယ်ရှိခဲ့သည်။ ပွဲကစား ချိန်အတွင်း တစ်ဖက်တစ်ဂိုးစီ သရေကျနေခဲ့သည့်အတွက် ပယ်နယ် တီ အဆုံးအဖြတ်ခံယူခဲ့ရပြီး ဗလင် စီယာအသင်းမှ မူဆာ လွဲချော်ခဲ့သည့် အတွက် ဘက်တစ်အသင်းက ငါးဂိုး-လေးဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။

ဦးဆောင်ဂိုးကို ဘက်တစ် အသင်းက ပွဲချိန် ၁၁ မိနစ်တွင် စတင်ရရှိခဲ့ပြီး ဘော်ဂျာက သွင်းယူ ပေးခဲ့သည်။ ဗလင်စီယာအသင်း အတွက် ချေပဂိုးကို ပွဲချိန် မိနစ် ၃၀ တွင် ဒူရိုက သွင်းယူပေးခဲ့ သည်။ **အောင်ဇော်**

ရေချွေတာရေး နည်းလမ်းများ

**ဘုံပိုင်ခေါင်းကို မသုံးဘဲ ဖွင့်ထားခြင်းမပြုပါနှင့်**

❐ *ကျောဖုံးမှ*

မြန်မာ့လက်ရွေးစင် အမျိုးသမီး အသင်းသည် မေလပထမပတ်အထိ တောင်ကိုရီးယားနိုင်ငံ၌ လေ့ကျင့်မည်ဖြစ်ပြီး ခြေစမ်းပွဲသုံးပွဲ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် တောင်ကိုရီးယားလူငယ်လက်ရွေးစင်အသင်း၊ တောင်ကိုရီးယား အမျိုးသမီးကလပ်အသင်းများနှင့် ခြေစမ်းပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ဆီးဂိမ်းပြိုင်ပွဲကျင်းပမည့် ဗီယက်နမ်နိုင်ငံသို့ တောင်ကိုရီးယားနိုင်ငံမှ တိုက်ရိုက်သွားရောက်မည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ယင်းခရီးစဉ်အတွက် ကစားသမား ၂၂ ဦး ရွေးချယ်ထားသော်လည်း အိန္ဒိယကလပ် ဂိုကူလမ် အသင်းတွင် ကစားနေသည့် ဝင်းသိင်္ဂီထွန်းမှာမူ ဆီးဂိမ်းပြိုင်ပွဲမှသာ အသင်းနှင့် ပူးပေါင်းနိုင်မည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းတွင် **အုပ်ချုပ်သူ** - ဒေါ်မြတ်မြတ်ဦး၊ **နည်းပြချုပ်** - ဦးတင်မြင့်အောင်၊ **လက်ထောက်နည်းပြ**- ဦးခင်မောင်ထွေး၊ ဦးဘိုဘိုအောင်၊ ဒေါ်သူဇာထွေး၊ **ဂိုးနည်းပြ**-ဦးယဉ်မင်းအောင်၊ **ဂိုးသမား** - မေဇင်နွယ်၊ ဖူးလတ်နဒီ၊ မျိုးမြမြငြိမ်း၊ **နောက်တန်း** - ခင်သန်းဝေ၊ ခင်မျိုးဝင်း၊ ချစ်ချစ်၊ အေးအေးမိုး၊ ဖြူဖြူဝင်း၊ ဖွန်ယုယဦး၊ နန့်ဖူးဖူးထက်၊ **အလယ်တန်း** - ခင်မာလာထွန်း၊ ခင်မိုမိုထွန်း၊ သင်းသင်းယု၊ ခင်မိုးဝေ၊ နော်ထက်ထက်ဝေ၊ ခိုင်သဇင်၊ လင်းမြင့် မိုရ်၊ ပုံ့ပုံ့ပြည့်မောင်၊ **ရှေ့တန်း** - စန်းသော်သော်၊ မြတ်နိုးခင်၊ ဂျူလိုင်ကျော်၊ ဝင်းသိင်္ဂီထွန်းတို့ ပါဝင်သည်။

**ရဲရင့်လွင်၊ ဓာတ်ပုံ - MFF**

○ *ကျောဖုံးမှ*

ပြိုင်ဘက်ဝက်စ်ဟမ်းအသင်းက ယခုပွဲရှုံးနိမ့်မှုကြောင့် ၃၄ ပွဲကစားပြီး ၅၂ မှတ်သာ ရရှိသောကြောင့် လာမည့်နှစ် ချန်ပီယံလိဂ်ဝင်ခွင့်မျှော်လင့်ချက် ပျက်ပြယ်ခဲ့ရပြီ ဖြစ်သည်။

ချယ်ဆီးအသင်းသည် ခြေအသာ၊ ဂိုးကန်သွင်းခွင့်အသာဖြင့် ဝက်စ်ဟမ်းအသင်းကို ပွဲချိန်တစ်လျှောက် ဖိအားပေးကစားနိုင်ခဲ့သည်။ ပွဲချိန် ၈၄ မိနစ်တွင် ဝက်စ်ဟမ်းအသင်းမှ ဒေါ်ဆင် အနီကတ်ပြထုတ်ပယ်ခံခဲ့ရသည်။ ပွဲချိန် ၈၇ မိနစ်တွင် ချယ်ဆီးအသင်း ပယ်နယ်တီ ကန်သွင်းခွင့်ရရှိခဲ့သော်လည်း ဂျော်ဂျင်ဟို အဆုံးသတ်ကန်သွင်းရာ လွဲချော်ခဲ့သည့်အတွက် ချယ်ဆီးအသင်း နစ်နာခဲ့ရသည်။ သို့သော်လည်း ချယ်ဆီးအသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ပွဲချိန်ပြည့်ခါနီးတွင် အလွန်ဆို၏ ဖန်တီးမှုမှ ပူလီဆစ်က သွင်းယူပေးနိုင်ခဲ့သည်။

အခြားပွဲစဉ်ရလဒ်များမှာ ဘရိုက်တန်နှင့် ဆောက်သမ်တန် နှစ်ဂိုးစီ သရေပွဲဖြစ်ခဲ့ပြီး ဘန်လေက ဝုဖ်ကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရသည်။ လီဗာပူးက အဲဗာတန်ကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရပြီး မန်စီးတီးကို ဖိအားပေးနေဆဲ ဖြစ်သည်။

**အောင်ဇော်**



❖ *ကျောဖုံးမှ*

စစ်ဆေးခဲ့ပြီး ယနေ့တွင် အခြေခံပညာအဆင့် Grade 1 (ပထမတန်း)မှ Grade-10 (နဝမတန်း)အထိ စာမေးပွဲအောင်စာရင်းများကို ထုတ်ပြန်ကြေညာပေးခဲ့ခြင်းဖြစ်ရာ အခြေခံပညာကျောင်းအသီးသီး၌လည်း စာမေးပွဲအောင်စာရင်းစာရွက်များကို ကြော်ငြာဘုတ်များဖြင့် ကပ်ပေးထားကြောင်း သိရှိရသည်။

လာမည့် ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် အခြေခံပညာအဆင့် ကျောင်းသား ကျောင်းသူများကို မူလတန်းအဆင့် Grade-5 ကို သင်ရိုးသစ်အဖြစ်လည်းကောင်း၊ အလယ်တန်းအဆင့် Grade-8 ကို သင်ရိုးသစ်အဖြစ်လည်းကောင်း၊ အထက်တန်းအဆင့်တွင် Grade-11 ကို သင်ရိုးသစ်အဖြစ်လည်းကောင်း ပြောင်းလဲသင်ကြားပေးသွားမည်ဖြစ်ပြီး လက်ရှိတွင် မူလတန်းအဆင့် Grade-5 ကို သင်ရိုးသစ်အဖြစ် ပြောင်းလဲသင်ကြားပေးနိုင်ရန် ဆရာ ဆရာမများကို ဗဟိုအဆင့် နည်းပြသင်တန်းများ ဖွင့်လှစ်ပို့ချပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

**ဓာတ်ပုံ - မြောင်းမြ (ခရိုင်ပြန်/ဆက်)**

## ဘိုကလေးမြို့နယ်၌ စကားများရန်ဖြစ်ရာမှ လူသေဆုံးမှုဖြစ်ပွား

**နေပြည်တော် မေ ၂၄**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်၌ မေ ၂၂ ရက်က သစ်မောင်းတိုင် နှစ်တိုင် ချေးယူသည့်ကိစ္စနှင့်ပတ်သက်၍ စကားများရန်ဖြစ်ရာမှ လူသေဆုံးမှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၂၂ ရက် ည ၇ နာရီတွင် ငွေချောင်းကြီးကျေးရွာနေ မင်းဇော်ဦး (၄၀ နှစ်)နှင့် တစ်ရွာတည်းနေ သန်းထိုက်(၃၄ နှစ်)တို့သည် သစ်မောင်းတိုင် နှစ်တိုင် ချေးယူခဲ့သည့် ကိစ္စနှင့်ပတ်သက်၍ စကားများရာမှ ကိုင်းခုတ်ဓားများဖြင့် အပြန်အလှန်ခုတ်စဉ် သန်းထိုက်တွင် ယာမေးရိုးပြတ်ရှဒဏ်ရာနှင့် မေးရိုးကျိုးဒဏ်ရာ တစ်ချက်တို့ရရှိခဲ့ပြီး မင်းဇော်ဦးတွင် ယာလက်ကောက်ဝတ် ပြတ်ရှဒဏ်ရာရရှိခဲ့သဖြင့် မင်းဇော်ဦးအား ကြိမ်ချောင်းတိုက်နယ်ဆေးရုံသို့ ပို့ဆောင်၍ ဆေးကုသမှုခံယူစဉ် သေဆုံးသွားသောကြောင့် အရေးယူပေးပါရန် တိုင်တန်းချက်အရ သန်းထိုက်အား ကြိမ်ချောင်းကြီးနယ်မြေရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**

## ကျိုက်ထိုမြို့၌ ရထားလမ်းဖြတ်ကူးစဉ် ရထားတိုက်မိ၍ အမျိုးသားတစ်ဦးသေဆုံး

**နေပြည်တော် မေ ၂၄**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်၌ မေ ၂၃ ရက်က ရထားလမ်းဖြတ်ကူးစဉ် ရထားတိုက်မိ၍ အမျိုးသားတစ်ဦး သေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၂၃ ရက် မွန်းလွဲ ၁ နာရီခွဲတွင် ကျိုက်ထိုမြို့ တောင်သူစုရပ်ကွက် ရထားလမ်း၊ မိုင်တိုင်အမှတ်(၉၆/၇-၈)ကြား၌ ရထားတိုက်မိ၍ အမျိုးသားတစ်ဦး သေဆုံးသွားကြောင်း သတင်းအရ ကျိုက်ထိုမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရာ မော်လမြိုင်မှ ရန်ကုန်ဘက်သို့ မောင်းနှင်လာသည့် စက်ခေါင်းအမှတ် DF- 1228 အမှတ်(၉၀) အစုန် လူစီးအမြန်ရထားသည် အခင်းဖြစ်နေရာအရောက်၌ ရထားလမ်းအား ဖြတ်ကူးသူ တောင်သူစုရပ်ကွက်နေ ဦးကောင်းညွှန့်(၆၆ နှစ်)အားတိုက်မိပြီး ဦးကောင်းညွှန့်တွင် ဒဏ်ရာများရရှိကာ သေဆုံးသွားသဖြင့် ဦးကောင်းညွှန့်သေဆုံးမှုအား ကျိုက်ထိုမြို့မရဲစခန်း သေမှုသေခင်းအမှတ်စဉ် (၁၀/၂၀၂၂) ဖြင့် ရေးဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ရဲပြန်ကြား**

**တိမ်အနည်းငယ်မှ တိမ်အသင့်အတင့်ဖြစ်ထွန်း**

နေပြည်တော် မေ ၂၄ - ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။ **မိုး/ဇလ**

# မြဝတီမြို့ မြန်မာ-ထိုင်းအမှတ်(၁)ချစ်ကြည်ရေးတံတား(မြန်မာဘက်ခြမ်း)မုခ်ဦးတွင် မော်တော်ယာဉ်ဖြင့်ဖောက်ခွဲဖျက်ဆီးမှု ဖြစ်ပွား

**မြဝတီ မေ ၂၄**

မြဝတီမြို့ရှိ မြန်မာ-ထိုင်းအမှတ် (၁) ချစ်ကြည်ရေးတံတားထိပ် (မြန်မာဘက်ခြမ်း) မုခ်ဦးတွင် ယမန်နေ့ည ၁၀ နာရီ ၄၅ မိနစ် ခန့်က မော်တော်ယာဉ်ဖြင့် ဖောက်ခွဲဖျက်ဆီးမှု ဖြစ်ပွားခဲ့ရာ လုံခြုံရေး တာဝန်ထမ်းဆောင်နေသော ရဲတပ်ဖွဲ့ဝင် နှစ်ဦး ထိခိုက်ဒဏ်ရာအနည်းငယ် ရရှိခဲ့ပြီး မော်တော်ယာဉ်နှင့် အဆောက်အအုံ ပျက်စီးမှုများရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မြဝတီမြို့မ ရဲစခန်းမှ ဒုရဲအုပ် ရဲဝင်းနိုင် ဦးစီးသောအဖွဲ့က ပြည်သူ့စစ်တပ်ဖွဲ့ဝင်များနှင့်အတူ လုံခြုံရေး တာဝန်ဆောင်ရွက်နေစဉ် မြဝတီမြို့တွင်းဘက်မှ အမှတ် (၁) ချစ်ကြည်ရေး တံတားဘက်သို့ ဦးတည်လျက် ချစ်ကြည်ရေး တံတားထိပ် (မြန်မာဘက်ခြမ်း) ဝင်းတံခါးအား ယာဉ်အမျိုးအစား စိစစ်ဆဲ (ယာဉ်မောင်းမပါ) ဖြင့် ဝင်ရောက် တိုက်ခိုက်ကာ အဆိုပါ ယာဉ်အတွင်းမှ ပေါက်ကွဲမှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါ ပေါက်ကွဲမှုကြောင့် လုံခြုံရေး တာဝန်ထမ်းဆောင်နေသော ဒုရဲအုပ် ရဲဝင်းနိုင်တွင် ယာနားထင်၊ နဖူးတို့တွင် မီးလောင်ဒဏ်ရာ၊ ဦးခေါင်း နောက်စေ့ နာကျင်ဒဏ်ရာ၊ ဝဲယာလက်ဖမိုး၊ လက်ဖဝါး၊ တံတောင်ဆစ် ပွန်းပဲ့ဒဏ်ရာ၊ ဝဲယာလက်ဖျံမီးလောင်ဒဏ်ရာ၊ ဝဲယာ ဒူးပွန်းပဲ့ဒဏ်ရာ(မစိုးရိမ်ရ) နှင့် ရဲဒုတပ်ကြပ် ဝင်းသိန်းဦးတွင် ဝဲလက်ဖျံ တစ်လက်မခန့် ပေါက်ပြဲဒဏ်ရာ (မစိုးရိမ်ရ)တို့ ရရှိခဲ့သဖြင့် မြဝတီခရိုင် ပြည်သူ့ဆေးရုံကြီးသို့ ဆေးကုသမှုခံယူစေခဲ့ကြောင်း သိရသည်။





မော်တော်ယာဉ်ဖြင့် ဖောက်ခွဲဖျက်ဆီးမှုကြောင့် ထိခိုက်ပျက်စီးမှုများကို တွေ့ရစဉ်။

အဆိုပါ ပေါက်ကွဲမှုကြောင့် ယာဉ်အမျိုးအစား (စိစစ်ဆဲ)မှာ ယာဉ်တစ်စီးလုံး မီးလောင်ပျက်စီးသွားကာ တံတားဘေး အနီးရပ်ထားသော ယာဉ်တစ်စီး မီးလောင်ပျက်စီး သွားခဲ့သဖြင့် မီးသတ်ယာဉ် နှစ်စီးဖြင့် မီးငြိမ်းသတ်ခဲ့သည်။ ချစ်ကြည်ရေး တံတား(၁)အဝင် တံခါး အဆောက်အအုံအမိုး၊ လဝက စစ်ဆေးရေးရုံး အဆောက်အအုံတို့ ပျက်စီးသွားခဲ့ကာ တံတားဝဲဘက်ခြမ်းရှိ နေအိမ်အဆောက်အအုံ ပြတင်းတံခါးမှန်များ ပျက်စီးသွားခဲ့ပြီး ဆုံးရှုံးမှုတန်ဖိုး စိစစ်ဆဲဖြစ်ကြောင်း သိရသည်။

အခင်းဖြစ်ပွားရာနေရာကို လုံခြုံရေး တပ်ဖွဲ့ဝင်များက စစ်ဆေးလျက်ရှိပြီး ယာဉ်ဖြင့် ဖောက်ခွဲ ဖျက်ဆီးခဲ့သူအား ဖမ်းဆီးရမိရေးအတွက် အပူတပြင်း ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**ထိန်လင်းအောင်**

# တရားမဝင် သစ်မျိုးစုံ၊ စားသောက်ကုန်၊ လူသုံးကုန်၊ စက်သုံးဆီနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၂၄**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ မေ ၂၁ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် အင်းစိန်မြို့နယ် သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က ရန်ကုန်မြောက်ပိုင်းခရိုင် ရန်ကုန်-ပြည်လမ်း လေဆိပ်မီးပွိုင့်အနီး၌ တရားမဝင် ကျွန်းခွဲသား ၄ ဒသမ ၁၁၀၂တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၃၃၀၆၀)နှင့် အဆိုပါ သစ်များ တင်ဆောင်လာသည့် Mitsubishi Canter Box အမျိုးအစား ကုန်တင်ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၂၃၃၀၆၀ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



အလားတူ မေ ၂၂ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့်တိုင်းဒေသကြီးအကောက်ခွန်ဦးစီးဌာနမှူး ကြီးကြပ်၍ ပဲခူးမြို့နယ် အကောက်ခွန်ဦးစီးဌာနမှူး အဖွဲ့က ညောင်ခါးရှည်နှင့် ဒိုက်ဦးကြား ရှောင်တခင် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ခန့်မှန်းမိုင်တိုင် အမှတ်(၁ မိုင် ၁ ဖာလုံ)ခန့်တွင် မြဝတီမြို့မှ တောင်ငူမြို့သို့ မောင်းနှင်လာသော ခရီးသည်တင်ယာဉ် တစ်စီးပေါ်၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော စားသောက်ကုန်ပစ္စည်းများ(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၈၀၀၀၀)နှင့် အဆိုပါ ပစ္စည်းများ တင်ဆောင်လာသော Foton View အမျိုးအစား Mini Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၄၈၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့ ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က နောင်လုံတံတားအနီး၌ စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စက်သုံးဆီ၊ စားသုံးဆီ၊ စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၈၁၉၇၀၀၀)နှင့် အဆိုပါ ပစ္စည်းများ တင်ဆောင်လာသော မော်တော်ယာဉ် ငါးစီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၁၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၉၁၉၇၀၀၀ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်လျက်ရှိသည်။**(ဝဲပုံ)**

ထို့အပြင် မေ ၂၃ ရက်တွင်အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သံဖြူဇရပ်မြို့မှ မန္တလေးမြို့သို့ သွားရောက်မည့် ခရီးသည်တင်ယာဉ် တစ်စီးပေါ်၌ ခရီးသည်ပစ္စည်းများနှင့်အတူ ရောနှောတင်ဆောင်လာသော တရားဝင်အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် အကောက်ခွန်မဲ့ စားသောက်ကုန်၊ ပိတ်ဖြတ်စနှင့် အဝတ်အထည်များ (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၃၁၈၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ယနေ့တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီးသစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်၊ တောင်ငူခရိုင်နှင့် သာယာဝတီခရိုင်များအတွင်း တရားမဝင် ကျွန်းသစ်နှင့် သစ်မာ ၁၅ ဒသမ ၉၀၆၈ တန် (ခန့်မှန်းတန်ဖိုးငွေကျပ်၂၅၆၂၉၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ မေ ၂၁ ရက်၊ ၂၂ ရက်၊ ၂၃ ရက်နှင့် ၂၄ ရက်များတွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ (၂၁) မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၅၇၉၀၉၆၀) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။ **သတင်းစဉ်**

# ဖားကန့်မြို့နယ်နှင့် မောင်တောမြို့တို့တွင် ဘိန်းဖြူများ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၂၄**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၂၃ ရက် နံနက် ၉ နာရီ ၄၅ မိနစ်တွင် ဖားကန့်မြို့နယ် လုံးခင်းကျေးရွာအုပ်စု ဆောင်းချိန်ကျေးရွာ အနီးတွင် ဝင်းစိုး(ခ)အောင်စိုး မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းဖြူ သုည ဒသမ ၆၉၃ ကီလိုဂရမ်ကိုလည်းကောင်း၊ ထို့အတူ မေ ၂၂ ရက် မွန်းလွဲ ၁၂ နာရီ မိနစ် ၄၀ တွင် ရခိုင်ပြည်နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မောင်တောမြို့ မောင်နီရပ်ကွက်နေ အဒူဇော်လာမ်၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၄၆၀ သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ မွန်းလွဲ ၁ နာရီတွင် မောင်တောမြို့ မြို့မတောင်ရပ်ကွက်နေ အဒူမူနဉ်မ်ကို ၎င်း၏ နေအိမ်၌ ထပ်မံဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ ဆိုင်ရာဥပဒေအရအရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**



## ခါမ်းပါတ်မြို့အတွင်းရှိ ဆောင်းသီးနှံ နေကြာစိုက်ခင်းများ စတင်ရိတ်သိမ်း

ခါမ်းပါတ် မေ ၂၄

စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင် ခါမ်းပါတ်မြို့အတွင်းရှိ ဒေသခံတောင်သူအများစုတို့ စိုက်ပျိုးလုပ်ကိုင်ကြသည့် ဆောင်းသီးနှံ နေကြာစိုက်ခင်းများ စတင်ရိတ်သိမ်းနေကြပြီ ဖြစ်သည်။ (ယာပုံ) ခါမ်းပါတ်မြို့အတွင်း ရှိ ဒေသခံတောင်သူအများစုအနေဖြင့် ဆောင်းသီးနှံများ စိုက်ပျိုးရာတွင် နေကြာကို အဓိကထား စိုက်ပျိုးကြပြီး အခြားသီးနှံများ ဖြစ်သည့် မုန်ညင်း၊ ပဲမျိုးစုံနှင့် စားဖို ဆောင်းသီးနှံများကိုလည်း တစ်နိုင်တစ်ပိုင် စိုက်ပျိုးလုပ်ကိုင် လျက်ရှိကြောင်း သိရသည်။



ထိုသို့ ဆောင်းသီးနှံများစိုက်ပျိုးရာတွင် ကုန်ကျစရိတ်နည်းပြီး အကျိုးအမြတ်ပိုမိုဖြစ်ထွန်းသည့်နေကြာကို အဓိကထား စိုက်ပျိုးကြသည်။ နေကြာရိတ်သိမ်းခအဖြစ် လုပ်သားတစ်ဦးလျှင် တစ်မနက် ငွေကျပ် ၃၀၀၀ ပေးရပြီး လက်ရှိတွင်မူ နေကြာတစ်တင်းလျှင် ငွေကျပ် ၂၂၅၀၀ ခန့် ဈေးရရှိနေသည်။ ဒေသခံတို့အနေဖြင့် နေကြာမျိုးများ ရွေးချယ်ရာတွင် မိမိတို့ဒေသမျိုးများကို စနစ်တကျ ရွေးချယ်သိုမှီးထားကြသည်များရှိသလို မျိုးစေ့ထုပ်များကိုလည်း ဝယ်ယူစိုက်ပျိုးကြကြောင်း သိရသည်။

ဝိဇ္ဇာမောင်

## ဖောင်းပြင်မြို့နယ်၌ သီးထပ်စနစ်ဖြင့်စိုက်ပျိုးသော ဆီနေကြာများ အောင်မြင်

ဖောင်းပြင် မေ ၂၄

ဖောင်းပြင်မြို့နယ် ပိုးစာကုန်းကျေးရွာမှ ဒေသခံတောင်သူများသည်ဆောင်းသီးနှံအဖြစ် ပဲအမျိုးမျိုး၊ အဖူးစားပြောင်းနှင့် နေ့စဉ်ဝင်ငွေရရှိသည့် ဟင်းသီးဟင်းရွက်များကို စိုက်ပျိုးကြပြီး ယင်းသီးနှံများ ရိတ်သိမ်းပြီးနောက် ဆီစားသုံးမှုဖူလုံစေရန် သီးထပ်စနစ်ဖြင့် ဆီနေကြာများကိုစိုက်ပျိုးကြရာ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။



သီးထပ်စနစ်ဖြင့် စိုက်ပျိုးကြရာတွင် မြေ၏ ပကတိအစိုဓာတ်အတိုင်း စိုက်ပျိုးလေ့ရှိကြပြီး မြေအစိုဓာတ်လျော့နည်းသွားခြင်း မရှိစေရန်အတွက် အတန်းလိုက်အစေ့ချစိုက်ပျိုးမည်ဆိုပါက ထယ်ရေးတစ်စပ်ထိုးကာ ချက်ချင်းထယ်စာချေ၍ အပင်ခြားခြောက်လက်မမှ ကိုးလက်မခန့်၊ အတန်းခြား နှစ်ပေခန့်ခြား၍ မြောင်းပေးစိုက်ပျိုးကြောင်း၊ ပက်ကြဲ၍စိုက်ပျိုးမည်ဆိုပါက ထယ်ရေးတစ်စပ်ထိုးကာ မျိုးစေ့ပက်ကြဲပြီး ထွန်ရေးဖြင့် မျိုးစေ့အား ပြန်လည်ဖုံးဖိပေးရကြောင်း ထိုမှသာလျှင် မျိုးစေ့အပေါက်စုံနိုင်မည်ဖြစ်ကြောင်း တောင်သူဦးတင်အောင်ကပြောပြသည်။

စိုက်ပျိုးသည့် မျိုးအမည်မှာ ရေဆင်း(၁) မျိုးဖြစ်ပြီး သက်တမ်း သုံးလခွဲခန့်ရှိကြောင်း နေကြာမျိုးများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် နီးစပ်ရာစိုက်ပျိုးရေးသုံးပစ္စည်းအရောင်းဆိုင်များမှ ဝယ်ယူကာ စိုက်ပျိုးကြပြီး တစ်ဧကလျှင် ၃ ကီလိုပါရှိသည့် မျိုးစေ့ထုပ်သုံးထုပ်စိုက်ပျိုးကြောင်း၊ တစ်ဧကအထွက်နှုန်း တင်း ၂၀ မှ ၂၅ တင်းအထိ ထွက်ရှိကြောင်း၊ အစိုဓာတ်အနည်းငယ်၌ အောင်မြင်ဖြစ်ထွန်းပြီး ရေသွင်းစိုက်ပျိုးနိုင်ပါကပို၍ အောင်မြင်ဖြစ်ထွန်းနိုင်ကြောင်း၊ လာမည့်နှစ်တွင် စိုက်ပျိုးနိုင်ရန် မျိုးအဖြစ်ပြန်လည်ရယူထားနိုင်ကြောင်း လက်တွေ့စိုက်ပျိုးအောင်မြင်နေသည့် တောင်သူဦးတင်အောင်ထံမှ သိရသည်။

ကိုထွန်း(ဖောင်းပြင်)

### ကယားပြည်နယ် ဒေသစီးပွားရေးသတင်းများ

**ကယားပြည်နယ်၌ ဘိလပ်မြေဈေးနှုန်း အနည်းငယ်ကျဆင်းလျက်ရှိ**

ကယားပြည်နယ်တွင် ကုန်စည်စီးဆင်းမှု ပြန်လည်အသက်ဝင်လာပြီး ဆောက်လုပ်ရေး ပစ္စည်းဖြစ်သည့် ဘိလပ်မြေများ ပြည်နယ်တွင်းသို့ နေ့စဉ်နှင့်အမျှ တင်သွင်းလာလျက်ရှိကြောင်း မြို့ဦးဂိတ်စာရင်းများအရ သိရှိရသည်။ ယခု ဧပြီလတတိယပတ် အတွင်း ဘိလပ်မြေဈေးနှုန်းများမှာ ကမ္ဘောဇ ဘိလပ်မြေတစ်အိတ်လျှင် ငွေကျပ် ၈၀၀၀၊ အာပါချီ ဘိလပ်မြေတစ်အိတ်လျှင် ငွေကျပ် ၈၁၀၀ နှင့် နဂါးဘိလပ်မြေ တစ်အိတ်လျှင် ငွေကျပ် ၈၁၀၀ တို့ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ယခင်ဧပြီလ ဒုတိယပတ်တွင် ကမ္ဘောဇဘိလပ်မြေ တစ်အိတ်လျှင် ငွေကျပ် ၈၁၀၀၊ အာပါချီဘိလပ်မြေ တစ်အိတ်လျှင် ငွေကျပ် ၈၂၀၀ နှင့် နဂါး ဘိလပ်မြေတစ်အိတ်လျှင် ငွေကျပ် ၈၂၀၀ရှိခဲ့သည်။ ယခင် ဧပြီလ ဒုတိယပတ်နှင့် ယခု ဧပြီလ တတိယပတ် နှိုင်းယှဉ်ကြည့်လျှင် ကမ္ဘောဇဘိလပ်မြေ တစ်အိတ်လျှင် ငွေကျပ် ၁၀၀ အာပါချီ ဘိလပ်မြေ တစ်အိတ်လျှင် ငွေကျပ် ၁၀၀ နဂါးဘိလပ်မြေတစ်အိတ်လျှင် ငွေကျပ် ၁၀၀ ခန့် ဈေးနှုန်းကျဆင်း လျက်ရှိကြောင်း အိမ်ဆောက်ပစ္စည်းအရောင်းဆိုင်မှ သိရသည်။

**လွိုင်ကော်မြို့ ဒေသဆန် ဈေးနှုန်းမြင့်တက်လျက်ရှိ**

ကယားပြည်နယ်တွင် ဆန်စပါးကို အဓိက စိုက်ပျိုးကြပြီး ပြည်နယ်တွင်းစိုက်ပျိုးသော စပါးများကို ဒေသတွင်းကြိတ်ခွဲကာ စားသုံးမှုမှာ အနည်းငယ်သာရှိပြီး အများအားဖြင့် မန္တလေးသို့ တင်ပို့နေကြသော်လည်း ယခု ဧပြီလတွင် ကယားပြည်နယ်မှ အခြားဒေသသို့ ဆန်တင်ပို့မှုလျော့နည်းလာခြင်း၊ အခြားဒေသမှ ပြည်နယ်တွင်းသို့ ဆန်တင်သွင်းမှု လျော့နည်းလာခြင်းတို့ကြောင့် ပြည်နယ်တွင်းထွက်ရှိသော ဆန်ဈေးနှုန်းများမှာ ရွှေရင်အေး(၁) တစ်အိတ်လျှင် ငွေကျပ် ၄၄၀၀၀၊ ရွှေရင်အေး(၂) တစ်အိတ်လျှင် ငွေကျပ် ၄၀၀၀၀ နှင့် တရုတ်မွှေး တစ်အိတ်လျှင် ငွေကျပ် ၃၇၀၀၀ တို့ရှိသည်။ ယခင်မတ်လ ဆန်ဈေးနှုန်းများမှာ ရွှေရင်အေး(၁) တစ်အိတ်လျှင် ငွေကျပ် ၄၂၀၀၀၊ ရွှေရင်အေး(၂) တစ်အိတ်လျှင် ငွေကျပ် ၃၈၀၀၀နှင့် တရုတ်မွှေး တစ်အိတ်လျှင် ငွေကျပ် ၃၆၀၀၀ တို့ဖြစ်သည်။

ယခင်မတ်လနှင့် ယခုဧပြီလဈေးနှုန်းကို နှိုင်းယှဉ်ကြည့်လျှင် ရွှေရင်အေး တစ်တစ်အိတ်လျှင် ငွေကျပ် ၂၀၀၀၊ ရွှေရင်အေး နှစ်တစ်အိတ်လျှင် ငွေကျပ် ၂၀၀၀နှင့် တရုတ်မွှေးတစ်အိတ်လျှင် ငွေကျပ် ၁၀၀၀ တို့ဖြင့် ဈေးနှုန်းမြင့်တက်လျက်ရှိပြီး ဒေသဆန်ဈေးနှုန်းမြင့်တက်ရခြင်းမှာ ဒေသအခြေအနေအရ တောင်သူများနွေစပါး စိုက်ပျိုးရာသီတွင် အချိန်မီ မစိုက်ပျိုးနိုင်ခြင်းကြောင့် ဈေးနှုန်းမြင့်တက်ရခြင်းဖြစ်သည်ဟု ဆန်အရောင်းဆိုင်ရှင် တစ်ဦးထံမှ သိရသည်။

ခူးမြင့်စိုး (ကယား)

## စဉ့်ကူးမြို့နယ် မြစိမ်းရောင်(ငါးကဏ္ဍ) အရင်းမပျောက်လည်ပတ်ရန်ပုံငွေကိစ္စ ရှင်းလင်းဆွေးနွေး

နေပြည်တော် မေ ၂၄

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးဇော်သန်းသည် စဉ့်ကူးမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူးနှင့် စိုက်ပျိုးရေးဦးစီးဌာနမှူးတို့နှင့်အတူ မေ ၂၃ ရက်က စဉ့်ကူးမြို့ ငါးလုပ်ငန်းဦးစီးဌာနရုံးတွင် စဉ့်ကူးမြို့နယ် မြစိမ်းရောင်ကျေးရွာ (ငါးကဏ္ဍ) စီမံကိန်းကြီးကြပ်ရေးကော်မတီဝင်များနှင့် တွေ့ဆုံ၍ ရန်ပုံငွေလည်ပတ်ဆောင်ရွက်နေမှုအခြေအနေများ၊ ချေးယူငွေအရင်းအတိုးများ ပြန်လည်ပေးဆပ်ရန် အခြေအနေများကို အစည်းအဝေးပြုလုပ်သည်။ (အောက်ပုံ) အစည်းအဝေးတွင် ကော်မတီဝင်များက တွေ့ကြုံရသည့် အခက်အခဲများ တင်ပြမှုအပေါ် ခရိုင်ငါးလုပ်ငန်း ဦးစီးဌာနမှူးနှင့် မြို့နယ်ငါးလုပ်ငန်း ဦးစီးဌာနမှူးတို့က ပြန်လည်ဆွေးနွေးညှိနှိုင်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်



## ပေါင်မြို့နယ်သမဝါယမအသင်းစုလီမိတက်က အိမ်ဆောက်ပစ္စည်း၊ စတီးပစ္စည်းနှင့် လူသုံးကုန်များ ထုတ်လုပ်ရောင်းချ

နေပြည်တော် မေ ၂၄

မွန်ပြည်နယ် ပေါင်မြို့နယ် သမဝါယမအသင်းစုလီမိတက်သည် အိမ်ဆောက်ပစ္စည်း၊ စတီးပစ္စည်းနှင့် လူသုံးကုန်များကို ထုတ်လုပ်ရောင်းချလျက်ရှိပြီး သံပန်းသံတံခါးများ တပ်ဆင်ပေးခြင်း၊ အိမ်အလှဆင်ခြင်း စသည့်အိမ်အရောက်ဝန်ဆောင်မှုပေးခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် သွင်းအားစုဓာတ်မြေဩဇာများကိုလည်း တောင်သူများသို့ ဖြန့်ဖြူးရောင်းချပေးနိုင်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## တနင်္သာရီတိုင်းဒေသကြီးသမဝါယမကဏ္ဍမှ ပြည်ပသို့ ရေထွက်ပစ္စည်းများ တင်ပို့

နေပြည်တော် မေ ၂၄

တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ပင်လယ်ငါးဖမ်းလုပ်ငန်းများမှ ငါး၊ ပုစွန်နှင့် ရေထွက်ပစ္စည်းများကို ပြည်ပပို့ကုန်အဖြစ် တင်ပို့လျက်ရှိရာ ကော့သောင်းမြို့နယ် သိမ်းထိုက်ဇော် ရေထွက်ပစ္စည်းနှင့် အထွေထွေရောင်းဝယ်ရေး သမဝါယမအသင်းလီမိတက်မှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၄၂၆ သန်း တန်ဖိုးရှိ ရေထွက်ပစ္စည်း ကုန်တန်ချိန် ၂၇၅၉ ဒသမ ၃၇၂ တန် နှင့် အောင်ကျော်ဇေ ရေထွက်ပစ္စည်းနှင့် အထွေထွေရောင်းဝယ်ရေး သမဝါယမအသင်းလီမိတက်မှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၅၆၂ သန်း တန်ဖိုးရှိ ရေထွက်ပစ္စည်း ကုန်တန်ချိန် ၁၉၂၀ ဒသမ ၇၃၆ တန်ကို ထိုင်းနိုင်ငံသို့ တင်ပို့ရောင်းချခဲ့ပြီး နိုင်ငံခြားဝင်ငွေရရှိစေရန်အတွက် သမဝါယမကုန်သွယ်မှုကဏ္ဍက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်းခွင့်ပြုငွေဖြင့် အောက်ဖော်ပြပါပစ္စည်းကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | Lot No | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|---|
| ၁ | Lot(1) | LCD Laser Projector | ၁ လုံး |
| | | Hi Bright Portable Projector | ၄ လုံး |
| ၂ | Lot(2) | Laptop Computer | ၅၀ လုံး |
| | | Desktop Computer | ၅၀ လုံး |

(က) **တင်ဒါပုံစံရောင်းချမည့်ရက်/အချိန်** - ၂၅-၄-၂၀၂၂ ရက်မှ ၂-၅-၂၀၂၂ ရက်ထိ နံနက် ၉:၃၀ နာရီမှ ညနေ ၁၆:၃၀ နာရီထိ

(ခ) **တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်/အချိန်** - ၂-၅-၂၀၂၂ ရက်၊ (တနင်္လာနေ့) ၁၆:၃၀ နာရီ

(ဂ) **တင်ဒါဖွင့်လှစ်မည့်ရက်** - ၉-၅-၂၀၂၂ ရက်၊ (တနင်္လာနေ့)

(ဃ) **တင်ဒါပုံစံဝယ်ယူ/တင်သွင်းရမည့်နေရာ** - ရုံးအမှတ်(၁၂)၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

(င) **တင်ဒါဖွင့်ပွဲကျင်းပမည့်နေရာ** - ရုံးအမှတ်(၁၂)၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

၂။ အသေးစိတ်သိရှိလိုပါက ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ နေပြည်တော်၊ ဖုန်း- ၀၆၇၃-၄၀၇၂၂၀၊ ၀၆၇၃-၄၀၇၅၉၃နှင့် ၀၆၇၃-၄၀၇၃၂၃ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

# လမ်းဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးမှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေဖြင့် လမ်း၊ တံတားလုပ်ငန်းများကို တင်ဒါစနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်ပါ၍ မြန်မာနိုင်ငံသားတိုင်းရင်းသားလုပ်ငန်းရှင်များအား တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

**တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်/အချိန်** - ၂-၅-၂၀၂၂ ရက်၊ (ရုံးချိန်အတွင်း)

**တင်ဒါလျှောက်လွှာအရောင်းပိတ်မည့်ရက်/အချိန်** - ၁၂-၅-၂၀၂၂ ရက်၊ မွန်းတည့် ၁၂:၀၀ နာရီ

**တင်ဒါလျှောက်လွှာတင်သွင်းရမည့်ရက်/အချိန်** - ၁၆-၅-၂၀၂၂ ရက်၊ (ရုံးချိန်အတွင်း)

**တင်ဒါဖွင့်ပွဲကျင်းပမည့်ရက်/အချိန်** - ထပ်မံကြေညာပါမည်

**တင်ဒါလျှောက်လွှာဝယ်ယူရမည့်နေရာ** - ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ လမ်း၃၀၊ ၇၀x၇၁ လမ်းကြား၊ မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့

၂။ တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးအဖွဲ့**
**ဖုန်း-၀၂-၄၀၃၉၁၈၄၊ ၀၂-၄၀၃၉၁၈၆**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇စယ/၈၃၅၇၁ ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ကျော်စိုး ၁၀/မလမ(နိုင်)၁၃၈၂၅၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၃၀ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၅ယ/၄၈၄၂၈ ယာဉ်လက်ဝယ်ရှိသူ ဒေါ်နီနီဦး ၁၀/ရမန(နိုင်)၁၅၇၉၅၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၃၀ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့**

# အများသိစေရန် ကြေညာအပ်ပါသည်

မော်လမြိုင်မြို့၊ ဘိုကုန်းရပ်ကွက်၊ အောက်လမ်းမကြီး၊ အမှတ်(၅၈၂)နေ ဒေါ်မိမိငယ် ၁၀/ရမန(နိုင်)၀၄၂၉၁၀ မှ အများသိစေရန်ကြေညာအပ်ပါသည်။ မော်လမြိုင်မြို့၊ မောင်ငံရပ်ကွက်၊ အောက်လမ်းမကြီး၊ အကွက်အမှတ်(၆၈)၊ ဦးပိုင်အမှတ်(၁၀၀)၊ ဧရိယာ ၀ ဒသမ ၀၇၄ ဧကအနက် ဧရိယာ ၀ ဒသမ ၀၃၇ ဧကရှိ ဘိုးဘပိုင်မြေကွက်သည် မြေစာရင်းဦးပိုင်(၁-က)မှတ်ပုံတင်စာရင်းအရ ဒေါ်မြင့်အေးအမည်ဖြင့် အမည်ပေါက်ပိုင်ဆိုင်လျက်ရှိပြီး ဒေါ်မြင့်အေးသည် ၎င်းကိုယ်စား အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၂၈၅/၂၀၁၉)အရ ဦးအောင်တိုးလှိုင် လွှဲအပ်ပေးပြီး ၎င်းမှ ကျွန်မ ဒေါ်မိမိငယ်အား မြေသက်သက်အရောင်းအဝယ်စာချုပ်မှတ်ပုံတင်အမှတ် (၃၃၉/၂၀၂၀)အရ ရောင်းချပေးခဲ့သဖြင့် ကျွန်မမှ တရားဝင်ပိုင်ဆိုင်မှုအပေါ် မူလအမည်မှ ကျွန်မအမည်သို့ ပြောင်းလဲပေးပါရန် သက်ဆိုင်ရာမော်လမြိုင်မြို့နယ်၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနသို့ လျှောက်ထားမှုအပေါ် ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုအထောက်အထားခိုင်လုံစွာဖြင့် ကျွန်မထံသော်လည်းကောင်း၊ ရုံးဌာနအသီးသီးသော်လည်းကောင်း ကြေညာသည့်ရက်မှစ၍ ၁၄ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ကြေညာသူ-
**ဒေါ်မိမိငယ်**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ စီမံရေးဌာန၊ ကောင်းကင်ဓာတ်အား လိုင်းဌာနခွဲမှ ၂၀၂၂ - ၂၀၂၃ ဘဏ္ဍာရေးနှစ် အတွင်းတိုးချဲ့လုပ်ငန်းဖြစ်သော ၆၆/၃၃ ကေဗွီ (၃၀) အမ်ဗွီအေ ရွှေပေါက်ကံဓာတ်အားခွဲရုံမှ (၃၃)ကေဗွီ မြောက်ဥက္ကလာပဓာတ်အားခွဲရုံသို့ ဓာတ်အားပေးနိုင်ရန်အတွက်(၃၃)ကေဗွီ ကောင်းကင်ဓာတ်အားလိုင်း (၃.၅)မိုင်ခန့်အား 33 kV SAC 240 mm² ဖြင့်တည်ဆောက်ခြင်းလုပ်ငန်းအတွက်လိုအပ်သော ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ တင်ဒါပုံစံနှင့်အချက်အလက်များကိုဌာနမှသတ်မှတ်နှုန်းထားအတိုင်း(၂၅.၄.၂၀၂၂) ရက်နေ့မှ စတင်ဝယ်ယူ၍ သတ်မှတ်ရက်အတွင်း လျှောက်ထားရမည်။

၃။ တင်ဒါပိတ်ရက်မှာ(၁၀.၅.၂၀၂၂)ရက်နေ့၊(၁၄ : ၀၀)နာရီဖြစ်ပြီး အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း၊ ၀၁-၂၂၀၈၁၆ ဖုန်းနံပါတ်သို့ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း အိတ်ဖွင့်တင်ဒါအမှတ်စဉ်(၁/၂၀၂၂-၂၀၂၃)

လမ်းဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၄)၊ လမ်းအထူးအဖွဲ့ (၉)၊ မိတ္ထီလာမှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုငွေလုံးငွေရင်း (မူလ) နှင့်တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေတို့ဖြင့် မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဆောင်ရွက်မည့် လမ်းလုပ်ငန်းများအတွက် အသုံးပြုရန်လိုအပ်သော ဒီဇယ်ဆီ၊ ကတ္တရာ၊ ကျောက်ရွယ်စုံ၊ သဲနှင့်ကျောက်ရောမြေတို့အား လုပ်ငန်းခွင်အရောက် လမ်းအလိုက်၊ Lot အလိုက် (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်-

**တင်ဒါလျှောက်လွှာပုံစံစတင်ရောင်းချမည့်ရက်/အချိန်** - ၂၉-၄-၂၀၂၂ ရက်၊ (သောကြာနေ့)၊ (ရုံးချိန်အတွင်း)

**တင်ဒါလျှောက်လွှာအရောင်းပိတ်မည့်ရက်/အချိန်** - ၁၇-၅-၂၀၂၂ ရက်၊ (အင်္ဂါနေ့)၊ ၁၅:၀၀ နာရီ

**တင်ဒါဖွင့်မည့် ရက်/အချိန်** - ၁၉-၅-၂၀၂၂ ရက်၊ (ကြာသပတေးနေ့)၊ ၀၉:၀၀ နာရီ

**တင်ဒါလျှောက်လွှာပုံစံရောင်းချတင်သွင်းစိစစ်ရွေးချယ်မည့်နေရာ** - ဒုညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ လမ်းအထူးအဖွဲ့(၉)၊ မိတ္ထီလာမြို့

တင်ဒါလျှောက်လွှာပုံစံနှင့်တင်ဒါစည်းကမ်းချက်များအား ဒုညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ လမ်းအထူးအဖွဲ့(၉) ၊ မိတ္ထီလာမြို့တွင် ၂၉-၄-၂၀၂၂ရက်မှစတင်၍ ရုံးချိန်အတွင်းဖုန်း-၀၆၄-၂၃၁၁၈ သို့ဆက်သွယ်စုံစမ်းမေးမြန်းဝယ်ယူနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

# နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဇမ္ဗူသီရိအထူးကုဆေးရုံကြီး အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ဇမ္ဗူသီရိအထူးကုဆေးရုံကြီး အတွက် ဆေးရုံသုံးစက်ပစ္စည်းများ၊ Air -Conditioner (2HP) (၅၀)လုံးနှင့် Autovoltage Regulator (60KVA)(၂)လုံး၊ ရုံးသုံးစက်ကိရိယာများနှင့်ရုံးသုံးပရိဘောဂများအား ဝယ်ယူခြင်းလုပ်ငန်း ဆောင်ရွက်ရန်အတွက် Lot(၆) ခုခွဲ၍ တင်ဒါခေါ်ယူမည်ဖြစ်ပါသဖြင့် အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ (က) **တင်ဒါပုံစံစတင်ထုတ်ပေးမည့်ရက်** - ၉-၅-၂၀၂၂ရက်

(ခ) **တင်ဒါပိတ်မည့်ရက်/အချိန်** - ၁၀-၆-၂၀၂၂ရက်၊ ၁၅:၀၀နာရီ

(ဂ) **တင်ဒါတင်သွင်းရမည့်နေရာ** - အုပ်ချုပ်မှုဌာန၊ ဇမ္ဗူသီရိအထူးကုဆေးရုံကြီး

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့်စည်းကမ်းချက်များအား ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် မေးမြန်းစုံစမ်းဝယ်ယူနိုင်ပါသည်-

- ဇမ္ဗူသီရိအထူးကုဆေးရုံကြီး၊ ပျဉ်းမနား-တောင်ညိုကားလမ်း၊ ဇီဇဝါပန်းဝိုင်းအနီး၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်။
- ဆက်သွယ်ရန်ဖုန်း-၀၆၇-၅၅၀၁၅၁၊ ၀၆၇-၅၅၀၁၅၃၊ ၀၉-၆၆၉၈၆၇၈၇၉။
- တင်ဒါကြော်ငြာအား နေပြည်တော်စည်ပင်သာယာရေးကော်မတီ Website www.nptdc.gov.mm တွင်လည်း ကြေညာမည်ဖြစ်ပါသည်။

**တင်ဒါကော်မတီ**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

# လမ်းဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး တင်ဒါခေါ်ယူခြင်း

၁။ လမ်းဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အထူးအဖွဲ့/ခရိုင်များမှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စု/တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေများဖြင့် လမ်းလုပ်ငန်းများဆောင်ရွက်ရန်လိုအပ်သည့် (၆၀/၇၀) နှင့်(၈၀/၁၀၀) အမျိုးအစား ကတ္တရာများကို(မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန်ဖိတ်ခေါ်အပ်ပါသည်။

**တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်/အချိန်** - ၂-၅-၂၀၂၂ရက် ၊ (ရုံးချိန်အတွင်း)

**တင်ဒါလျှောက်လွှာအရောင်းပိတ်မည့်ရက်/အချိန်** မွန်းတည့်၁၂:၀၀နာရီ - ၁၂-၅-၂၀၂၂ရက်၊

**တင်ဒါလျှောက်လွှာတင်သွင်းရမည်ရက်/အချိန်** - ၁၆-၅-၂၀၂၂ရက်၊ (ရုံးချိန်အတွင်း)

**တင်ဒါဖွင့်ပွဲကျင်းပမည့်ရက်/အချိန်** - ထပ်မံကြေညာပါမည်။

**တင်ဒါလျှောက်လွှာဝယ်ယူရမည့်နေရာ** - ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး လမ်းဦးစီးဌာန၊ လမ်း၃၀၊ ၇၀x၇၁လမ်းကြား၊ မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့

၂။ တင်ဒါလျှောက်လွှာပုံစံနှင့်စည်းကမ်းချက်များကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

**ကတ္တရာတင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**ဖုန်း-၀၂-၄၀၃၉၁၈၄၊ ၀၂-၄၀၃၉၁၈၆**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထား လျှောက်လွှာခေါ်ယူခြင်း ၂၀၂၂ ခုနှစ်၊ ဧပြီလ ၉ ရက်

၁။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထား၊ ဘဏ္ဍာရေးဌာန၊ ရုံးချုပ်(နေပြည်တော်)တွင် လစ်လပ်လျက်ရှိသော လစာနှုန်းကျပ် (၁၉၈,၀၀၀-၂,၀၀၀-၂၀၈,၀၀၀) စာရင်းစစ်(၃)ပစ္စည်းစာရင်း ရာထူး(၆)နေရာအတွက် အောက်ဖော်ပြပါ သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။ လုပ်ငန်းသဘာဝအရ အမျိုးသားများသာ လျှောက်ထားရန်ဖြစ်ပါသည်။

(ခ) လျှောက်လွှာပိတ်သည့် ၂၉-၄-၂၀၂၂ ရက်နေ့၌ အသက် (၂၇)နှစ်၊ (ဝန်ထမ်းဖြစ်ပါက (၃၅)နှစ်ထက် မကျော်လွန်သူ)ဖြစ်ရမည်။

(ဂ) စီးပွားရေးတက္ကသိုလ် (သို့) အဝေးသင်တက္ကသိုလ်များမှ စီးပွားရေးဆိုင်ရာ တစ်ခုခုမှ ဘွဲ့ရရှိသူ ဖြစ်ရမည်။

(ဃ) အင်္ဂလိပ်စာ၊ ကွန်ပျူတာ အခြေခံတတ်ကျွမ်းသူများကို ဦးစားပေးခန့်ထားပါမည်။

၂။ ကိုယ်ရေးလျှောက်လွှာတွင် မိဘအမည်၊ ဆက်သွယ်ရန်လိပ်စာ၊ ဖုန်းနံပါတ်များကို ပြည့်စုံစွာ ဖော်ပြပေးခြင်းနှင့်အတူ အောက်ပါတို့ကို ပူးတွဲပေးပို့ရမည်-

(က) (၁)လအတွင်း ရိုက်ကူးထားသော (၁" x ၁.၂၅")အရွယ် ကာလာဓာတ်ပုံ (၃)ပုံ၊ (နောက်ကျောတွင်အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ရေးသားရန်)

(ခ) နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူ၊

(ဂ) တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူ၊ ဘွဲ့ရလက်မှတ်မိတ္တူနှင့် အခြားဘာသာရပ်ဆိုင်ရာတတ်မြောက်ကြောင်း အသိအမှတ်ပြုလက်မှတ် အထောက်အထားမိတ္တူများ၊

(ဃ) နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက် လျှောက်လွှာမတင်မီရက်သတ္တနှစ်ပတ်အတွင်း ပြစ်မှုကင်းရှင်းကြောင်းနှင့် အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ မြို့နယ်ရဲတပ်ဖွဲ့ထောက်ခံချက်မူရင်းနှင့် နိုင်ငံ့ဝန်ထမ်းဖြစ်ပါက ဌာနအကြီးအကဲ၏ ထောက်ခံချက်မူရင်း။

၃။ စာရွက်စာတမ်းမပြည့်စုံသော လျှောက်လွှာများနှင့် သတ်မှတ်ရက် ကျော်လွန်သော လျှောက်လွှာများအား လက်ခံစဉ်းစားမည်မဟုတ်ပါ။

၄။ လျှောက်လွှာတင်ပြခြင်းနှင့် ဖြေဆိုခွင့်ကတ်ပြားထုတ်ယူခြင်းများကို (၂၉-၄-၂၀၂၂)ရက်နေ့ (၀၉:၃၀)နာရီမှ (၁၆:၀၀)နာရီအတွင်း မြန်မာ့မီးရထား၊ ရုံးချုပ်(နေပြည်တော်)၊ ဘဏ္ဍာရေးဌာနတွင် ကာယကံရှင်ကိုယ်တိုင် နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်း)၊ အလုပ်သမားမှတ်ပုံတင်ကတ်ပြား (မူရင်း)၊ ပညာအရည်အချင်းနှင့် ဘာသာရပ်ဆိုင်ရာ အသိအမှတ်ပြုလက်မှတ်အထောက်အထား (မူရင်းများ)နှင့်အတူ လာရောက်၍ ဆက်သွယ်ကြရန်ဖြစ်ပါသည်။

၅။ ရေးဖြေစာမေးပွဲ၊ လူတွေ့စစ်ဆေးခြင်းနှင့် ကွန်ပျူတာကျွမ်းကျင်မှုစစ်ဆေးခြင်းတို့အား မြန်မာ့မီးရထား(ရုံးချုပ်)တည်ရှိရာ နေပြည်တော်ဘူတာကြီး၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်၌ အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်-

(က) ၃-၅-၂၀၂၂ ရက်နေ့၊ နံနက် (၁၀:၀၀)နာရီမှ (၁၂:၀၀)နာရီအထိ ရေးဖြေစာမေးပွဲ (မြန်မာစာ၊ အင်္ဂလိပ်စာ၊ အထွေထွေဗဟုသုတမေးခွန်းလွှာ) အား ဖြေဆိုခြင်း။

(ခ) ၅-၅-၂၀၂၂ ရက်နေ့ (နေ့လယ်ပိုင်း) တွင် လူတွေ့စစ်ဆေးခြင်းနှင့် ကွန်ပျူတာကျွမ်းကျင်မှု စစ်ဆေးခြင်း။

၆။ ရေးဖြေ/လူတွေ့စစ်ဆေးမှုများ ပြုလုပ်ပြီးပါက ရွေးချယ်ခံရသူများအား ဌာနက တိုက်ရိုက် ဆက်သွယ်အကြောင်းကြားသွားမည်ဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက မြန်မာ့မီးရထား၊ (ရုံးချုပ်)နေပြည်တော်၊ တယ်လီဖုန်းနံပါတ် ၀၆၇-၇၇၀၃၈ ၊ ၀၆၇-၇၇၁၃၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

# ဆောက်လုပ်ရေးဝန်ကြီးဌာန ၊ လမ်းဦးစီးဌာန ရန်ကုန်အရှေ့ပိုင်းခရိုင် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း အိတ်ဖွင့်တင်ဒါအမှတ်(၁/၂၀၂၂-၂၀၂၃)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ ရန်ကုန်အရှေ့ပိုင်းခရိုင်မှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း တိုင်းဒေသကြီး ရန်ပုံငွေဖြင့် တာဝန်ယူဆောင်ရွက်မည့် လမ်း/တံတား၊ အဆောက်အအုံလုပ်ငန်းများ ဆောင်ရွက်ရန်လိုအပ်လျက်ရှိသော လမ်းခင်းပစ္စည်းများနှင့် လုပ်ငန်းသုံးပစ္စည်းများကို လုပ်ငန်းခွင်အရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါ (Open Tender)တင်သွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

၂။ **တင်ဒါလျှောက်လွှာစတင်ရောင်းချမည့် ရက်/နေရာ** - ၂၇-၄-၂၀၂၂ရက်၊ (ဗုဒ္ဓဟူးနေ့)၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ရန်ကုန်အရှေ့ပိုင်းခရိုင်

၃။ **တင်ဒါလျှောက်လွှာပိတ်မည့်ရက်** - ထပ်မံကြေညာပါမည်။

၄။ **တင်ဒါဖွင့်ပွဲကျင်းပမည့်ရက်/အချိန်** - ထပ်မံကြေညာပါမည်

**တင်ဒါဖွင့်ပွဲကျင်းပမည့်နေရာ** - လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ရန်ကုန်အရှေ့ပိုင်းခရိုင်

၅။ အသေးစိတ်သိရှိလိုပါက လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ရန်ကုန်အရှေ့ပိုင်းခရိုင်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၅၅၆၀၇၅၊ ၀၁-၅၅၅၆၇၇ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၀ယ/၇၆၇၆၇ ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဝင်းလှ ၁၀/မဒန(နိုင်)၀၈၈၇၁၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၃၀ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၁ယ/၂၃၆၅၆ ယာဉ်လက်ဝယ်ရှိသူ ဒေါ်ယမုံဖူး ၁၀/မလမ(နိုင်)၂၃၆၇၂၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၃၀ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 63W/11956 Honda Wave 110 ယာဉ်လက်ဝယ်ရှိသူ ဦးနေလင်းထွန်း ၉/သစန(နိုင်)၁၅၇၁၇၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၃၀ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန(မိတ္ထီလာခရိုင်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၁ယ/၂၆၂၉၁ ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကိုမြတ် ၁၀/သထန(နိုင်)၁၁၆၀၀၁ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၃၀ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ဦးစီးမှူးရုံး မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၅ယ/၈၀၈၈၈ ယာဉ်လက်ဝယ်ရှိသူ ဒေါ်ပွင့်သဇင်ထွန်း ၁၀/မဒန(နိုင်)၂၀၆၅၉၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၃၀ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ဦးစီးမှူးရုံး မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၅ယ/၂၀၄၅၃ ယာဉ်လက်ဝယ်ရှိသူ ဦးသန်းစိုးထွေး ၁၀/မဒန(နိုင်)၀၈၃၁၄၅ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက် အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၃၀ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ဦးစီးမှူးရုံး မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် MON/4266 ယာဉ်လက်ဝယ်ရှိသူ ဦးပြည့်ဖြိုးအောင် ၁၀/မဒန(နိုင်)၂၃၀၁၂၂ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါ သည်။ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၃၀ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ဦးစီးမှူးရုံး မော်လမြိုင်မြို့**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ဥတ္တရသီရိမြို့၊ ဇဝနသိဒ္ဓိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂/ဥတ္တရ သီရိ အလယ်ရပ် မြေဧရိယာ ၀ ဒသမ ၀၅၅ ဧက၊ မြေကွက်အမှတ်(ဥ-၇၁၆၉)၊ ဒေါ်ပေါက်စ(ဘ)ဦးမြစ် PMA-၂၃၆၅၅၅ အမည်ပေါက် ပါမစ်မြေကွက်ကို ဦးကိုလင်း- ဒေါ်တင်တင်စိုး(ဘ) ဦးကုလား၊ ဦးမြသိန်း ၉/ပမန(နိုင်) ၂၀၂၉၀၇၊ ၉/ပမန(နိုင်) ၂၀၂၉၆၅မှ မြေပေးမိန့်မူရင်း၊ မြေကွက်အရောင်းအဝယ်ကတိစာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူတရားရုံးကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများ တင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ဒေါ်ဝင်းဝင်းမြင့်(Lily Shein)
### အသက်(၇၀)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဗဟိုလမ်း၊ သဇင်ဂေဟာနေ(သခင်ဝါရှိန်-ဒေါ်အေးကြည်)(ဒေါ်ရီရီ)တို့၏သမီး၊ (ဦးကြည်-ဒေါ်ကြည်) တို့၏ချွေးမ၊ ဦးတင်ဟန်(ညွှန်ကြားရေးမှူး-ငြိမ်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန)၏ ချစ်လှစွာသောဇနီး၊ ဒေါက်တာ သူရိန်ဝင်း ( Senior Lecturer, University of West of England, UK)၊ ဒေါက်တာစန္ဒာဝင်း(Associate Professor, Coventry University, UK) တို့၏ ချစ်လှစွာသောမိခင်၊ ဦးခင်မောင်ဗိုလ်(ပန်းချီပညာရှင်)-ဒေါ်နီလာဝင်း(MRTV-4)၊ ဦးခင်မောင်ဌေး(Co.Founder and Director of Forever Group)-ဒေါ်သီတာလွင်၊ C/E ဦးမောင်မောင်မြင့်(MTM Co.,Ltd)-ဒေါ်အေးအေးမြင့်(Amy Shein)တို့၏ အစ်မကြီး၊ မောင်ကောင်းထက်စွမ်း၊ မောင်ထက်မြက်ထွန်း၊ မောင်ဌေးမင်းအောင်ပိုင်၊ မစုမြတ်လွင်တို့၏ ကြီးကြီးသည် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့၊ Bangkok Hospital နှင့် Golden Jubilee Medical Center တို့တွင် ဆေးဝါး ကုသမှုခံယူစဉ် ၂၂-၄-၂၀၂၂ရက်(သောကြာနေ့) ဒေသစံတော်ချိန် ည ၉:၂၈ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၄-၂၀၂၂ရက်(အင်္ဂါနေ့) ညနေ ၃နာရီတွင် ထိုင်းနိုင်ငံရှိ Wat Puranawat ဘုန်းတော်ကြီးကျောင်း၌ ဗုဒ္ဓဘာသာထုံးတမ်းအစဉ်အလာနှင့်အညီ မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်မျိုးသန္တာကြည်
### အသက်(၄၆)နှစ်

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့၊ (၁၅)ရပ်ကွက်နေ(ဦးမြမောင်-ဒေါ်မြသန်း)တို့၏သမီး၊ ပဲခူးတိုင်းဒေသကြီး၊ သုံးဆယ်မြို့နေ (ဆရာဦးလှထွန်း)-ဆရာမ ဒေါ်လှလှတို့၏ သမီးချွေးမ၊ မွန်ပြည်နယ်၊ ဘီးလင်းမြို့၊ ကန်သာယာရပ်ကွက်၊ အောင်ချမ်းသာကွက်သစ်နေ ဒုတိယဗိုလ်မှူးကြီး အောင်သိုက်ထွန်း(ငြိမ်း)(တာဝန်ခံCHID Bank မော်လမြိုင်ဘဏ်ခွဲ)၏ဇနီး၊ မောင်ခန့်မင်းထွန်း၊ မောင်မြတ်ထွန်းခန့်၊ မောင်ထိန်လင်းထွန်း တို့၏ မွေးသမိခင်ကျေးဇူးရှင်သည် ၂၃-၄-၂၀၂၂ရက်(စနေနေ့)နံနက် ၇ နာရီတွင် (၉၆)ပါးသော ရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၂၅-၄-၂၀၂၂ရက် မွန်းလွဲ ၁နာရီတွင် ဘီးလင်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုး မိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## သက်ဆိုင်သူ မော်တော်ယာဉ်အမှတ် (3I/1244)၏ ယာဉ်ပိုင်ရှင်နှင့် အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ရီရီတင့် ၁၄/လမန(နိုင်) ၀၆၂၇၄၉ အမှတ်(၁၂)၊ ဗိုလ်ရွဲလမ်း၊ (၈)ရပ်ကွက်၊ လသာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ၏ လွှဲအပ်ညွှန်ကြားချက်အရ အထက်ပါ ယာဉ်ပိုင်ရှင်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။ အထက်ဖော်ပြပါ Toyota Crown မော်တော်ယာဉ် 3I/1244ယာဉ်ပိုင်ရှင်၏ အမည်စာရင်းတွင် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ရီရီတင့် ၁၄/လမန(နိုင်) ၀၆၂၇၄၉အမှတ်(၁၂)၊ ဗိုလ်ရွဲလမ်း၊ (၈)ရပ်ကွက်၊ လသာမြို့နယ်ဟု အမည်ပေါက်နေသော်လည်း အဆိုပါမော်တော်ယာဉ်မှာ ဒေါ်ရီရီတင့် လုံးဝပိုင်ဆိုင် ပတ်သက်မှု မရှိသော မော်တော်ယာဉ်ဖြစ်ပါသည်။ သို့ပါသောကြောင့် အဆိုပါမော်တော်ယာဉ်အမှတ် 3I/1244နှင့် ပတ်သက်သမျှသော ကိစ္စအဝဝမှာ ဒေါ်ရီရီတင့်နှင့် လုံးဝမသက်ဆိုင်ပါကြောင်း၊ ဒေါ်ရီရီတင့်တွင် အဆိုပါကားနှင့်ပတ်သက်၍ လုံးဝတာဝန်မရှိပါကြောင်း သက်ဆိုင်သူယာဉ်ပိုင်ရှင်နှင့်သာ သက်ဆိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ မည်သူမဆို ဒေါ်ရီရီတင့်၏ခွင့်ပြု သဘောတူညီချက်မရရှိဘဲ ဒေါ်ရီရီတင့်အမည်နှင့် လိပ်စာအား အလွဲသုံးစားမပြုလုပ်ကြပါရန်နှင့် ဆောင်ရွက်ခြင်းပြုပါက ဥပဒေနှင့်အညီ ဆောင်ရွက်မည်ဖြစ်ကြောင်း သက်ဆိုင်သူယာဉ်ပိုင်ရှင်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမြင့်ဦး(LL.B)ဥပဒေတွဲ့
တရားလွှတ်တော်ရှေ့နေ(စဉ်-၇၇၆၅)
အမှတ်(၁၄/+၁)၊ ပန်းပင်ကြီးလမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၅၁၈၈၅၆၄

## ပြင်ဆင်ဖတ်ရှုပါရန်

၁၉-၄-၂၀၂၂ရက်ထုတ် ဤသတင်းစာ စာမျက်နှာ (၂၃)ပါ တရားလွှတ်တော်ရှေ့နေ ဒေါ်ဇင်မာဦး ကြော်ငြာတွင် အကွက်အမှတ်(၇) အစား အကွက်အမှတ်(ရ)ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## သတိပေး နှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ် စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦး ထက်ပိုမို စီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေး နှိုးဆော်အပ် ပါသည်။

နေပြည်တော် ယာဉ်စည်းကမ်း ထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၂)ရပ်ကွက်၊ သုဇာတာ(၁၀)လမ်း၊ အမှတ်(၇၈၇)၊ ပထမထပ်(ခြေရင်း ခန်း)၊ အကျယ်အဝန်း (၁၂ x ၅၀)ပေရှိ တိုက်ခန်းအပါအဝင် ၎င်းတိုက်ခန်း နှင့် သက်ဆိုင်သော အကျိုးခံစားခွင့်အားလုံးတို့ကို ဒေါ်ကြူကြူစော(N/OKA-၀၁၅၈၅၂)ထံတွင် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက သတ်မှတ်ရက်ကျော်လွန်ပြီး နောက်ပိုင်း အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်စုစုခိုင်(LL.B, D.B.L,D.I.L)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၅၅၃)
တိုက်(၁၀/၁၂)၊ပထမထပ်၊ အခန်း(၁၀၄/H)၊ ၃၅လမ်း(အောက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၇၃၀၂၆၁၉၉၊
၀၉-၄၄၃၀၂၆၁၉၉

## ဒေါ်မေသွယ်ထူး ၁၃/ကမန(နိုင်)၁၀၁၆၃၂နှင့် အများသိစေရန် အသိပေးကြေညာခြင်း

ကျောက်မဲမြို့၊ (၁)ရပ်ကွက်၊ ချယ်ရီလမ်း၊ အိမ်အမှတ် (၈၃-ခ)နေ ဦးနိုင်အောင်လတ်(ဘ)ဦးသိန်းနိုင် ၁၃/ကမန (နိုင်) ၁၂၈၀၄၇၏လွှဲအပ်ချက်အရ ဒေါ်မေသွယ်ထူး(ဘ)ဦးကျော်ဝင်း ၁၃/ကမန(နိုင်) ၁၀၁၆၃၂နှင့် အများသိစေရန် အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးနိုင်အောင်လတ်နှင့် ဒေါ်မေသွယ်ထူးတို့သည် ဗုဒ္ဓဘာသာ ဓလေ့ထုံးတမ်းနှင့်အညီ (၁-၁၁-၂၀၁၅)ရက်တွင် လက်ထပ်ထိမ်းမြားခဲ့ပြီးဦးနိုင်အောင်လတ်၏နေအိမ်ဖြစ်သော အိမ်အမှတ်(၈၃-ခ)၊ ချယ်ရီလမ်း၊ (၁)ရပ်ကွက်၊ ကျောက်မဲမြို့နေအိမ်တွင် အတူပေါင်းသင်းနေထိုင်ခဲ့ကြပါသည်။ (၁၆-၁၀-၂၀၁၆)ရက်တွင် ဒေါ်မေသွယ်ထူးသည် ပေါင်းသင်းနေထိုင်ရာနေအိမ်မှ ၎င်း၏ သဘောဆန္ဒအရ ဆင်းသွားခဲ့ပြီး ကျွန်ုပ်၏မိတ်ဆွေ ဦးနိုင်အောင်လတ်အား အကြောင်းမဲ့စွန့်ပစ်ခဲ့ပါသည်။ ဒေါ်မေသွယ်ထူး စွန့်ပစ်ခဲ့သည့် (၁၆-၁၀-၂၀၁၆)ရက်မှ ယခုလက်ရှိအချိန်ထိ (၆)နှစ်တာကာလအတွင်းစွန့်ပစ်ခံရသူ ဦးနိုင်အောင်လတ်နှင့်နေအိမ်မှ အကြောင်းမဲ့ဆင်းသွားသည့် စွန့်ပစ်သူ ဒေါ်မေသွယ်ထူးတို့အကြား အဆက်အသွယ်တစ်စုံတစ်ရာမရှိသကဲ့သို့ မည်သည့်ပတ်သက်မှုမျိုးမှလည်းမရှိခဲ့ပါ။ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးနိုင်အောင်လတ်မှ (၆)နှစ်ကြာ အကြောင်းမဲ့စွန့်ပစ်ခံရသူဖြစ်သည့်အတွက် စွန့်ပစ်သူ ဒေါ်မေသွယ်ထူးနှင့် လင်မယားအဖြစ် ပေါင်းသင်းရန် ဆန္ဒမရှိတော့ပါ။

သို့ဖြစ်ပါ၍ ယနေ့အချိန်မှစတင်၍ ဒေါ်မေသွယ်ထူးနှင့် ဦးနိုင်အောင်လတ်တို့သည် လင်ခန်းမယားခန်း ပြတ်စဲပြီဖြစ်ကြောင်းနှင့် နောက် နောင် တစ်ဦးနှင့်တစ်ဦး မည်သို့မျှ ပတ်သက်ဆက်နွှယ်ရန် အကြောင်းမရှိတော့ကြောင်း စွန့်ပစ်ခံရသူ ဦးနိုင်အောင်လတ်(ဘ)ဦးသိန်းနိုင် ၁၃/ကမန(နိုင်) ၁၂၈၀၄၇၏ လွှဲအပ်ချက်အရ ဒေါ်မေသွယ်ထူး(ဘ)ဦးကျော်ဝင်း ၁၃/ကမန(နိုင်) ၁၀၁၆၃၂နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

ဦးနိုင်အောင်လတ်၏ လွှဲအပ်ချက်အရ-
ဦးအောင်သူကျော်(LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၃၈၀/၂၀၁၇)
အမှတ်(၈/၁၁)၊ အောင်ဆန်းလမ်း၊ (၈)ရပ်ကွက်၊ ကျောက်မဲမြို့

## ဘုရား၊ စေတီ၊ ရဟန်း၊ သိမ်၊ ကျောင်း အလှူရှင် ဒါယကာကြီး
## ဦးစိန်လှ
### B.A.B.L,D.I.R, D.M.A
### နိုင်ငံတော်ကောင်စီဥပဒေအကြံပေး

နိုတြီ ပဗ္ဗလစ်နှင့် တရားလွှတ်တော်ရှေ့နေ(စဉ် ၉၂၃)
ရှေ့နေချုပ်ရုံး၊ ဒုတိယ ညွှန်ကြားရေးမှူး(အငြိမ်းစား)

### အသက်(၉၀)နှစ်

ရန်ကုန်မြို့နေ(ဦးဘသန်း-ဒေါ်သန်းစိန်)တို့၏သား၊ ဦးဣန္ဒြေဘာသ၊ ဦးသောင်းရွှေတို့၏အစ်ကို၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြားရိပ်သာလမ်း၊ အမှတ် ၈ နေ ဒေါ်သောင်းတင် (တရားလွှတ်တော်ရှေ့နေ)၏ ချစ်လှစွာသော ခင်ပွန်း၊ (ဒေါ်လှမြတ်သူ)၊ ဦးထွန်းတင့်-ဒေါ်လှမြတ်ဇော်၊(ဦးလှမြတ်အောင်)တို့၏ ဖခင်၊ မြေးသုံးယောက်၊ မြစ်နှစ်ယောက်တို့၏ ချစ်လှစွာသော အဘိုးသည် ၂၄-၄-၂၀၂၂ရက် နံနက် ၂:၄၅ နာရီတွင် အာရှတော်ဝင်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၄-၂၀၂၂ရက် (အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်းရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉:၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ခရစ်တော်၌ အိပ်ပျော်ခြင်း
## ဦးစောရှား(လ်)မိန်းလှ
### U Saw Charlemange Hla

ရန်ကုန်တက္ကသိုလ်(အင်္ဂလိပ်စာဌာန)၊ အကြံပေးအရာရှိ(ငြိမ်း)
ကျုံဒိုးမြို့ အထကကျောင်းအုပ်ဟောင်း
အထက(၄) မင်္ဂလာတောင်ညွန့်(အထပြ-ငြိမ်း)

### အသက်(၈၈)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/ရှေ့ရပ်ကွက်၊ ဒေါ်သိန်းတင်လမ်း၊ အမှတ်(၁၇) ၅လွှာနေ(ဦးစောအေးလှ-ဒေါ်နော်အားပု)တို့၏သား၊ (ဒေါ်ခင်ထားနွဲ့(ခ) Shirley Whet)၏ ခင်ပွန်း၊ ဦးတင်အောင်စိုး-(IT-Consultant)၊ ဒေါ်မြစန္ဒာ-ဦးကျော်သက်ဝင်း(2nd officer, Myanmar Aurora)၊ ဦးမျိုးသန့်စိုး-ဒေါ်နီလာဝင်းတို့၏ဖခင်၊ မောင်မျိုးမင်းခန့်၊ မောင်မျိုးဆက်နိုင်၊ မကြည်ဖြူစင်၊ မောင်ကောင်းထက်ကျော်၊ မောင်ထူးမြတ်အောင်တို့၏ အဘိုးဖြစ်သူ ဦးစောရှား(လ်)မိန်းလှသည် ၂၄-၄-၂၀၂၂ရက် နံနက် ၉:၃၀ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂၆-၄-၂၀၂၂ရက် (အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ ခရစ်ယာဉ်ထုံးတမ်းစဉ်လာနှင့်အညီ ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

(နေအိမ်မှကားများ နံနက် ၉:၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးစောရှား(လ်)မိန်းလှ
### အ.ထ.က(၄)၊မင်္ဂလာတောင်ညွန့်
### အသက် (၈၈)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန် / ရှေ့ရပ်ကွက်၊ ဒေါ်သိန်းတင်လမ်းနေ အ.ထ.က (၄)မင်္ဂလာတောင်ညွန့်တွင် အထက်တန်းပြဆရာတာဝန်ထမ်းဆောင်ခဲ့သော ဆရာ ဦးစောရှားလမိန်းလှသည် (၂၄.၄.၂၀၂၂) ရက်နံနက်(၀၉၃၀)အချိန်တွင် ခရစ်တော်၌ အိပ်ပျော်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

အငြိမ်းစားကန်တော့ခံဆရာ၊ ဆရာမများ၏ ကျန်းမာရေးကူညီစောင့်ရှောက်မှုကော်မတီ
အ.ထ.က(၄) မင်္ဂလာတောင်ညွန့်

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါက်တာ ခင်မမ

တွဲဖက်ပါမောက္ခ၊ ခန္ဓာဗေဒဌာန၊ ဆေးတက္ကသိုလ်-၁၊ ရန်ကုန်(ငြိမ်း)

### အသက်(၇၁)နှစ်

ဆေးတက္ကသိုလ်(၁)ရန်ကုန်မှ အငြိမ်းစား တွဲဖက်ပါမောက္ခဒေါက်တာခင်မမ (ခေတ္တ-မလေးရှား)သည် ၂၁-၄-၂၀၂၂ရက် မြန်မာစံတော်ချိန် မွန်းလွဲ ၁၂:၃၀နာရီတွင် ကွယ်လွန်အနိစ္စရောက်ရှိသွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

ခန္ဓာဗေဒဌာန မိသားစု
ဆေးတက္ကသိုလ်(မကွေး)

## ဝမ်းနည်းကြေကွဲခြင်း
## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်နွဲ့နွဲ့ဝင်း
### အသက်(၆၈)နှစ်

မဟေသီ ၁၅ ညီအစ်မများရဲ့ ချစ်လှစွာသော သူငယ်ချင်း အန်တီနွဲ့ တို့ညီအစ်မတွေကို မမျှော်လင့်ဘဲ ရုတ်တရက်ခွဲခွာသွားတဲ့အတွက် ပြောမပြနိုင်အောင် ဝမ်းနည်းကြေကွဲရပါတယ်။ အန်တီနွဲ့ ကောင်းရာမွန်ရာဘဝ ရောက်ရှိပါစေ။


မဟေသီ ၁၅ ညီအစ်မများ

## ဝမ်းနည်းကြေကွဲခြင်း
## မောင်သာထက်(ခေတ္တ-စင်ကာပူ)
### အသက်(၃၉)နှစ်

စင်ကာပူနိုင်ငံနေ မခိုင်ဇာနှင်း၏ ချစ်လှစွာသောခင်ပွန်း၊ ကျွန်တော် ကျွန်မတို့၏ ချစ်လှစွာသောငယ်သူချင်း မောင်သာထက်သည် စင်ကာပူနိုင်ငံ KTPH ဆေးရုံ၌ ၁၈-၄-၂၀၂၂ရက် နံနက် ၇:၅၆နာရီတွင် အသည်းရောဂါဖြင့် ကွယ်လွန်ခဲ့ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

သံပြား၊ အဘွားကြီး၊ ဘိုးမင်းခေါင်၊ အထုပ်

## သင့်သွေးဖြင့် အသက်ကယ်ပါ



## ပုလောမြို့နယ်အသင်း(ရန်ကုန်)
### ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဘဒ္ဒန္တ ကုဏ္ဍလ မဟာထေရ်
### ဆီတောင် သာသနာ့ရိပ်သာ ဦးစီးပဓာန နာယက မဟာနာယကဆရာတော်
### သက်တော်(၉၀)၊ သိက္ခာတော်(၆၉)ဝါ

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ ပုလောမြို့နယ်၊ ရှပ်ပုံစံပြကျေးရွာ၊ ဆီတောင်သာသနာ့ရိပ်သာ၊ ဦးစီးပဓာန နာယကဆရာတော် သာသနဓဇ ဓမ္မာစရိယ၊ မဟာကမ္မဋ္ဌာနာစရိယ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ ပုလောမြို့နယ်ဩဝါဒါစရိယ၊ မဟာစည်သာသနာ့ရိပ်သာ ဩဝါဒခံဆရာတော် ဘဒ္ဒန္တကုဏ္ဍလမဟာထေရ်သည် (၁၃၈၄ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၅ရက်) ၂၀-၄-၂၀၂၂ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁:၀၅နာရီတွင် ဘဝနတ်ထံ ပျံလွန်တော်မူသွားပါသဖြင့် (၁၃၈၄ ခုနှစ် တန်ခူး လပြည့်ကျော် ၁၃ ရက်)၂၈-၄-၂၀၂၂ရက်(သောကြာနေ့)မွန်းလွဲ ၁နာရီတွင် ဂူသွင်းပူဇော်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ တပည့်ဒါယကာ၊ ဒါယိကာမများအား အသိပေး အကြောင်းကြားအပ်ပါသည်။

နာယက၊ အမှုဆောင်များ
ပုလောမြို့နယ်အသင်း(ရန်ကုန်)

## အထူးဝမ်းနည်းကြေကွဲခြင်း

ကျေးဇူးရှင် ဆရာကြီး ဦးစိန်လှ (နိုတြီပဗ္ဗလစ်နှင့်တရားလွှတ်တော်ရှေ့နေ)ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

| တရားလွှတ်တော်ရှေ့နေများ | အထက်တန်းရှေ့နေများ |
|---|---|
| ဒေါ်ချိုချိုဝင်း | ဒေါ်နွေးနွေးလှိုင် |
| ဒေါ်အေးအေးမြင့် | ဦးထိန်လင်းအောင် |
| ဒေါ်နိုင်နိုင်ရွှေ | |
| ဒေါ်မာလာစန်း | |
| ဒေါ်ဝါဝါလှိုင် | |
| ဒေါ်ဇင်မာသက် | |

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ဝင်းဝင်းမြင့်(Lily Shein)
### အသက်(၇၀)နှစ်

ဦးခင်မောင်ဌေး(Co-Founder and Director of Forever Group)-ဒေါ်သီတာလွင်တို့၏ အစ်မကြီး ဒေါ်ဝင်းဝင်းမြင့် (Lily Shein)သည် ၂၂-၄-၂၀၂၂ရက်တွင် ထိုင်းနိုင်ငံ၌ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

MRTV-4, Channel 7
Forever Group မိသားစု

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက် ကြီး(၅)၊ ကွင်း/အကွက်အမှတ်(RA-V̲) ကွက်ပြင်ရပ်၊ ဦးပိုင်အမှတ်(၂၈-ဘ)၊ မြေယာအ မှတ်(21)၊ မြေဧရိယာ(၀.၁၁)ဧကရှိ မြေကို မူလမြေငှားဂရန်အမည်ပေါက် ဒေါ်တွမ်ကျင်လန်(ခ) ဒေါ်ခင်ရီထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသူ ဦးမျိုးသူရထွန်း ၉/ပဥလ(နိုင်) ၀၁၈၁၇၀ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဦးဇော်လင်း ၁၂/စခန(နိုင်) ၀၅၁၁၈၅မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ အထက်အဆိုပါအရောင်းအဝယ်ကိစ္စအား ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ဆက်သွယ်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စရပ်အား ဥပဒေနှင့်အညီ တရားဝင်ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ

| ဦးအောင်ကုဋ္ဌေထွန်း(LL.B) | ဒေါ်နှင်းသန္တာဖြူ(LL.B) | ဒေါ်မေမြတ်နိုး(LL.B) |
|---|---|---|
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ |
| (စဉ်-၁၁၇၁၂) | (စဉ်-၁၁၆၇၆) | (စဉ်-၁၆၉၇၂) |

အမှတ်(၂၅၀)၊ ပြည်တော်သာ(၅)လမ်း၊ ရပ်ကွက်ကြီး(၅)၊ ပြင်ဦးလွင်မြို့
ဖုန်း-၀၉-၄၀၂၆၁၇၂၂၁၊ ၀၉-၄၃၁၇၂၀၄၅

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်းကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့နယ်၊ ကင်မွန်းခြံကျေးရွာအုပ်စု၊ ပျဉ်းမပင်ကျေးရွာနေ ဦးစောမိုးဇက်-ဒေါ်စမ်းစမ်းအေးတို့၏ သားမောင်ကျော်ဇင်မိုး ၇/ဖမန(နိုင်) ၂၅၆၁၉၂ သည် မိဘများ၏ဆိုဆုံးမမှုကိုနာခံခြင်းမရှိဘဲ မိဘနှင့်ညီအစ်ကိုမောင်နှမများအပေါ် အကြိမ်ကြိမ် အမျိုးမျိုးစိတ်ဆင်းရဲအောင်ပြုလုပ်ပြီး ၂၂-၄-၂၀၂၂ရက်တွင် မိမိသဘောဆန္ဒအလျောက် နေအိမ်မှထွက်ခွာသွားပါသဖြင့် ယနေ့မှစပြီး သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို တာဝန်ယူဖြေ ရှင်းပေးမည်မဟုတ်ပါ။

ဦးစောမိုးဇက်-ဒေါ်စမ်းစမ်းအေး

ဒို့နိုင်ငံဟာ နေရာဒေသအလိုက် ပထဝီအနေအထား၊ တိုင်းရင်းသားလူမျိုးစုများ၊ ဘာသာစကား၊ ကိုးကွယ်ယုံကြည်မှုစတဲ့ မတူကွဲပြားမှုများစွာနဲ့ သမိုင်းအစဉ်အဆက်မှာ အတူတကွ ပေါင်းစည်းနေထိုင်ခဲ့ကြတာဖြစ်ပြီး ရေမြေပိုင်နက်နယ်နိမိတ်နဲ့ အချုပ်အခြာအာဏာပိုင် တည်တံ့ခိုင်မြဲပြီး ခိုင်မာတဲ့သမိုင်းကြောင်းရှိတဲ့ ပြည်ထောင်စုနိုင်ငံဖြစ်တယ်။

ဒီလိုသမိုင်းကြောင်း အစဉ်အဆက်မှာ တိုင်းရင်းသားများနဲ့ ပေါင်းစည်းနေထိုင်လာခဲ့တဲ့ ပြည်ထောင်စုဖြစ်တဲ့ အပြင် ဒို့ရဲ့အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် " ပြည်ထောင်စု (Union) " ဆိုတဲ့စကားကို ရွေးချယ်ပေးခဲ့တာဖြစ်တဲ့အတွက် မိမိတို့အနေနဲ့ အလေးထားအကောင်အထည်ဖော်နေတာဖြစ်တယ်။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်၏ (၇၇) နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြ အခမ်းအနားတွင် ပြောကြားခဲ့သည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ စီးပွားရေး

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ လူမှုရေး

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

## ၂၀၂၁-၂၀၂၂ ပညာသင်နှစ် အခြေခံပညာအဆင့် ပထမတန်းမှ နဝမတန်းအထိ စာမေးပွဲအောင်စာရင်းများ ထုတ်ပြန်ကြေညာ

နေပြည်တော် ဧပြီ ၂၄

၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် မတ်လအတွင်းက ကျင်းပခဲ့သည့် အခြေခံပညာအဆင့် Grade 1 (ပထမတန်း)မှ Grade-10 (နဝမတန်း)အထိ စာမေးပွဲအောင်စာရင်းများကို ယနေ့နံနက်ပိုင်းက နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့ရှိအခြေခံပညာကျောင်းအသီးသီး၌ ထုတ်ပြန်ကြေညာပေးခဲ့ကြောင်း သိရသည်။

အဆိုပါ အခြေခံပညာအဆင့် စာမေးပွဲများအနက် Grade-9 စာမေးပွဲကို မတ် ၁၇ ရက်မှ ၂၃ ရက်အထိ

စာမျက်နှာ ၂၅ ကော်လံ ၄ ❖



## ယနေ့ သတင်း အညွှန်း

မြဝတီမြို့ မြန်မာ-ထိုင်းအမှတ်(၁) ချစ်ကြည်ရေးတံတား(မြန်မာဘက်ခြမ်း) မုခ်ဦးတွင် မော်တော်ယာဉ်ဖြင့် ဖောက်ခွဲဖျက်ဆီးမှုဖြစ်ပွား
ပြည်တွင်းသတင်း စာ - ၂၆

ပြင်သစ်သမ္မတ မက်ခရွန်နှင့် သမ္မတကိုယ်စားလှယ်လောင်း လီပန်တို့နှစ်ဦးကို ပြင်သစ်သမ္မတရွေးကောက်ပွဲအတွက် တစ်ကျော့ပြန်မဲပေး
နိုင်ငံတကာသတင်း စာ - ၁၃

## ပရီမီယာလိဂ်ပွဲစဉ် (၃၄) တွင် ပူလီဆစ်၏ နောက်ကျသွင်းဂိုးဖြင့် ဝက်စ်ဟမ်းကို ချယ်ဆီးအနိုင်ရ

ချယ်ဆီးအသင်းနှင့် ဝက်စ်ဟမ်းအသင်းတို့၏ ပရီမီယာလိဂ်ပွဲစဉ် (၃၄) ကို ဧပြီ ၂၄ ရက် ညပိုင်းက ချယ်ဆီးအိမ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ ချယ်ဆီးအသင်းက ပူလီဆစ်၏ နောက်ကျသွင်းဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ချယ်ဆီးအသင်းသည် ယခုအနိုင်ပွဲကြောင့် ပရီမီယာလိဂ် ၃၂ ပွဲကစားပြီး ၆၅ မှတ်ဖြင့် အဆင့် (၃) နေရာ တွင် ဆက်လက်ရပ်တည်နိုင်ခဲ့သည်။

စာမျက်နှာ ၂၅ ကော်လံ ၁ ❍

## ဆီးဂိမ်းပြိုင်ပွဲအကြို တောင်ကိုရီးယားနိုင်ငံ၌ ခြေစမ်းပွဲကစားရန် မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်း ထွက်ခွာ

ရန်ကုန် ဧပြီ ၂၄

(၃၁) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲအတွက် လေ့ကျင့်ပြင်ဆင်နေသည့် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် တောင်ကိုရီးယားနိုင်ငံ၌ ခြေစမ်းပွဲများကစားရန် ဧပြီ ၂၄ ရက် နံနက်ပိုင်းက ထွက်ခွာသွားသည်။

စာမျက်နှာ ၂၅ ကော်လံ ၁ ❒

